# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၄၂)


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးတက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) အကောင်အထည်ဖော် ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီ၏ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❇

**❍ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌ တည်ရှိနေသည့်အတွက် ပါဝင်ဆောင်ရွက်သွားရန်ရှိ**

**❍ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက်သာမက ဒေသအတွက်ကိုပါ အကျိုးဖြစ်ထွန်းစေမည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင်**

## အယ်နီညိုဖြစ်စဉ် ဧပြီလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် အနည်းငယ်မြင့်နေဆဲဖြစ်သည်။ ထို့ကြောင့် အယ်နီညိုဖြစ်စဉ်သည် ၂၀၁၉ ခုနှစ် ဧပြီလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားနိုင်ကြောင်း နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေး ဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

၂၀၁၉ ခုနှစ် (ဖေဖော်ဝါရီ-မတ်-ဧပြီ)လအထိ အယ်နီညိုဖြစ်ပေါ်နိုင်မှု ရာခိုင်နှုန်းမှာ ၆၅ ရာခိုင်နှုန်းအထိရှိနိုင်ပြီး ၂၀၁၉ ခုနှစ် (ဧပြီ-မေ-ဇွန်)လတို့တွင် ၅၀ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ် (ဇွန်-ဇူလိုင်-ဩဂုတ်)လတို့တွင် ၄၃ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျလာနိုင်ကြောင်းကို အယ်နီညိုဖြစ်စဉ်အား နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာပင်လယ်ရေမျက်နှာပြင်အပူချိန် လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

မိုး/ဇလ


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကလေးကဗျာ ကလေးစာပေ

အာရှ၊ ဥရောပ၊ အာဖရိက၊ အမေရိက ကမ္ဘာတစ်လွှားရှိ မည်သည့်အရပ်က မည်သည့်နိုင်ငံများတွင်မဆို သားချော့တေးဟူ၍ ရှိ၏။ အရှေ့အနောက်ဖြစ်စေ၊ အသားဖြူသည်ဖြစ်စေ၊ အသားမည်းသည် ဖြစ်စေ၊ မည်သည့်ဒေသ မည်သည့်လူမျိုးတွင်မဆို ကလေးသူငယ်များကို ဦးစားပေးခြင်း ချစ်ခင်ခြင်းဟူသည့် မေတ္တာအရင်းခံသော သားချော့တေးတို့ ရှိကြသည်ချည်း။ မိခင်စိတ်ဖြင့် ကလေးငယ်များကို ချော့မြူသော သားချော့တေး မဟုတ်ပါလား။

လူတိုင်းငယ်ဘဝကို ဖြတ်သန်းခဲ့ကြဖူးပြီး ကလေးကဗျာများ၊ သားချော့တေးများကို ယဉ်ပါးခဲ့ကြဖူးသည်သာ ဖြစ်၏။ ကလေးကဗျာများကို စွဲလမ်းစွာ နားဆင်ခဲ့ကြဖူးသလို ပျော်ရွှင်စွာရွတ်ဆိုခဲ့ကြဖူးသူများသာ။ အို... အေးအေး...က အစပြု၍ ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်ခဲ့ဖူးကြသူများ၊ ခေါင်းအုံးကြီးကို မြင်းပျံလုပ်စီးခဲ့ကြသူများ၊ နေလုံးနီနီ ညနေစောင်းမှာ အမေ့ကျောင်းကို တက်ခဲ့ကြဖူးသူများ အများအပြား ရှိပါမည်။ ရွှေတိဂုံကို မြင်လျှင် ရန်အောင် ဦးချအင်းကဲ့သို့သော၊ အမယ်ကြီးတွေ ချမ်းလွန်လွန်းလို့ နှစ်ပတ်ကျွမ်းကို ထိုးကြတယ်ကဲ့သို့သော ညွတ်နူးစရာ ရွှင်မြူးစရာများနှင့် ကြီးပြင်းခဲ့ရသူများလည်း ရှိပါမည်။

ကလေးကဗျာများတွင် အထူးခြားဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံးမှာ အသံချိုခြင်း၊ လိုက်လံရွတ်ဆိုရလွယ်ကူ၍ ပျော်ရွှင်ရခြင်းတို့ဖြစ်သည်ဟု ထင်မြင်ပါသည်။ အကြောင်းအရာတို့ကလည်း ရယ်မောဝမ်းသာ နှစ်ခြိုက်စရာတို့ ဖြစ်တတ်သလို အားတက်စရာ အံ့ဩရင်သပ် စိတ်လှုပ်ရှားစရာတို့လည်း ဖြစ်ပါသည်။

မြန်မာစာပေနယ်၌ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီး ဒေါက်တာမောင်ဖြူး၊ ဆရာကြီးတင်မိုးစသည့် ကဗျာဆရာကြီးများ၏ ကလေးကဗျာများက အလွန်ပင် ထင်ရှားများပြားစွာ ရှိပါသည်။ ဆရာကြီးဇော်ဂျီ၏ 'လတာမှာ နေလှန်းလို့ ကနန်းက ယက်ကန်ကန် ပြုံးတဲ့မျက်ဆန်' လို ကဗျာဆိုလျှင် ကဗျာဖတ်နေရင်း သို့မဟုတ် ကဗျာရွတ်နေရင်း ကလေးများ၏ မျက်စိထဲတွင် သဘာဝတရားနှင့် ယှဉ်တွဲမြင်ယောင်ကာ စွဲလမ်းကြရမည်ဖြစ်ပါသည်။

ကလေးကဗျာများသည် ဆုံးမသံ၊ လူကြီးသံ၊ ပညာပေးသံတို့ဖြင့် ထုံမွှမ်းစရာမလိုအပ်လှဘဲ ကလေးငယ်များ၏ လွတ်လပ်စွာနေလိုသော၊ ရိုးရိုးစင်းစင်းနှင့် လွတ်လပ်သော အတွေးများနှင့် ပြည့်စုံပေါ်လွင်နေခြင်းဖြင့် ကလေးငယ်တို့၏ ရင်တွင်းထိခိုက် စွဲမက်ကြမည်ဟု မြင်ပါသည်။

ကလေးတို့သဘာဝ ရေမြေတောတောင် အကောင်ဗလောင်များကို စူးစမ်းချင်မည်၊ ချစ်မည်၊ သူရဲကောင်းပုံပြင်များကို နားထောင်ချင်မည် မဟုတ်ပါလော။ ဆရာမကြီး ကြည်အေး၏ အမေရေ... ဟိုတောင်တောက သစ်ကျားဆင်တွေပေါ်တဲ့ ပုံပြောမယ်ဆို အစချီ ကဗျာလေးဆိုလျှင် အစချီသည်နှင့် အဆုံးထိ သိချင် ဖတ်ချင် ရွတ်ချင် လာရသည် မဟုတ်ပါလော။

ကလေးကဗျာများက ကလေးများကို စာပေနှင့် ထိတွေ့မိတ်ဆက်ပေးရာတွင် လွန်စွာနူးညံ့ကာ လွန်စွာစွဲလမ်းစေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ယနေ့ကာလ ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းနေကြချိန်တွင် ကလေးကဗျာများ များစွာပေါ်ထွန်းရေးကို အားပေးကြရန် လိုအပ်သည်ဟု ယူဆပါသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးစုများစွာဖြင့် ဖွဲ့စည်းထားသည့်အလျောက် ဒေသအသီးသီးရှိ တိုင်းရင်းသား ဘာသာအသီးသီးတို့၏ အသံများ အသုံးအနှုန်းများဖြင့် ဝေဆာနေသည့် ကလေးကဗျာများ ရှိနေသည်ကိုလည်း ဖော်ထုတ်ကြရန် သင့်ပါသည်။

တိုင်းရင်းသားတို့၏ ကလေးကဗျာများ၊ သားချော့တေးများသည် တိုင်းရင်းသား ဘာသာစကား အမျိုးမျိုးပေါ်တည်၍ နရီ စည်းဝါး အသံကာရန် အမျိုးမျိုးရှိမည်ဖြစ်သော်လည်း ကလေးငယ်တို့ ရွတ်ဆိုရွှင်မြူးဖွယ် ကြွယ်ကြွယ်ဝဝ ရှိနေမည်ကား အမှန်ပင် ဖြစ်ပါ၏။

ရခိုင်တိုင်းရင်းသားတို့၏ သားချော့တေးများ၊ တောင်ရိုးခနေ တိုင်းရင်းသား တို့၏ သားချော့တေးများ စသည့် စာအုပ်များပေါ် ထွက်ခဲ့ဖူးသည်ကို နမူနာပြု၍ တိုင်းရင်းသားပညာရှင်တို့၏ ခေါင်းဆောင်မှုဖြင့် ရှာဖွေဖော်ထုတ်သင့်လှသည်ဟု ယူဆပါသည်။

နှစ်ကာလများစွာ စစ်ပွဲများ၊ ပဋိပက္ခများ၊ ဖိနှိပ်မှုများ၊ ခွဲခြားဆက်ဆံမှုများတို့ဖြင့် ယဉ်ကျေးမှုမျက်နှာစာကို အလေးမထားခဲ့သည်ကို ပြန်လည်ပြင်ဆင်တည့်မတ်ကြရန် သင့်လှပါပြီ။

ကလေးငယ်များ၏ အနာဂတ်သည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည့်အားလျော်စွာ ကလေးစာပေတိုးတက်ဖွံ့ဖြိုးရေးနှင့်အတူ ပြည်ထောင်စု တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများကို စုဆောင်းကြ ဖော်ထုတ်ကြဖို့ လိုအပ်ပြီဟု ယုံကြည်မိပါကြောင်း။ ။



# စမြုံတော်ဓာတ်နှင့် ဂူဝဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၏ မြောက်ဘက် ရန်ကုန်-စစ်တွေ ကားလမ်းမဘေးတွင် တည်ရှိသော စမြုံတော်ဓာတ်နှင့် ဂူဝဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ယမန်နေ့က ဝိမုတ္တိသုခ ပြည်လုံးချမ်းသာ လျောင်းတော်မူဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ၊ သံဃာ့ဒါန ဆွမ်းကျွေးပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပျော်ပွဲ၊ ရွှင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ပင့်သံဃာတော်များနှင့် သီလရှင်များကို ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

စမြုံတော်ဓာတ်စေတီကို သာသနာသက္ကရာဇ်၂၂၂ ခုနှစ်တွင် အမြင့်ပေ ၂၃၀ ရှိ သလ္လာမယတောင်ထိပ်တွင် ရခိုင်-ဓညဝတီပြည်ရှင် သူရိယစက္ကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ဗုဒ္ဓဗျာဒိတ်တော်ဝင် စမြုံတော်ဓာတ်စေတီဟု ခေါ်တွင်ခဲ့သော ဓာတ်တော်တစ်ဆူဖြစ်ပြီး ဂူဝဘုရားသည်လည်း ရခိုင်ဘုရင်မင်းဗာဘုရင်မင်းမြတ်က ကောဇာသက္ကရာဇ် ၉၉၇ ခုနှစ်တွင် အမြင့် ၂၂ ပေ ရှိသော ကျောက်တုံးကြီးကို ဂူပေါက် ၁၁ ပေါက်ဖောက်ထွင်းကာ ဂူဘုရားများကို ထွင်းထုပြီး တည်ထားကိုးကွယ်ပူဇော်တော်မူခဲ့ကြောင်း ဘုရားသမိုင်း၏ အထောက်အထားအရ လေ့လာသိရှိရသည်။

ယမန်နေ့က စမြုံတော်ဓာတ်နှင့် ဂူဝဘုရားစောင်းတန်း တစ်လျှောက်တွင် ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော် ၁၆၅ ပါးနှင့် သီလရှင်အပါး ၂၀ တို့ကို စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပေးခဲ့ကြကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

# ခိုင်ကမ်းမြို့၌ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ချင်းအမျိုးသားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ခိုင်ကမ်း ဖေဖော်ဝါရီ ၁၈**

ချင်းလူမျိုးများ၏ သမိုင်းဝင်နေ့ထူး ၊ နေ့မြတ်တစ်ခုဖြစ်သော ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သည့် (၇၁) နှစ်ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲနှင့် ပျော်ပွဲ ရွှင်ပွဲများလည်း ဖေဖော်ဝါရီ ၁၉ ရက်မှစတင်ကာ ခိုင်ကမ်းမြို့ မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ချင်းအမျိုးသားနေ့ပွဲတော်သည် ချင်းလူမျိုးများ၏ စည်းလုံးညီညွတ်မှု၊ ရဲရင့်ပြတ်သားမှုနှင့် အမြော်အမြင်ရှိမှုတို့ကို ပြသလိုက်သည့်ပွဲဖြစ်သကဲ့သို့ ချင်းလူမျိုးများသည် ခေတ်နှင့်မညီတော့သည့် တိုက်သူကြီး ( စော်ဘွား ) အုပ်ချုပ်ရေးစနစ်မှ လူအများ ရွေးချယ်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်အတည်ပြုသည့်နေ့ဖြစ်သဖြင့် ချင်းလူမျိုးများသည် နိုင်ငံရေးအရ နောက်ကျကျန်ရစ်သည့် လူမျိုးမဟုတ်သည်ကို ပြသလိုက်ခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါ အစဉ်အလာကို မျိုးဆက်သစ်လူငယ်များက ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိရန်နှင့် ယနေ့ခေတ်လူငယ်များက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကို သိရှိကာ နိုင်ငံတော်နှင့် လူမျိုးအတွက် သားကောင်းရတနာများ ဖြစ်လာစေရေးတို့ ရည်ရွယ်ချက်ဖြင့် ချင်းအမျိုးသားနေ့ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ခိုင်ကမ်းမြို့တွင် ကျင်းပမည့် ချင်းအမျိုးသားနေ့အခမ်းအနားသည် ခိုင်ကမ်းမြို့တွင် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်း၊ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်း ဖတ်ကြားခြင်း၊ ရိုးရာသီချင်းနှင့် ရိုးရာအကများ ပြသခြင်း၊ ရိုးရာအစားအသောက်မျိုးစုံ ရောင်းချခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးစာဖတ်ခန်းများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ကလေးစာဖတ်ခန်းများ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် (၂၂/၂၄) ရှိ ယင်းဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြပြီး ပြည်သူ့စာကြည့်တိုက်လုပ်ငန်းစဉ်များ၊ ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်မှူး၏ တာဝန်၊ ကလေးများအတွက် စာအုပ်အမျိုးအစားနှင့် စာအုပ်များရွေးချယ်ခြင်း၊ Mobile ဝန်ဆောင်မှု၊ ကလေးများအတွက် ပုံပြင်ကမ္ဘာနှင့် ပုံပြင်၏အရေးပါပုံ၊ ကိုယ်လက်လှုပ်ရှားအားကစားနည်းများ၊ စက္ကူပြဇာတ်ဖြင့် ပုံပြောခြင်း စသည့်အကြောင်းအရာများကို နှစ်ရက်ကြာ ဆွေးနွေးကြမည်ဖြစ်သည်။



ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းပြီး နိုင်ငံတစ်ဝန်းတွင် ကလေးစာပေပွဲတော်များ စီစဉ်ကျင်းပလျက်ရှိပါကြောင်း၊ ထို့အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ခရိုင်နှင့်မြို့နယ်ရုံး၊ စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကလေးစာဖတ်ခန်းများ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးစာဖတ်ခန်းများသို့ ကလေးများ ဝင်/ထွက် သွားလာလိုစိတ် ဖြစ်ပေါ်လာအောင် ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး လာရောက်သည့် ကလေးများအတွက် အကျိုးရလဒ်ဖြစ်ထွန်းအောင် စီစဉ်ဆောင်ရွက် ပေးကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး H. E. Mr. Staffan Herrstrom အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မြဲအောင် တည်ဆောက်ရေး၊ လွှတ်တော် အရည်အသွေးမြှင့်တင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲ ၃ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွီဒင်နိုင်ငံ သံအမတ်ကြီး **H. E. Mr. Staffan Herrstrom** အား လက်ခံတွေ့ဆုံစဉ်။

❊ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဦးဆောင်အကောင်အထည်ဖော်မည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းမှာ ကမ္ဘာ့နိုင်ငံ ၆၀ ကျော် ပါဝင်ပတ်သက်လျက်ရှိပြီး အခြေခံအဆောက်အအုံဆက်သွယ်ရေးသာမက ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မည့် ကျယ်ပြန့်သောအစီအစဉ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌ တည်ရှိနေသည့်အတွက် ပါဝင်ဆောင်ရွက်သွားရန်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက်သာမက ဒေသအတွက်ကိုပါ အကျိုးဖြစ်ထွန်းစေမည့်အခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင်ကြောင်း၊ သို့သော် စီမံကိန်းများကိုဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားအတွက် မျှမျှတတဖြစ်အောင် မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ချက်ကို အလေးပေး ပြောကြားလိုပါကြောင်း၊ စီမံကိန်းများကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် ရေတိုအကျိုးဖြစ်ထွန်းရေးသာမက ရေရှည်အကျိုးကိုပါ ရှုထောင့်အမျိုးမျိုးက လေ့လာစိစစ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင် ဆောင်ရွက်မည့် စီမံကိန်းများသည် မိမိတို့နိုင်ငံ၏ အမျိုးသားစီမံကိန်းများ၊ မူဝါဒများ၊ ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်ကြောင်းစသည်ဖြင့် ထည့်သွင်းပြောကြားသည်။

**အချိတ်အဆက်မိမိ ညှိနှိုင်း**

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့်ပတ်သက်၍ ဒေသတွင်းနိုင်ငံများ၏ အတွေ့အကြုံများကို ဦးစွာလေ့လာပြီး မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ်လိုအပ်ပြီး ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းမှုရှိစေမည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များကို မှန်ကန်စွာရွေးချယ်သွားကြရန် ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့်လမ်းကြောင်း အစီအစဉ်ကို ကြီးကြပ်ကွပ်ကဲရေး၊ အကောင်အထည်ဖော်ရေးတို့အတွက် ဖွဲ့စည်းထားရှိသည့် ကော်မတီအသီးသီးက လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ကြမှသာလျှင် ပိုမိုထိရောက်မှုရှိမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ပိုမိုထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း ထည့်သွင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးလုပ်ငန်းတိုးတက်မှု အခြေအနေနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လည်းကောင်း၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ လုပ်ငန်းတိုးတက်မှုအခြေအနေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း၏ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်နှင့်ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ရန် အခြေအနေများကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

**ဆွေးနွေးတင်ပြ**

ထို့ပြင် အစည်းအဝေးသို့ တက်ရောက်လာသူများက ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိမိတို့ဌာနအလိုက် ဆောင်ရွက်မှုအခြေအနေများနှင့် သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြသည်။

**အစည်းအဝေးကို ရုပ်သိမ်း**

ထို့နောက် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြမှုများအပေါ် ဖြည့်စွက်၍ လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဗဟိုလုပ်ငန်းအဖွဲ့ အနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ ယုံကြည်စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ပေါင်းစပ်ညှိနှိုင်း**

ဗဟိုလုပ်ငန်းအဖွဲ့ အနေဖြင့် ရှေ့ဆက်၍ လက်ရှိ အထူးစီးပွားရေးဇုန်များ၏ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အထူးစီးပွားရေးဇုန်များ ထပ်မံ၍တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီများ၏ လက်ရှိဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်နှင့်တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက (၁/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ် ချက်များနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြောကြားပြီး သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက် ဆွေးနွေးသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# တရားမ အထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု (၄)မှုနှင့် တရားမအထူးအယူခံမှု (၂)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံး ပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု (၄)မှုနှင့် တရားမအထူး အယူခံမှု(၂)မှု ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၈၆)၊ (၈၇)၊(၈၈) သင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၈၆)၊(၈၇)၊(၈၈)ကို ယနေ့ နံနက် ၈ နာရီတွင် နဝရတ်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပါမောက္ခချုပ် ဦးအောင်တင်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

**ရက်သတ္တလေးပတ် ကြာမြင့်မည်**

ယင်းသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကျောင်းအုပ်ကြီး/ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနကြီးမှူး/ပါမောက္ခ(ပညာဌာနမှူး)များ၊ ဌာနမှူး/တွဲဖက် ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ်(၈၆)၊ (၈၇)၊ (၈၈)သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဦးစီးမှူးအဆင့်ရှိ သင်တန်းသား ၁၆၇ ဦး၊ သင်တန်းသူ ၂၂၄ ဦး စုစုပေါင်း ၃၉၁ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် IDEA မြန်မာရုံးဌာနအကြီးအကဲ Mr.Mark McDowell တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် တရုတ်- မြန်မာ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စ၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းများနှင့် လွှတ်တော်ရေးရာလုပ်ငန်းများ၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**လက်ခံတွေ့ဆုံ**

အလားတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် International IDEA မြန်မာရုံး၏ ဌာနေအကြီးအကဲ Mr. Mark McDowell အား မွန်းလွဲ ၃ နာရီခွဲတွင် အဆိုပါ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် International IDEA အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍဖြစ်သော တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာများနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက်မှု မြှင့်တင်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ်နိုင်ငံ အကောင်အထည်ဖော်ရေးအတွက် အခြေခံလိုအပ်ချက်များနှင့် စပ်လျဉ်း၍ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✤ *ကျောဖုံးမှ*

ပြောကြားသည်။

ဆင်ပြောင်ရေယာဉ်သည် ကမ်းရိုးတန်းတစ်လျှောက်ရှိ မီးပြတိုက်များ၊ ရေကြောင်းပြဗော်ယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရခိုင်ကျွန်းပတ်ခရီးစဉ်အဖြစ် ရေယာဉ်ဝန်ထမ်း ၂၅ ဦး၊ မီးပြတိုက်ဝန်ထမ်း ကိုဦးအပါအဝင် စုစုပေါင်း ၃၄ ဦး တင်ဆောင်ကာ ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာသွားခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၆ နာရီတွင် မီးပြကျွန်းသို့ ရောက်ရှိကြောင်း



ဦးအေးလွင်(ဌာနမှူး၊ မီးပြတိုက်)

ရုံးချုပ်သို့ ဆက်သွယ်သတင်းပေးပို့ပြီး မီးပြဝန်ထမ်း ကိုဦးက မာန်အောင်ကျွန်း မီးပြပေါ်တက်ရောက်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ဆင်ပြောင်ရေယာဉ်သည် ရေယာဉ်ဝန်ထမ်း ၂၅ ဦးနှင့် မာန်အောင်ကျွန်း မီးပြမှ ဒေသခံ မီးပြဝန်ထမ်း (နေ့စား)တစ်ဦးအပါအဝင် ၂၆ ဦးသည် မာန်အောင်ကျွန်းမီးပြမှ တစ်မိုင်ခွဲအကွာ ပင်လယ်ပြင်တွင် ကျောက်ချအခြေပြုနေခဲ့ကြောင်း သိရသည်။

**ရေယာဉ်ဝန်ထမ်းခုနစ်ဦး ကယ်ဆယ်ရရှိ**

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၄ နာရီခန့်တွင် မီးပြကျွန်းအခြေပြုအဖွဲ့သည် ကျောက်ချထားသည့် ဆင်ပြောင်ရေယာဉ်၏ မီးရောင်ပျောက်နေပြီး ခရာမှုတ်အချက်ပေးသံ ကြားရသဖြင့် အဆက်အသွယ်ပြုလုပ်ခဲ့ရာ ဆက်သွယ်မှုမရခဲ့ပေ။ မီးပြအဖွဲ့သည် ဒေသခံ လှေနှစ်စင်းဖြင့် သွားရောက်ခဲ့ရာ ဆင်ပြောင်ရေယာဉ်ကို မတွေ့ရှိတော့ဘဲ ပင်လယ်ပြင်တွင် မျောပါနေသည့် ရေယာဉ်ဝန်ထမ်းခုနစ်ဦးကိုသာ ကယ်ဆယ်ရရှိခဲ့သည်။



ဆင်ပြောင်ရေယာဉ်နစ်မြုပ်မှုမှ လွတ်မြောက်လာသည့် ရေယာဉ်ဝန်ထမ်းများ။

ဆင်ပြောင်ရေယာဉ် နစ်မြုပ်မှုသတင်းအရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ ပြင်ပရေငုပ်လုပ်ငန်း အဖွဲ့ဝင်များသည် ရန်ကုန်မှ တောင်ကုတ်သို့ မော်တော်ယာဉ်တန်းဖြင့် လည်းကောင်း၊ တောင်ကုတ်မှ အခင်းဖြစ်ပွားရာသို့ ရေယာဉ်များဖြင့် လည်းကောင်း သွားရောက်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ တပ်မတော်(ရေ)မှ ဆေးဘက်ဆိုင်ရာအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးသည့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည် နေ့ချင်းပင် မာန်အောင်မီးပြတိုက်သို့ ရောက်ရှိလာပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် တပ်မတော်(ရေ)မှ စစ်ရေယာဉ် နှစ်စင်း ရောက်ရှိလာပြီး ကျွန်းအပြင်တွင် ကျောက်ချကာ အသက်ကယ်လှေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုအခါ ဆင်ပြောင်ရေယာဉ်မှ ကျန်ရှိဝန်ထမ်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မီးပြတိုက်ဝန်ထမ်းများ၊ ပြင်ပရေငုပ်အဖွဲ့များ၊ တပ်မတော်(ရေ)မှ ရေငုပ်အဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်၊ ကြက်ခြေနီနှင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဆက်လက်ရှာဖွေကယ်ဆယ်လျက် ရှိကြောင်း သိရသည်။

ကယ်ဆယ် ရရှိထားသူများအား မေးမြန်းမှုအရ ရေယာဉ်အတွင်းသို့ ရေများအလုံးအရင်းဖြင့် ဝင်လာသည့်အတွက် ရေစုပ်ထုတ်ရန် ကြိုးစားနေစဉ် နာရီဝက်ခန့်အချိန်အတွင်း ဝဲဘက်သို့ စောင်းပြီး နစ်မြုပ်ခဲ့ကြောင်း သိရသည်။

**ရှာဖွေရေးလုပ်ငန်း ဆက်လက်လုပ်ဆောင်**

လက်ရှိအချိန်တွင် ကယ်ဆယ်ရရှိထားသူ ခုနစ်ဦးနှင့် အလောင်း ၁၂ လောင်းအပါအဝင် ၁၉ ဦး ပြန်လည်ရရှိထားသည့်အတွက် ခုနစ်ဦး ပျောက်ဆုံးလျက်ရှိပြီး ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ သင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ အချက်အလက်များ ဆက်လက်ရှာဖွေဆဲ ဖြစ်ကြောင်း၊ ဆင်ပြောင်ရေယာဉ်သည် ၁၉၅၉ ခုနှစ်တွင် ဟောင်ကောင် ပစိဖိတ်အိုင်လန်တွင် တည်ဆောက်ခဲ့ပြီး အလျား ၁၉၄ ပေ၊ အနံ ၃၉ ပေ၊ ရေစူး ၁၁ ပေရှိကာ တစ်နာရီလျှင် ရေမိုင် ခုနစ်မိုင် ခုတ်မောင်းနိုင်ကာ တန်ချိန် ၇၄၂ ဒသမ ၂၀၁၈ တန်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-အာကာစိုး**



ရေယာဉ်ဝန်ထမ်းများအား ကယ်ဆယ်ခဲ့သည့် မီးပြဝန်ထမ်းများ။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် အဓိကလုပ်ငန်းတာဝန်ကြီး (၃) ရပ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းတို့ကို နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းတာဝန်များသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်ကြရန် အထူးလိုအပ်ကြောင်း၊ ယခုသင်တန်းကို ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ သိရှိနားလည် ကျွမ်းကျင်ပိုင်နိုင်ရန်၊ ဌာန၏ လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်၊ ဝန်ထမ်းကျင့်ဝတ်နှင့် စည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာကျင့်သုံးနိုင်ရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်ရန်နှင့် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံ၍ ဝန်ဆောင်မှုပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ် သင်ကြားပို့ချခြင်း ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ချိန်မှစ၍ ဘာသာရပ်ဆိုင်ရာ သင်တန်းများ တက်ရောက်ရမည့်အပြင် ရာထူးအဆင့်အလိုက် စွမ်းရည်မြှင့်သင်တန်းများ တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး လုပ်ငန်းများကိုတစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဌာနသည် ဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များအရ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရပြီး ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူများ နားလည်သဘောပေါက်ရန် အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် လက်ရှိကျင့်သုံးနေသည့် ဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ကျွမ်းကျင်နှံ့စပ်စွာ သိရှိနားလည်ကြရန် လိုအပ်၍ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို အတွေ့အကြုံရှိကြသည့် အရာရှိများက သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကပို့ချသည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြပြီး လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချသွားကြရမည်ဖြစ်ကြောင်း၊ ဌာန၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ချမှတ်သည့် မူဝါဒကောင်းမွန်ရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများ၏ ကောင်းမွန်သည့် စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်မြင့်မားရန်လည်း အရေးကြီးကြောင်း၊ ယခုသင်တန်းတွင် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများအပြင် ဝန်ထမ်းများ သိသင့်သိအပ်သည့် ဗဟုသုတအကြောင်းအရာများကို သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်သဖြင့် ဂရုတစိုက်လေ့လာမှတ်သားကြရန် လိုအပ်ကြောင်း မှာကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ယခုသင်တန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး နေပြည်တော်ရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမှုထမ်းဝန်ထမ်း ၆၅ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် နှစ်ပတ်လည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရေး အစည်းအဝေးတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Yonsei University ၌ ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသော ဒုတိယအကြိမ် နှစ်ပတ်လည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရေး အစည်းအဝေးသို့ တက်ရောက်ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**

အဆိုပါ အစည်းအဝေး၌ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံသော သာတူညီမျှကျန်းမာရေး (Universal Health Coverage - UHC) ရရှိရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ကမ္ဘာလုံးဆိုင်ရာ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများမှ ဝိုင်းဝန်းကူညီနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ UHC နှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားရေးအတွက် ကျန်းမာရေးဆိုင်ရာ စံပြု အချက်အလက်များစာအုပ်ကို တိုင်းရင်းသားဘာသာစကား ၅၀ ဖြင့် ဘာသာပြန်ဆိုထားပြီး အသုံးပြုသူ အခြေခံကျန်းမာရေး ဝန်ထမ်းများ အဆင်ပြေလွယ်ကူရန် Mobile Tablet များအတွင်း ထည့်သွင်းထားရှိ၍ မည်သည့်ကျန်းမာရေး ပြဿနာကိုမဆို အလွယ်တကူကြည့်ရှုနိုင်ပြီး ပြည်သူများအား ကျေးလက်ဒေသအထိ ကျန်းမာရေးအသိပညာပေးနိုင်မည် ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေး၊ ကျန်းမာရေးစာရင်းဇယားနှင့် သတင်းအချက်အလက်များ တိကျမှန်ကန်မှုရှိရေး၊ UHC နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ရည်မှန်းချက်များ ရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း ပါဝင်ဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Health Insurance Review and Assessment Service of the Republic of Korea (HIRA) ဥက္ကဋ္ဌ Mr. Kim Seung Taik ၊ HIRA International Group မှ Commissioner Mr. John Ryu၊ Korea Foundation for International Healthcare (KOFIH)၏ ဥက္ကဋ္ဌ Dr. Choo Moo Jin၊ Incheon Dental Association ၏ နာယက Dr. Jong-Sung Li တို့နှင့် သီးခြားစီတွေ့ဆုံ၍ ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးကြသည်။

အလားတူ Yonsei University Health System ၏ သင်ကြားရေးဆေးရုံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ၏ အဓိကဆေးရုံကြီးဖြစ်သော Severance Hospital ၌ Yonsei University Health System ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Professor Do-Heum Yong နှင့် တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အဆင့်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ပညာတော်သင်များနှင့် လေ့လာရေးအဖွဲ့များ စေလွှတ်ရေး၊ ဆေးတက္ကသိုလ်များတွင် သုတေသနဆိုင်ရာများ၊ ဘွဲ့ကြိုမှ စတင်သင်ကြားပေးနိုင်ရေးဆိုင်ရာများနှင့် မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးကြပြီး Severance Hospital အတွင်း ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)၌ အမေရိကန်နိုင်ငံ Henry Ford Hospital, Detroit, Michigan မှ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ ပါမောက္ခ Dr. Jack Rock၊ ဆွစ်ဇာလန်နိုင်ငံ Bern University Hospital မှ ပါမောက္ခ Dr. Philippe Schucht၊ ဆေးတက္ကသိုလ်(၁)နှင့်(၂)တို့မှ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပညာ ဆရာဝန်များ နိုင်ငံတကာတွင် သင်ကြားပို့ချလျက်ရှိသည့် သင်ရိုးညွှန်းတမ်း၊ သင်ကြားပုံနည်းစနစ်နှင့် ခေတ်မီကုထုံးနည်းစနစ်များ သိရှိလေ့ကျင့်နိုင်ရေးတို့ကို ဆွေးနွေးပြီး ဒုတိယအကြိမ်မြောက် အာဆီယံ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ လက်တွေ့သင်ကြားလေ့ကျင့်မှု အစီအစဉ်များကို လှည့်လည်ကြည့်ရှုသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဒုတိယအကြိမ် နှစ်ပတ်လည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရေး အစည်းအဝေး၌ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

အဆိုပါလက်တွေ့သင်ကြားမှု အစီအစဉ်၌ အမေရိကန်၊ ဆွစ်ဇာလန်၊ ကိုရီးယား၊ နီပေါ၊ စင်ကာပူ၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပါမောက္ခနှင့် အထူးကုဆရာဝန်ကြီး ၂၃ ဦးက ခေတ်မီဆေးပစ္စည်းကိရိယာများ၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနည်းစနစ်များ အသုံးပြု၍ လက်တွေ့သင်ကြားပြသပေးပြီး ကမ္ဘောဒီးယား၊ စင်ကာပူ၊ နီပေါ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဘွဲ့လွန်သင်တန်းသား/သူ ၁၅ ဦးနှင့် မြန်မာနိုင်ငံမှ ဘွဲ့လွန်သင်တန်းသား/သူ ၃၅ ဦး တက်ရောက်သင်ယူကြသည်။

**သတင်းစဉ်**

# ကျွန်တော်တို့နိုင်ငံကို လာရိုက်တော့ ဇာတ်ကားထဲမှာ ဘယ်လိုပဲပါသည်ဖြစ်စေ နိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာက ကောင်းကောင်းသိသွားမှာပဲ

ရဲမှူးချုပ်ဝင်းခေါင်(ငြိမ်း)


ဒါရိုက်တာကိုပေါက်


ရဲမှူးမျိုးအောင်မြင့်


ဒေါ်ဆွေဇင်ထိုက်


ရဲမှူးချုပ်ဝင်းခေါင်(ငြိမ်း)


နေထက်အောင်(သရုပ်ဆောင်)


အောင်မြင့်မြတ်(သရုပ်ဆောင်)

## တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်

**Line Walker -2 အက်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ကို ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိရာ ယနေ့တွင် ဇာတ်ဝင်ခန်းအချို့ကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်တွင် ဆက်လက်ရိုက်ကူးလျက်ရှိပြီး ပါဝင်သရုပ်ဆောင်ထားသည့် မြန်မာလူငယ်သရုပ်ဆောင်များ၊ အားဖြည့်ကူညီသူများနှင့် ရုပ်ရှင်ရိုက်ကွင်းသို့ လာရောက်လေ့လာသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်။**

**ဒါရိုက်တာကိုပေါက်**

ဒီမနက် တစ်ကတ်လေးကို အကြိမ် ၂၀ လောက်ရိုက်ပြီ ရိုက်နေကြတာ။ ကင်မရာတွေဆိုလည်း အများကြီးပဲ။ ကားနဲ့ရိုက်လို့ရတဲ့ ကင်မရာတွေနဲ့၊ နည်းစနစ်တွေနဲ့၊ လူအင်အားနဲ့ အားကျစရာ၊ လေးစားစရာပါ။ ဝင်ခွင့်ကတ် ထုတ်ပေးထားတော့ အနီးကပ်လေ့လာခွင့်ရတယ်။ ဒီရက်ပိုင်းအတွင်း ရှုတင်နားနေတော့ နေ့တိုင်းလိုလို လာကြည့်ဖြစ်မှာပါ။ အင်တာနေရှင်နယ် ကားဖြစ်တဲ့အတွက် ဘာဆိုဘာမှ နှိုင်းစရာကို မလိုဘူး။ အားကျစရာပါပဲ။

**အမှတ်(၇)ယာဉ်ထိန်းတပ်ဖွဲ့၊ ဒုတပ်ဖွဲ့ခွဲ ရဲမှူးမျိုးအောင်မြင့်**

ဒီနေ့က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်းတစ်လျှောက်ကို နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်ရယ်၊ လူကုန်ကူးမှုတွေကို တိုက်ဖျက်တဲ့နေရာမှာ နိုင်ငံတကာနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံကလည်း ပါဝင်ဆောင်ရွက်နေတာကို နိုင်ငံတကာက သိအောင်လို့ ရုပ်ရှင်ရိုက်ကူးမှုကို ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ကတော့ ရုပ်ရှင်ရိုက်ကူးတဲ့နေရာမှာ အဆင်ပြေချောမွေ့ဖို့ရယ်၊ ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာနဲ့ သွားလာနိုင်ဖို့ရယ် တစ်နည်းအားဖြင့် ယာဉ်အန္တရာယ်ကင်းစင်စွာ သွားလာလှုပ်ရှားနိုင်ဖို့အတွက်ကို ရိုက်ကူးမှုပြုလုပ်တဲ့ နေရာဝန်းကျင်မှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေကို ချထားပြီးတော့ ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဒေါ်ဆွေဇင်ထိုက် (ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်)**

မနက် ၆ နာရီကနေ မွန်းလွဲ ၁ နာရီထိ ကြားတောရနေရာမှာ ရိုက်ပါတယ်။ နေ့လယ် ၁ နာရီနောက်ပိုင်း မြို့ထဲရွှေ့ဖို့ စီစဉ်ထားပါတယ်။ လိုချင်တာကတော့ အနောက်ဘက်မှာရှိနေတဲ့ ဈေးတန်းကြီးကို လိုချင်တာ။ ဘယ်လိုနားလည်မှု လွဲသွားသလဲ မသိဘူး။ ဈေးတန်းကို ဖြုတ်သွားကြတယ်။ ဒါပေမယ့် မဖြစ်ဖြစ်အောင် ဆင်ရိုက်ပါတယ်။

ဒီနေရာကိုရိုက်တာက ရွှေတိဂုံဘုရားကိုလည်း ပါချင်တာဖြစ်တဲ့အတွက်ကြောင့် ဒီနေရာလေးကို ရွေးပါတယ်။ ရွှေတိဂုံဘုရားရှေ့မှာ လူဆိုးနဲ့ နောက်က ရဲနဲ့လိုက်တဲ့ အခန်းကိုရိုက်ပါတယ်။ ဒီနေရာမှာအရေးကြီးတာက Location ပေါ့။ ရိုက်ကွင်းရိုက်ကွက်က အရေးကြီးပါတယ်။ သူတို့က ပရော်ဖက်ရှင်နယ်ဖြစ်တယ်။ ကောင်းကောင်းယူတယ်။ အလုပ်လည်း ကောင်းကောင်းလုပ်တယ်။ သူတို့ရဲ့ ခွန်အားတွေကိုလည်း မြင်နေရတယ်။ Team work ဖြစ်တယ်။

ဒါရိုက်တာရဲ့ အုပ်ချုပ်မှုအောက်မှာ အကုန်လုံးက တစ်ပြေးညီ အလုပ်လုပ်ကြတာ တွေ့ရတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်မှုတွေလည်း ကောင်းတယ်။ ရုပ်ရှင်အသိုင်းအဝိုင်းထဲမှာ ရှိတဲ့သူတွေ ရိုက်ကွင်းကို လေ့လာချင်ရင် ဖိတ်ပါတယ်။ ခွင့်ပြုဖို့အတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ပေးထားပါတယ်။ ဒီဇာတ်ကားမှာ ပါဝင်ဖို့ မြန်မာသရုပ်ဆောင်ထဲက ရွေးထားတဲ့ သရုပ်ဆောင်တွေလည်း ပါပါတယ်။

**ရဲမှူးချုပ်ဝင်းခေါင်(ငြိမ်း) (Yangon Synthesis Productions ၏ အကြံပေးပုဂ္ဂိုလ်)**

ကုမ္ပဏီကြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီဇာတ်ကားမှာ အထူးတာဝန်တပ်ဖွဲ့အနေနဲ့ ပါဝင်မယ့် ရဲတပ်ဖွဲ့ဝင်တွေရှိတယ်။ စွန့်လွှတ်စွန့်စားအကုန်လုံးဆောင်ရွက်ကြရမယ့်သူတွေ ရှိတယ်။ ဒီသရုပ်ဆောင်တွေအကုန်လုံးကို သူတို့ရဲ့ နိုင်ငံဘက်မှာ ထိခိုက်မှု အာမခံ၊ အသက်အာမခံ အကုန်လုံးလုပ်ခဲ့ပြီးသား။ လုံးဝနစ်နာမှုမရှိဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အတုယူသင့်တယ်။ ဒီကငှားလိုက်တဲ့သူတွေကို ပြည်တွင်းမှာရှိတဲ့ အသက်အာမခံဌာနနဲ့ ချိတ်ဆက်ပြီးတော့ တစ်စုံတစ်ခုထိခိုက်မှုအတွက် အကုန်အာမခံ ဆောင်ရွက်တယ်။ သရုပ်ဆောင်ရတဲ့သူက အာမခံချက်ရှိတယ်။ ဒီအလေ့အထက အတုယူသင့်တဲ့ အလေ့အထပါ။

ပြည်ပက သန်းနဲ့ချီပြီး ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီကြီးတွေ ဝင်ရောက်လာပြီးတော့ ရိုက်ကူးတယ် ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးအမြတ် အများကြီးထွက်တယ်။ ကိုယ်ကိုယ်တိုင်က မိမိနိုင်ငံအကြောင်း မီဒီယာနဲ့ ထိုးဖောက်ပြီး ကမ္ဘာကိုပြဖို့ဆိုတာ တော်တော်အလှမ်းဝေးသေးတယ်။ ဥပမာ နာမည်ကြီးပြီးသား၊ နိုင်ငံကျော် မင်းသား၊ မင်းသမီးနဲ့ တွဲပြီး ရိုက်တဲ့အခါ ကိုယ်ဂုဏ်တက်သလိုပေါ့။ သူ့မှာနာမည်ရှိပြီးသား၊ လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းရည်ရှိပြီးသား ကမ္ဘာကို ထိုးဖောက်နိုင်တဲ့ စွမ်းရည်အပြည့်အဝရှိပြီးသား၊ အဲဒီလိုရှိပြီးသား ကုမ္ပဏီကြီးကနေ ကျွန်တော်တို့နိုင်ငံကို လာရိုက်တယ်ဆိုတဲ့ အခါကျတော့ သူတို့ရဲ့ ဇာတ်ကားကြီးထဲမှာ ဘယ်လို အစိတ်အပိုင်းနဲ့ပဲ ပါသည်ဖြစ်စေ ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ကို ကမ္ဘာက ကောင်းကောင်းသိသွားမှာပဲ။ မြန်မာရဲ့ မြင်ကွင်းဆိုတာ ကမ္ဘာသိသွားတာပေါ့။ ဒါကအကျိုးအမြတ်တစ်ခု။

ကျွန်တော်တို့နိုင်ငံထဲမှာ လာလုပ်လိုက်တဲ့အတွက် အလှူအသီးသီးဟာ ဝင်ငွေတွေရသွားကြတယ်။ လူရာနဲ့ချီပြီး လာတဲ့အတွက် ဟိုတယ်တည်းခိုခတွေရတယ်။ အခွန်ဝင်ငွေတွေရမယ်။ စားဝတ်နေရေးအတွက် အသုံးပြုတဲ့ ငွေကြေးတွေ ရမယ်။ ကျွန်တော်တို့ဆီက ရိုက်ကူးမှုမှာ ပါဝင်တဲ့သရုပ်ဆောင်တွေ ပါတယ်။ ဖြတ်လျှောက်တွေပါတယ်။ လာသမျှဟာတွေက နေ့တွက်တွေနဲ့ ငှားရမ်းပြီး အသုံးပြုတာ။ အလုပ်လုပ်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ ပွင့်ထွက်လာတယ်။ ပေါင်းစပ်ညှိနှိုင်းမှုတွေ အားကောင်းလာတယ်။ မြန်မာနိုင်ငံမှာ ဒီလိုလုပ်လို့ရတယ်ဆိုတာ နိုင်ငံတကာကို သတင်းစကား

*စာမျက်နှာ ၇ သို့*


**Line Walker -2** ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နေလင်း

**“ကျွန်တော်တို့နိုင်ငံထဲမှာ လာလုပ်လိုက်တဲ့အတွက် အလှူအသီးသီးဟာ ဝင်ငွေတွေရသွားကြတယ်။ လူရာနဲ့ချီပြီးလာတဲ့အတွက် ဟိုတယ် တည်းခိုခတွေရတယ်။ အခွန်ဝင်ငွေတွေရမယ်။ စားဝတ်နေရေးအတွက် အသုံးပြုတဲ့ ငွေကြေးတွေရမယ်။ ကျွန်တော်တို့ဆီက ရိုက်ကူးမှုမှာ ပါဝင်တဲ့သရုပ်ဆောင်တွေပါတယ်။ ဖြတ်လျှောက်တွေပါတယ်။ လာသမျှဟာတွေက နေ့တွက်တွေနဲ့ ငှားရမ်းပြီး အသုံးပြုတာ။ အလုပ်လုပ်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ ပွင့်ထွက်လာတယ်”**

# ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အချက်တစ်ချက်ဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မြို့ဟောင်းနေရာများကို ယဉ်ကျေးမှုအမွေအနှစ်များ ကျန်ရှိသည့် အခြေအနေပေါ် မူတည်၍ လည်းကောင်း၊ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **လှိုင်းဘွဲ့မြို့၏ မြောက်ဘက်သုံးမိုင်ကျော်ခန့်ရှိသော ထန်းတပင်တောင်ရှိ ဘုရားစေတီဟောင်းနှင့် ဘုန်းကြီးကျောင်းနေရာ ပတ်ဝန်းကျင်တောအုပ်သည် ရှေးနှစ်ပေါင်းများစွာက တည်ထားခဲ့သော မြို့ဟောင်းနေရာတစ်ခုဖြစ်ရာ နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအနေဖြင့် ပြန်လည်လေ့လာ စိစစ်ဖော်ထုတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ရှေးဟောင်းအဆောက်အအုံနေရာများကို ရှေးဟောင်းတန်ဖိုး၊ သမိုင်းတန်ဖိုး၊ ဗိသုကာတန်ဖိုးနှင့် မြို့ဟောင်းနေရာများကို ယဉ်ကျေးမှုအမွေအနှစ်များ ကျန်ရှိသည့် အခြေအနေပေါ် မူတည်၍ လည်းကောင်း၊ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း၊ လှိုင်းဘွဲ့မြို့ဟောင်းသည် ဦးစားပေးထိန်းသိမ်းရမည့် စာရင်းတွင် မပါရှိသဖြင့် ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးဇုန်အဖြစ် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ သို့သော်လည်း အဆိုပါ နေရာသည် သက်တမ်း နှစ် ၁၀၀ ကျော်ပြီး မြို့ဟောင်းနေရာဖြစ်သောကြောင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၃၊ ၂၀၁၅ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၁၊ ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးဥပဒေများအရ ထိန်းသိမ်းကာကွယ်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လုံခြုံရေးစနစ်တကျဆောင်ရွက်ရန် ဆက်သွယ်ညှိနှိုင်း စီစဉ် ဆောင်ရွက်ပြီးဖြစ်

တာမွေ မဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ **ပိုင်ဆိုင်မှုကိစ္စဖြင့် တရားရင်ဆိုင် ချိပ်ပိတ်ခံထားရသော သန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် ကျောင်းအတွင်းရှိ အများပြည်သူ လှူဒါန်းသမှု အစုစုတို့ကို အမှုကိစ္စမပြီးပြတ်ခင် ကာလအတွင်း ရန်သူမျိုးငါးပါး အန္တရာယ်မှ ကင်းဝေးစေရန် မည်သည့်အဖွဲ့အစည်းမှ တာဝန်ယူ၍ မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ကျောင်းပစ္စည်းအခိုးခံရခြင်းကိစ္စနှင့် စပ်လျဉ်း၍ နောင်တွင် ခိုးယူခြင်းမခံရရေးအတွက် လုံခြုံရေးစနစ်တကျဆောင်ရွက်ရန် ဆက်သွယ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ယခုအခါ ကျောင်းတော်ကြီး လုံခြုံမှုရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် ညွှန်ကြားထားရှိပြီးဖြစ်သည်ဟု သိရှိရပါကြောင်း၊ အဆိုပါ မဟာသန္တိသုခကျောင်းတော်ကြီးကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပသော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီအဌာရသမ အစည်းအဝေးက လက်ရှိအခြေအနေအရ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မဟာသန္တိသုခဗုဒ္ဓတက္ကသိုလ်နာယကအဖွဲ့နှင့် မဟာသန္တိသုခကျောင်းတော်ကြီး ယာယီဂေါပကအဖွဲ့တို့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကြည်မင်း ဖြေကြားစဉ်။



လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းစဉ်။

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ၊ ဆရာမ ထောက်ပံ့ငွေကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ထောက်ပံ့ပေးနေ

မြင်းခြံ မဲဆန္ဒနယ်မှ ဦးစိန်မြင့်၏ **ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြဆရာ၊ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးငွေကို တိုးပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက လက်ရှိထောက်ပံ့နေသော ငွေ၏ နှစ်ဆဖြစ်သည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း မူလတန်းသင် ဆရာ၊ ဆရာမ တစ်ဦးလျှင် ငွေကျပ် ၇၂၀၀၀၊ မူလတန်းလွန်နှင့် အလယ်တန်းသင် ဆရာ၊ ဆရာမ တစ်ဦးလျှင် ငွေကျပ် ၈၂၀၀၀၊ အထက်တန်းသင်ဆရာ၊ ဆရာမ တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထောက်ပံ့နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ လျာထားရေးဆွဲတင်ပြခဲ့သော်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်မူဘောင်သတ်မှတ်ချက်အရ ထပ်မံတိုးမြှင့်ပေးနိုင်ခြင်းမရှိပါသဖြင့် ယခင်နှုန်းထားအတိုင်းသာ ထောက်ပံ့ပေးခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ၊ ဆရာမထောက်ပံ့ငွေကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ထောက်ပံ့ပေးနေရခြင်းဖြစ်ပါသဖြင့် တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်းနှင့် တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်က လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနည်းပါးသည့် မြို့နယ်များအပါအဝင် တိုင်းရင်းသားများနေထိုင်သည့် ပြည်နယ်များတွင် ကျေးရွာချင်းဆက်လမ်းများအား အလေးထားပြီး ပိုမိုဖောက်လုပ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၇၂၉ ရွာ ရှိပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နိုင်သည့် အချက်တစ်ချက်ဖြစ်ပါကြောင်း။

## ကျေးရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာနိုင်သည့် ကျေးရွာချင်းဆက်လမ်းများ အဆင်ပြေချောမွေ့ကောင်းမွန်ရန် အရေးကြီး

ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးရွာတစ်ရွာနှင့် တစ်ရွာ ဆက်သွယ်သွားလာနိုင်သည့် ကျေးရွာချင်းဆက်လမ်းများ အဆင်ပြေချောမွေ့ကောင်းမွန်ရန်အရေးကြီးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည် လူမှုစီးပွားများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် အခြေခံအချက်တစ်ချက် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိခြင်းသည် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုမရှိရန်အတွက် ကြီးမားသည့် အဟန့်အတားဖြစ်နေသည်ကိုလည်း အထူးသတိပြုရန် လိုအပ်ပါကြောင်း၊ ဆိုးကျိုးများ၏ အဆုံးရလဒ်သည် ပညာကောင်းစွာ ဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်း နည်းပါးခြင်းကြောင့် ပညာရေးနိမ့်ကျလာပြီး လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးလာနိုင်ပါကြောင်း၊ ကျေးလက်လမ်းများ ကောင်းမွန်မှုမရှိခြင်းသည် ကျေးလက်နေပြည်သူများအတွက်သာ ဆုံးရှုံးနစ်နာမှုရှိသည် မဟုတ်ဘဲ တိုင်းပြည်တစ်ပြည်လုံးအတွက်ပါ ဆုံးရှုံးနစ်နာမှုဖြစ်သည်ကို နိုင်ငံတော်အစိုးရအနေဖြင့် သတိပြု၍ အလေးထားဆောင်ရွက်သင့်ပါကြောင်း။

ထို့ကြောင့် ကျေးလက်နေ တိုင်းရင်းသားပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်ဖြတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာချင်းဆက်လမ်းများကို ပိုမိုဖောက်လုပ်ပေးရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့လာပါက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသထွက်ကုန်များ ရာသီမရွေးပို့ဆောင်နိုင်ကာ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသောကြောင့် အဆိုအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

*စာမျက်နှာ ၆ မှ*

ပုံနှိပ်သွားရင် ရင်းနှီးမြုပ်နှံသူတွေ လာမယ်။ နိုင်ငံပေါ်မှာ ယုံကြည်မှုတွေ တိုးတက်လာမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်ဟာ ကမ္ဘာအနှံ့ကို ပျံ့သွားရင် ရဟန်းသံဃာတွေဆွမ်းခံကြွတဲ့ပုံတွေ၊ စေတီပုထိုးတွေကို ရိုက်လိုက်ခြင်းအားဖြင့် ဘုရား တရားရှိသေကိုင်းရှိုင်းတဲ့ လူမျိုးတွေနေထိုင်တဲ့ တိုင်းပြည်ဆိုတဲ့ပုံရိပ် ပါသွားမယ်ဆိုရင် မဖော်ပြနိုင်တဲ့ အမြတ်တွေပဲ။

**နေထက်အောင်(သရုပ်ဆောင်)**

ကျွန်တော်က အကြမ်းဖက်တိုက်ခိုက်ရေးဌာနက အထူးရဲအနေနဲ့ ပါဝင်သရုပ်ဆောင်ထားတယ်။ အခုလို ကိုယ့်နိုင်ငံကို သူများနိုင်ငံက လာပြီးတော့ ရိုက်တဲ့အခါ နိုင်ငံခြားမင်းသားတွေနဲ့ အတူတူ သရုပ်ဆောင်ရတယ်။ ကျွန်တော်တို့ကို စခေါ်ပြီဆိုကတည်းက ကြိုးစားပြီးလုပ်ပြရတာပေါ့၊ အတူတွဲသရုပ်ဆောင်တဲ့အခါ လက်တွဲခေါ်တာ လည်းရှိပါတယ်၊ အစမ်းလေ့ကျင့်တာဆို ကျွန်တော်တို့နိုင်ငံမှာ ၁၀ ခါထက် မကျော်ဘူး။ သူတို့က ၁၀ ခါမကဘူး အခါ ၅၀ လောက်ရှိတယ်။ အတွေ့အကြုံတွေရတယ်။ ဖြတ်လျှောက်ကအစ တော်တော်လေးကို ကောင်းပြီဆိုမှပဲ လွှတ်ပေးတာ။ အရင်တုန်းက သရုပ်မဆောင်ရတဲ့ သရုပ်ဆောင်တွေ၊ ဇာတ်ကားတွေ ခေတ်မကောင်းတဲ့ခေတ်ကတည်းက ကျွန်တော်တို့လို နားနေတာ တော်တော်ကြာတဲ့သူတွေ အခုလို ပြန်ပြီး ရိုက်ရတော့ အလုပ်ပြန်စရတာပေါ့၊ အဲဒီလိုမျိုး နိုင်ငံတကာက များများလာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**အောင်မြင့်မြတ်(သရုပ်ဆောင်)**

ခါတိုင်းကတော့ လေ့လာချင်တဲ့စိတ်ပဲရှိတာပေါ့၊ အခုကျတော့ ကိုယ်တိုင်ပါဝင်ခွင့်ရခဲ့တယ်။ ရိုက်တဲ့အခါ အသက်အာမခံတွေ လုပ်ပေးတယ်၊ ကျွန်တော်တို့ဘက်ကို အများကြီး ကြည့်ထားတယ်။ ပြည်တွင်းက လူတွေအများကြီး သုံးထားတယ်၊ ကျွန်တော်တို့က ကိုယ့်ဟာကိုယ် ရှန်းကန်နေရတဲ့အချိန်မှာ သူတို့ဆီက အစစအရာရာ အခြေခံကျကျ သိရတယ်၊ အများကြီးအခွင့်အလမ်းကောင်းပါ။ ကိုယ်တိုင်ပါဝင်ရတဲ့အခါကျတော့ အရင်ကလည်း ကျွန်တော်ပြောပြီးသား၊ ဘယ်နေရာကပဲ ပါရပါရ၊ ကျွန်တော်ကတော့ ပါမှာပဲလို့၊ ဒီအတွေ့အကြုံမျိုးက နောင်ထပ်လာမယ်ဆိုတာ ဘယ်ဟာမှ မသေချာတဲ့အတွက် ရတဲ့နေရာမှာ၊ ရတဲ့အချိန်မှာ အတွေ့အကြုံဗဟုသုတရအောင် ယူမယ်ဆိုပြီး သရုပ်ဆောင်ဝင်လျှောက် ခဲ့ပါတယ်။ ။



Line Walker -2 ဇာတ်ကားရိုက်ကူးမည့် ရုပ်ရှင်အဖွဲ့သားများ ဇာတ်ဝင်ခန်းအတွက် ပြင်ဆင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-နေလင်း

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်၏ မိတ်ဆွေ ၁၀ ဦးနှင့် ဦးသိန်းတန်၊ လှည်းကူးမဲဆန္ဒနယ်၏ လှည်းကူးမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူများ ၁၀၃ ဦးတို့သည် ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာကြကြောင်း သိရသည်။

ထို့အပြင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးခင်မောင်သန်း၊ တောင်ငူမဲဆန္ဒနယ်၏ မိတ်ဆွေ နှစ်ဦးနှင့် ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ မိတ်ဆွေ သုံးဦးတို့သည်လည်း လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

**သတင်းစဉ်**

# ရေးမြို့နယ် ကျောင်းရွာကျေးရွာမှ အထက်ပိုင်းကျေးရွာများသို့ ရာသီမရွေးသွားလာနိုင်ရန် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးမေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများအား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာမှ အထက်ပိုင်းရှိ သွားလာရခက်ခဲသော ကျေးရွာများသို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရန် လိုအပ်သော ချောင်းကူးတံတားများနှင့် ကွန်ကရစ်လမ်းများကို ၂၀၁၉ - ၂၀၂၀ဘဏ္ဍာရေးနှစ်မှ စတင်ပြီး တည်ဆောက်ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရေးမြို့နယ် ကျောင်းရွာ - ငါးကလေးချောင်း - လိပ်ပုတ်-မင်းလှအေးလမ်းပေါ်ရှိ ချောင်းကူးတံတားများ၊ လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဒေသခံများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက သတ်မှတ်လမ်းအကျယ်ရရှိအောင် အသေးစိတ်ကွင်းဆင်း လေ့လာစိစစ်ညှိနှိုင်း၍ မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြေယာကိစ္စများပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း စိစစ်ထောက်ခံတင်ပြလာပါက ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဖလမ်းမြို့နယ် ရိဒ်လမ်းခွဲမှ မှောင်ကွန်(ရွာဟောင်း) - မှောင်ကွန် (ရွာသစ်)- လေးလက်မြေသားလမ်း ၁၀ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းရန်ပုံငွေခွင့်ပြုရရှိပါက ဆောင်ရွက်ပေးသွားမည်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်လမ်းခွဲ - မှောင်ကွန် (ရွာဟောင်း) - မှောင်ကွန်(ရွာသစ်) - လေးလက်လမ်းအား (၂၄)ပေအကျယ်လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ဖလမ်းမြို့နယ် ရိဒ်လမ်းခွဲမှမှောင်ကွန်(ရွာဟောင်း)- မှောင်ကွန် (ရွာသစ်)- လေးလက်မြေသားလမ်း ၁၀ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် အဆိုပြုလျာထားပြီး ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် မီးဇာကျေးရွာတွင် သန့်ရှင်းသော ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးလုပ်ငန်းကို၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်ပထမခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ် ပလက်ဝမြို့နယ် မီးဇာကျေးရွာတွင် သန့်ရှင်းသော ရေရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဒေသခံပြည်သူလူထုပူးပေါင်း၍ ရေထွက်တည်ရှိသည့်နေရာမှ ရေစုကန်၊ ရေစစ်ကန်တည်ဆောက်မည့် နေရာ၊ ရေသွယ်ယူရမည့် မိုင်အကွာအဝေးတို့ကို ကွင်းဆင်းစိစစ်စေမည်ဖြစ်ပြီး ဖြစ်နိုင်ခြေရှိပါက ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ သင့်တော်သည့် ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်


မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးမျိုးဝင်း

## မိုပိုင်းလွတ် - ဆွမ္မရာလမ်းတွင် ဆက်လက်ဆောင်ရွက်ရန် မြေသားလမ်းတာချဲ့ခြင်း (၈)မိုင် (၄)ဖာလုံနှင့် တံတား ခြောက်စင်းကျန်ရှိပြီး ၎င်းကျန်ရှိလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမင်းနိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့ မြို့ချင်းဆက်လမ်းဖောက်လုပ်ရာတွင် ကျန်ရှိသော မြေသားလမ်း (၁၀)မိုင်ခန့်နှင့် ထိုလမ်းပိုင်းပေါ်ရှိ တံတားခြောက်စင်းအား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မိုပိုင်းလွတ် - ဆွမ္မရာလမ်းတွင် ဆက်လက်ဆောင်ရွက်ရန် မြေသားလမ်းတာချဲ့ခြင်း (၈)မိုင် (၄)ဖာလုံနှင့် တံတား ခြောက်စင်းကျန်ရှိပြီး ၎င်းကျန်ရှိလုပ်ငန်းများအတွက် ၂၀၁၉ - ၂၀၂၀ဘဏ္ဍာရေးနှစ်တွင် မြေလမ်းတာချဲ့ခြင်း (၅)မိုင်နှင့် (၂၅×၁၄×၁၈)ပေ သံကူကွန်ကရစ်တံတားတစ်စင်း၊ (၄၀×၁၄×၁၂)ပေ သံကူကွန်ကရစ်တံတား တစ်စင်းတို့အားလည်းကောင်း၊ ၂၀၂၀ - ၂၀၂၁ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းတာချဲ့ခြင်း (၃)မိုင် (၄)ဖာလုံနှင့် (၅၀×၁၄×၁၂) ပေသံကူကွန်ကရစ်တံတားနှစ်စင်းတို့အားလည်းကောင်း၊ ၂၀၂၁ - ၂၀၂၂ဘဏ္ဍာရေးနှစ်တွင် (၄၀× ၁၄× ၁၂)ပေ သံကူကွန်ကရစ်တံတား တစ်စင်း၊ (၂၄×၁၄×၁၂) ပေ သံကူကွန်ကရစ်တံတားတစ်စင်းတို့အားလည်းကောင်း ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# ကမ်းခြေပတ်လမ်းနှင့် ဓာတ်အားထုတ်လုပ်မည့် အစီအစဉ်များ တိုင်းဒေသကြီး ဝန်ကြီးက ဒေသခံပြည်သူများနှင့် တွေ့ဆုံရှင်းလင်း

**ငရုတ်ကောင်း ဖေဖော်ဝါရီ ၁၈**
ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ် နံ့သာပုကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နံနက်က ကျင်းပသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီး ဦးဝင်းဌေးက ရောဝတီတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်အထိ ကမ်းခြေပတ်လမ်း ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရွှေသောင်ယံမြို့ မီးလောင်ချိုင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ဆောင်ရွက်မည့် အစီအစဉ်များကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံများက သိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် နံ့သာပုကျေးရွာရှိ Myint & Associates ကမ်းလွန် ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်း ဆောင်ရွက်မည့်နေရာသို့ သွားရောက်၍ စီမံကိန်းတာဝန်ခံများနှင့် တွေ့ဆုံရာ (**အောက်ပုံ**)နိုင်ငံ၏ ဝင်ငွေအပေါ်တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် စီမံကိန်းတစ်ခုလည်း ဖြစ်ကြောင်းနှင့် ကမ်းလွန်လုပ်ကွက် အမှတ် (A-6) မှ သဘာဝဓာတ်ငွေ့များကို လျာထားကာလအတွင်း တူးဖော်ထုတ်လုပ်နိုင်ရေးအတွက် အဓိက အထောက်အကူပေးမည့် ဆိပ်ကမ်းတစ်ခု အနေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ခံများ ရှင်းလင်းတင်ပြမှုကို တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ငရုတ်ကောင်းမြို့ ဓမ္မိကာရုံကျောင်းတိုက်အတွင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသခံပြည်သူများ သိလိုသည်များ ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ငရုတ်ကောင်း(ပြန်/ဆက်)**





မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံရဲတပ်ဖွဲ့နှင့်အထူးစုံစမ်းစစ်ဆေးရေးဌာနမှ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာနတို့အကြား နယ်စပ်ဖြတ်ကျော်လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**
(၈)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲတပ်ဖွဲ့တို့အကြား နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီ၌ နေပြည်တော် M Gallary တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှူး ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ် ၁၉ ဦး၊ ထိုင်းနိုင်ငံတော်ဝင်ရဲတပ်ဖွဲ့ (RTP)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ညွှန်ကြားရေးမှူး၊ ရဲချုပ် Suchart Theerasaurat ဦးဆောင်သောကိုယ်စားလှယ် ၁၃ ဦးနှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန(DSI)၊ ညွှန်ကြားရေးမှူး၊ ဒုတိယ ရဲမှူးကြီး Supat Thamtha- narak ဦးဆောင်သော ကိုယ်စားလှယ်ခုနစ်ဦး စုစုပေါင်းနှစ်နိုင်ငံကိုယ်စားလှယ် ၃၉ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်ခေါင်းဆောင်များက အဖွင့်အမှာစကားပြောကြားခြင်း၊ (၇)ကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များ၏တိုးတက်မှု အခြေအနေများအား ဆွေးနွေးခြင်း၊ လက်ရှိနှစ်နိုင်ငံဆက်စပ်ဖြစ်ပွားနေသော လူကုန်ကူးမှုများနှင့်ပတ်သက်၍ သတင်းမျှဝေခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (DSI) တို့အကြား (၁၉)ကြိမ်မြောက်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်(**ယနေ့**)တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၇ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ နမ့်မော်ကျေးရွာ၊ မြေစာပုံအနီးတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၂-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ နမ့်မော်ကျေးရွာ၊ မြေစာပုံအနီး သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် ၎င်းကျေးရွာနေ ဝင်းဗိုလ်(၃၈)နှစ်၊ (ဘ)ဦးအိုက်ပြည့် မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖားကန့်)မယ(ပ)၃၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ရေလဲ ကျေးရွာနေ ကျော်မင်းထွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၂-၂၀၁၉ ရက်နေ့တွင် ဗန်းမော်မြို့နယ်၊ ရေလဲကျေးရွာနေ ကျော်မင်းထွေး(၃၁)နှစ်၊ (ဘ)ဦးသိန်းတန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗန်းမော်)မယ(ပ)၃၀/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ဒိုးပင်ကျေးရွာနေ ဒေါ်နှင်းခိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၂-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ဒိုးပင်ကျေးရွာနေ ဒေါ်နှင်းခိုင်(၄၆)နှစ်၊(ဘ)ဦးတင်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျော်ရွာကျေးရွာနေ ကျော်တင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၂-၂၀၁၉ ရက်နေ့တွင် မြိုင်မြို့နယ်၊ ကျော်ရွာကျေးရွာနေ ကျော်တင်(၄၁)နှစ်၊ (ဘ)ဦးပွေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဗဟင်း)မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၂-၂၀၁၉ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့ အမှတ်(၁) ရပ်ကွက်နေ စောလှိုင်(၅၄)နှစ်၊ (ဘ)ဦးငြိမ်း၏ နေအိမ်ခြံဝင်းအား ဝင်ရောက်ရှာဖွေရာ ၎င်း၏သား ဇော်မင်းထွန်း(ခ) ဗိုလ်ကိတ်(၁၉)နှစ်တို့ (၂)ဦး အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းစိတ်ကြွဆေးပြားများမှာ တစ်ရပ်ကွက်တည်းနေ သန်းထွန်း(၄၄)နှစ်၊ (ဘ) ဦးချစ်ထွေးမှ ရောင်းချရန်ပေးအပ်ထားကြောင်း သိရှိရသဖြင့် ၎င်းတို့ (၃)ဦးအား နမစ(တကောင်း)မယ(ပ)၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ လည်ရိုးရပ်ကွက်နေ မနှင်းအိဝေ (ခ) ငြိမ်းအိသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၂-၂၀၁၉ ရက်နေ့တွင် အောင်ပန်းမြို့ ရွာသစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ အောင်ဇော်မျိုးထွန်း (၁၈)နှစ်၊ (ဘ)ဦးလှထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်း၏ဇနီး မချမ်းမြေ့သူ (၂၂)နှစ်၊ (ဘ)ဦးမြတ်သူနှင့် လည်ရိုးရပ်ကွက်နေ မနှင်းအိဝေ(ခ)ငြိမ်းအိ(၂၁)နှစ်၊ (ဘ)ဦးမြင့်ငွေ၊ ညောင်ပင်ထောက်ရပ်ကွက်နေ အောင်လွင်မိုး (ခ) အငယ်ကောင် (၂၁)နှစ်၊ (ဘ)ဦးဘီဟူး တို့(၄) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အောင်ပန်း)မယ(ပ) ၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ရှောက်ချိုကျေးရွာနေ မြင့်ဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၂-၂၀၁၉ ရက်နေ့တွင် နောင်ချိုမြို့နယ်၊ ရှောက်ချိုကျေးရွာနေ မြင့်ဝေ (၅၀)နှစ်၊ (ဘ)ဦးစံလှ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 နှင့် WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (နောင်ချို) မယ(ပ) ၁၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၆-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၁၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၆၇၃)ဦး၊ မ(၁၃၁)ဦး၊ ပေါင်း(၈၀၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၇၀၁.၃၂)ဂရမ်၊ ICE(၆၇.၁၄)ဂရမ်၊ ဘိန်း(၃၈၆၀၇.၉၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၄၆၈၄) ပြား၊ ဆေးခြောက်(၄၆၆၈.၂၇)ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ(၃၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်း စစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရမော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သုံးလမ်းဆုံကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃)ပြား၊ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဇင်းဘိုကျေးရွာအနီး မိုက်စမ်းဝါးခုတ်စခန်း၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၃၀)ပြား၊ ဘိန်း(၅၀)ဂရမ်၊ နမ္မတီးမြို့နယ်၊ မရမ်ကထောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ Probox အငှားယာဉ်ပေါ်ပါ ခရီးသည်တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၇၀)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆီဆိုင်-လွိုင်ကော်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ကျုံဒိုးမြို့ ကျုံဒိုးစစ်ဆေးရေးဂိတ်၌ Probox အငှားယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၀)ပြား၊ မွန်ပြည်နယ်၊ ကျိုက္ကမီမြို့နယ်၊ ဘာဘူကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ ICE(၁)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒါးရှည်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀၀)ပြား၊ မြို့မကညင်တန်း(အလယ်) ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၁၆၅)ပြား၊ စစ်တွေမြို့ ကျောက်တန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Super Custom ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ခေါင်းဒုက္ခာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀)ပြား၊ မြောက်ဦးမြို့ ဗန္ဓုလရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘူးသီးတောင်မြို့ မြို့မရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂၉၀)ပြား၊ အေးသာယာ အဝေးပြေးကားဝင်း၊ ဒို့ညီနောင်ကားဂိတ်၌ ကျိုင်းတောင်းမြို့မှ ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်လာသည့် ဆာလာအိတ်အားစိစစ်ခဲ့ရာ ၎င်းဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ကလောမြို့နယ်၊ အောင်ပန်းမြို့အဝင်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပင်လောင်းမြို့နယ်၊ မိုးဦးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၈၀)ပြား၊ ခိုလမ်မြို့အဝင် ခိုလမ်-ကျိုင်းတောင်းသွားကားလမ်းမပေါ်၌ သတင်းအရ Toyota Succeed ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၇၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၆)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ဆိုင်ကယ်(၁)စီး၊ ကွန်ဟိန်းမြို့နယ်၊ ပန်လုံကျေးရွာအနီး မိုင်းစံ- ကာလိသွား ကားလမ်းမပေါ်၌ သတင်းအရ Surf ယာဉ်နှင့် Landcruiser ယာဉ်တို့အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ICE (၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ လားရှိုးမြို့နယ်၊ လွယ်ပုံကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၈၀၀)ပြား၊ ဘိန်းစိမ်း(၇၀)ဂရမ်၊ ဘိန်းဖြူ(၇၃၁)ဂရမ်၊ သိန္နီမြို့နယ်၊ ပန်ဆုံကျေးရွာအဝင် မူဆယ်- မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ဘိန်းဖြူ(၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းရယ်မြို့နယ်၊ မန့်စန့်ကျေးရွာအနီး မိုင်းရယ်- သီပေါသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀၀)ပြား၊ ဘိန်းဖြူ(၈၅၈)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်မြို့ အိုရီယမ်တယ် တိုးဂိတ်အနီး၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစိမ်း(၁၅၀၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦး၊ ဆိုင်ကယ်(၁)စီး၊ နမ့်ခမ်းမြို့အဝင် နမ့်ခမ်း- မူဆယ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၅၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၅)ပြား၊ ICE (၀.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၁၂၆၀)ပြား၊ ICE (၁၄၅)ဂရမ်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ ဘိန်းစိမ်း (၁၅၀)ဂရမ်၊ တမူးမြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂)ပြား၊ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ Buprenorphine Tablet (၅)ပြား၊ ခမ်းပါတ်မြို့အထွက် ခမ်းပါတ်-ကျီခါးလမ်း၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း (၉၈၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာ၌ ခြုံပုတ်အတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၂၆၆၂၀)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မင်းကံရိုးကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၈)ပြား၊ ဆေးခြောက်(၄၈.၉)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၅၆)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ ဆောင်းဘောက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဘိန်းဖြူ(၁၃၀၅)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄ူ)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၃)ပြား၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအမျိုးသား(၁)ဦးထံမှ ICE (၀.၈)ဂရမ်နှင့် ထိုင်းနိုင်ငံသားအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ ICE (၅)ဂရမ်၊ မယ်ခေါင်ရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့်ထိုင်းနိုင်ငံသားအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၅)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံငှားရမ်းနေထိုင်သည့် ဝိန်းကျောက်ရပ်ကွက်၌ စိတ်ကြွဆေးပြား (၆၀၈၀)ပြား၊ Ecstasy ဆေးပြား(၇၇၆)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗဟိုစာတိုက်ကြီးသို့ နိုင်ငံခြားမှပို့ဆောင်လာသည့် ပါဆယ်ထုပ်(၁)ထုပ်အတွင်း မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်း သိရှိရသဖြင့် စိစစ်မှုများပြုလုပ်ခဲ့ရာ လာရောက်ရွေးယူသူ တရားခံအမျိုးသား(၁)ဦးနှင့် ပါဆယ်ထုပ်အတွင်းမှ Ecstasy ဆေးပြား(၂၆၁၈၉)ပြားအား လည်းကောင်း၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၆)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ ဗိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၀.၉)ဂရမ်၊ ပစ္စတိုသေနတ် (၁)လက်၊ 9mm ကျည်(၁၆)တောင့်၊ ကျည်အိမ်(၁)ခု၊ M-20 ကျည်(၁၁)တောင့်၊ ၉၁ လက်ပစ်ဗုံး(၁)လုံး၊ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်အတွင်း ဟော့မောင်တောင်ယာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃)ပြား၊ လေသေနတ်(၁) လက်၊ တူမီးသေနတ်(၁)လက်၊ မဘိမ်းမြို့နယ်၊ လဝါကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၄၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ လေသေနတ်(၁)လက်၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ဆိုင်ကယ်အား

*စာမျက်နှာ ၁၀ သို့*

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခဲ့ပြီး ပြပွဲဗဟိုကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းကော်မတီများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခင်ကျင်းပပြီးစီးခဲ့သည့်ပြပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ကျောက်အတွဲဝယ်ယူမည့် ရတနာကုန်သည်များအနေဖြင့် ရတနာပြပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် ကျင်းပပြီးပြပွဲများ၏ အားသာချက်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်၍ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ကျောက်မျက်ရတနာ၏ သဘောသဘာဝသည် ပြန်လည်အစားထိုးထုတ်လုပ်မရနိုင်သော သယံဇာတများဖြစ်သည့်အတွက် ဈေးကွက်အရ ဝယ်လိုအားနှင့် ရောင်းလိုအားကို ချင့်ချိန်၍ ဈေးကောင်းရရှိရေး ထိန်းချုပ်ရောင်းချနိုင်ရန် လိုအပ်ပါကြောင်း၊ စနစ်တကျ ထိန်းချုပ်ရောင်းချနိုင်ပါက ပိုမိုဈေးကောင်းရရှိပြီး ဈေးကွက်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက ကျောက်မျက်ရတနာများကို အရိုင်းအတိုင်းရောင်းချခြင်းထက် အချောထည်များ ပိုမိုထုတ်လုပ် တင်ပြရောင်းချနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

ရတနာပြပွဲများကို နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအနေဖြင့် ကျင်းပပြီးသည့် ပြပွဲများထက် ပိုမိုကောင်းမွန်သော နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ကောင်းမွန်သောအကြံပြုချက်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ ပုလဲလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပြပွဲကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပနိုင်ရေး အကြိုညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မိမိတို့နိုင်ငံတွင် ၁၉၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်အက်ဥပဒေရှိသော်လည်း ခေတ်ကာလနှင့် မလျော်ညီတော့သည့်အတွက် WIPO ကွန်ဗင်းရှင်းများနှင့် အညီ ပြန်လည်ရေးဆွဲခဲ့ပါကြောင်း၊ ယခုအခါ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကိုလည်း မကြာခင် အတည်ပြုပြဋ္ဌာန်းသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာပေနှင့် အနုပညာဆိုင်ရာမူပိုင်ခွင့်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲတစ်ရပ်ကို စနစ်တကျ ကျင်းပလိုပါကြောင်း၊ ထို့ကဲ့သို့ စနစ်တကျ ဆွေးနွေးသွားနိုင်ရန် ယနေ့တွင် အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

မိမိတို့နိုင်ငံတွင် မူပိုင်ခွင့်နှင့်ပတ်သက်၍ အသိပညာ၊ ဗဟုသုတနည်းပါးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အခြားသူ၏ မူပိုင်ခွင့်ကို အမှတ်မထင်ချိုးဖောက်မိတတ်ကြသကဲ့သို့ မိမိ၏ မူပိုင်ခွင့် ချိုးဖောက်ခံရပါကလည်း မေ့လျော့နေတတ်ကြပါကြောင်း၊ မူပိုင်ခွင့် ဥပဒေကို ပြဋ္ဌာန်းပြီးသည့်အခါ Collective Management Organization (CMO) ကို ဖွဲ့စည်းပြီး စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းစီမံခန့်ခွဲမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးပါက နည်းဥပဒေရေးဆွဲနိုင်ရန်အတွက်လည်း သက်ဆိုင်ရာကဏ္ဍများမှ တာဝန်ရှိသူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မူပိုင်ခွင့်နှင့်ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

### ကဏ္ဍအလိုက် ဆွေးနွေး

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ နွယ်ရီဝင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး အောင်မြင့်နိုင်၊ ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူခိုင်၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးသိမ်းစိုး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၁) ဦးဇော်မြင့်ဦး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ နိုင်ငံတကာဆက်ဆံရေးမှူး ဦးမျိုးဆွေ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ တွဲဖက်အတွင်းရေးမှူး မြန်မာပြည်ကျောက်စိမ်း၊ မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံးမှ နိုင်ငံတကာဆက်ဆံရေးမှူး ဦးမိုးကျော်သန့်၊ မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ရှင်များအသင်း (MPRO) ဒုတိယဥက္ကဋ္ဌ ဦးမြင့်မိုးအောင်၊ မူပိုင်ခွင့်ဥပဒေပညာရှင် ဦးသိန်းအောင်နှင့် ဦးသန်းမောင် (စစ်တွေ) တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မွန်းတည့် ၁၂ နာရီတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ထိုင်းနိုင်ငံ သတင်းစာဆရာအသင်း (Thai Journalists Association - TJA) ၏ Vice President ဖြစ်သူ Miss Kornchanok Raksaseri ဦးဆောင်သောအဖွဲ့အား ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ လက်ရှိသတင်းမီဒီယာကဏ္ဍ အခြေအနေ၊ ဖြစ်ပေါ် တိုးတက်မှုများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများ၏ ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ သင်တန်းပို့ချရေးကိစ္စရပ်များတွင် အကူအညီပေးရေး စသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

ရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂)ပြား၊ ICE (၀.၇)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ကျည်အိမ်(၁)ခု၊ .38 ကျည်(၇)တောင့်၊ .45 ကျည်(၈) တောင့်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀)ပြား၊ တူမီးသေနတ်(၁)လက်၊ ဆိုင်ကယ်(၁)စီး၊ လက္ကျုးကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ လေသေနတ်(၁)လက်၊ စတီးဘောစေ့(၁၅)လုံးအား လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၀-၂-၂၀၁၉ ရက်နေ့မှ ၁၆-၂-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၃၁၇)မှုတွင် တရားခံကျား(၃၈၆)ဦး၊ မ(၅၃)ဦး၊ ပေါင်း(၄၃၉)ဦးကို ဘိန်းဖြူ(၃၄၃၈.၂၇၁)ဂရမ်၊ ICE(၅၀၁၇၁.၂)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၀၂)ဂရမ်၊ ဘိန်း(၃၅၅၅.၆၃)ဂရမ်၊ စိတ်ကြွဆေးပြား(၃၈၆၀၆၅)ပြား၊ ဆေးခြောက်(၆၇၇.၇၈)ဂရမ်၊ ဘိန်းဆီခဲ(၁၆.၃၃)ဂရမ်၊ ဘိန်းဆီရည်(၀.၀၅)လီတာ၊ ဘိန်းစာမှုန့်(၁၉၂၀)ဂရမ်၊ ဘိန်းစာရွက်(၁၆၃၂၉.၃)ဂရမ်၊ Buprenorphine Tablet (၅)ပြား၊ Ecstasy ဆေးပြား(၂၆၉၆၅)ပြား၊ လက်နက်မျိုးစုံ(၇)လက်၊ ကျည်မျိုးစုံ(၄၂)တောင့်၊ ကျည်အိမ်(၂)ခု၊ ၉၁ လက်ပစ်ဗုံး(၁)လုံး၊ စတီးဘောစေ့(၁၅)လုံးတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ကင်ဆာရောဂါအကြောင်း ပညာပေး

**သာယာဝတီ ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အဘယသုခကုသိုလ်ဖြစ် ကျန်းမာရေး စောင့်ရှောက်မှုအသင်းရုံးခန်း၌ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းနှင့် အဘယသုခကုသိုလ်ဖြစ် ကျန်းမာရေး စောင့်ရှောက်မှုအသင်းတို့ ပူးပေါင်း၍ ကင်ဆာရောဂါအကြောင်း သိကောင်းစရာ ကျန်းမာရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် အသင်းတာဝန်ခံ ဒေါက်တာ ဇော်ဝင်းထက်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါက်တာ သိန်းနိုင်လင်းတို့က ကင်ဆာရောဂါရှောင်ရန်၊ ဆောင်ရန်နှင့် ဖြစ်ပါက အချိန်မီဆေးကုသမှုခံယူရန်တို့ကို ပြောကြားကြသည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်ပြုံးသန့်ခိုင်က ကိုယ်လက်လှုပ်ရှားမှုဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန့်ဇော်(မြန်/ဆက်)**



**ရန်ကုန်မြို့ ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အရှေ့ဈေးလမ်းမှရုံတွင် ဖေဖော်ဝါရီ ၁၅ ရက်က ဒဂုံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မိုးကျော်ကျော်က ဘုရားကြီးရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ပြည်သူများအား သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါး၊ ခိုးမှုများနှင့် ပတ်သက်၍ မှုခင်းအသိပညာပေး ဟောပြောစဉ်။** မြန်မာ့အလင်း

# ပုဂံဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ ထုတ်ပြန်

၁။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်နေ့ (၁၇း၀၅)နာရီတွင် ရစ်ချ်စတာစကေး (၆.၈) အဆင့် မြေငလျင် လှုပ်ခတ်မှုကြောင့် ပုဂံ၊ မြောက်ဦး၊ စစ်ကိုင်း၊ မကွေးစသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများရှိ ရှေးဟောင်းအဆောက်အအုံအချို့ ပျက်စီးမှုရှိခဲ့ရာ အများဆုံးပျက်စီးမှုမှာ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသဖြစ်ပြီး ကွင်းဆင်းစာရင်းစစ်ဆေးကောက်ခံမှုအရ ၃၈၉ ဆူ ပျက်စီးခဲ့ပါသည်။ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ အရေးပေါ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို စိစစ်ချက်အရ ပထမဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၃၆ ဆူ၊ ဒုတိယဦးစားပေးပြုပြင်ထိန်းသိမ်းရန် ၅၃ ဆူနှင့် ပျက်စီးမှု အနည်းငယ်သာရှိသည့် တတိယဦးစားပေးပြုပြင်ထိန်းသိမ်းမည့် အဆူ ၃၀၀ အဖြစ် ကနဦးသတ်မှတ်ခဲ့ပြီး နိုင်ငံတကာပညာရှင်၊ ပြည်တွင်းပညာရှင်များ ညှိနှိုင်းဆွေးနွေးမှုအရ ပထမဦးစားပေး၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေး အဆူ ၃၀၀ အနက် ၇၆ ဆူတို့ကိုပညာရှင်များ ဖိတ်ခေါ်၍ ဌာနကတိုက်ရိုက်ကြီးကြပ်ညှိနှိုင်းကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်ပြီး တတိယဦးစားပေးမှ ကျန် ၂၂၄ ဆူကို အလှူရှင်များဖိတ်ခေါ် ပြုပြင်ထိန်းသိမ်းခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းများရာခိုင်နှုန်းပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့်အတူ အဆောက်အဦ ဦးစီးဌာနနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင် ထိန်းသိမ်းခဲ့ရာ အောက်ပါအတိုင်း ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်-

| စဉ် | အမျိုးအစား | ပျက်စီးမှု အရေ အတွက် | ဆောင်ရွက်ပြီး | | ဆောင်ရွက် ဆဲ | ဆောင်ရွက်ရန် ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အင်္ဂါစုံ ပြုပြင်ရန် | ထိန်းသိမ်း | | | |
| ၁။ | ပထမဦးစားပေး | ၃၆ ဆူ | - | ၂၀ ဆူ | ၁၃ ဆူ | ၃ဆူကျန် | ပြည်တွင်း/ပြည်ပပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ၂။ | ဒုတိယဦးစားပေး | ၅၃ ဆူ | - | ၃၇ ဆူ | ၆ ဆူ | ၁၀ ဆူကျန် | ပြည်တွင်း/ပြည်ပပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ၃။ | တတိယဦးစားပေး (၃၀၀)ဆူအနက် | ၇၆ ဆူ | - | ၅၄ ဆူ | ၁ ဆူ | ၂၁ ဆူကျန် | ပြည်တွင်း/ပြည်ပပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ၄။ | တတိယဦးစားပေး (၃၀၀)ဆူအနက် | ၂၂၄ ဆူ | ၂၂၄ | - | - | - | (၁)ဦးချင်း အလှူရှင်များ ဖိတ်ခေါ် ပြုပြင်ခြင်း |
| | **စုစုပေါင်း** | **၃၈၉ ဆူ** | **၂၂၄ ဆူ** | **၁၁၁ ဆူ** | **၂၀ ဆူ** | **၃၄ ဆူကျန်** | |

၃။ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် UNESCO၊ နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များ၏ အကြံပြုချက်များ၊ Advisor Team ၊ Expert Team တို့၏ အကြံပြုဆွေးနွေးချက်များ၊ ငလျင်အလွန် ပြန်လည်ပြုပြင် ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခဲ့သည့် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုဖိုရမ် (Technical Coordination Forum) များ၏ ဆွေးနွေးညှိနှိုင်းချက်များကို ဌာနအနေဖြင့်လိုက်နာကာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ဘာသာရေးကိုးကွယ်ယုံကြည်မှုအရ တည်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများကိုလည်း ကိုးကွယ်ယုံကြည်မှုနှင့်အညီ အင်္ဂါစုံပြုပြင်လျက်ရှိသကဲ့သို့ ရှေးဟောင်းအဆောက်အအုံများကို ပျက်စီးမှုပမာဏအလိုက်သော်လည်းကောင်း၊ သမိုင်းတန်ဖိုးအရ သော်လည်းကောင်း၊ ဗိသုကာလက်ရာကျန်ရှိမှုအရ သော်လည်းကောင်း၊ ခေတ်ကာလအပိုင်းအခြားများပေါ် မူတည်၍ ဦးစားပေးအဆင့်များ သတ်မှတ်ပြီး စံချိန်စံညွှန်းတန်ဖိုးနှင့် ကိုက်ညီသည့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၄။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များ အနေဖြင့် ငလျင်ဒဏ်ခံရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အလောတကြီး မပြုပြင်ရန်နှင့် ရှေးမူလက်ရာမပျက် ထိန်းသိမ်းရန်စသည့် ချမှတ်ထားသည့် မူအတိုင်းဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိကာလဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်နေ့အထိ အနည်းငယ်သာ ထိခိုက်ပျက်စီးသော ဘုရားပုထိုး ၂၂၄ ဆူနှင့် ရှေးမူမပျက် ထိန်းသိမ်းပြီးဖြစ်သော ၁၁၁ ဆူ၊ စုစုပေါင်း ၃၃၅ ဆူကို လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကာ ၂၀ ဆူကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇန်နဝါရီလထိ) (ယာယီ) မြန်မာနိုင်ငံ၏ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၁၃၁၆ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၃၁၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇန်နဝါရီလထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၉၀ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၆၁၂၆ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၃၁၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇန်နဝါရီလထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၄၆၉၂ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၀၆ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀၉၉၈ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၄၉၈ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ၁၈၀ ဒေါ်လာသန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၃၁၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇန်နဝါရီလထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇန်နဝါရီလထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၀၉၅.၆၂၈ | ၁၀၂၇.၅၀၂ | ၆၈.၁၂၆ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၂၄၂.၇၆၈ | ၂၅.၇၀၇ | ၂၁၇.၀၆၁ |
| ၃ | ရေထွက်ပစ္စည်းများ | ၂၉၅.၄၆၅ | ၂၇၁.၄၀၃ | ၂၄.၀၆၂ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၂၈.၆၂၀ | ၅၈၇.၆၄၇ | -၂၅၉.၀၂၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၀.၄၈၁ | ၆၇.၀၇၄ | -၆.၅၉၃ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၉၀၇.၅၈၉ | ၂၁၄၃.၄၀၂ | ၇၆၄.၁၈၇ |
| ၇ | အခြားပစ္စည်းများ | ၂၅၉.၅၉၀ | ၅၆၈.၉၃၇ | -၃၀၉.၃၄၇ |
| | စုစုပေါင်း | ၅၁၉၀.၁၄၁ | ၄၆၉၁.၆၇၂ | ၄၉၈.၄၆၉ |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့ပါသည်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဇန်နဝါရီလထိ)(ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဇန်နဝါရီလထိ) | နှိုင်းယှဉ်ချက် (+)(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၂၀၀၅.၇၀၄ | ၂၁၃၉.၂၅၇ | -၁၃၃.၅၅၃ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၂၅၂၇.၇၂၀ | ၂၇၀၀.၉၀၁ | -၁၇၃.၁၈၁ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၅၉၂.၃၃၅ | ၁၄၆၅.၉၇၅ | ၁၂၆.၃၆၀ |
| | စုစုပေါင်း | ၆၁၂၅.၇၅၉ | ၆၃၀၆.၁၃၃ | -၁၈၀.၃၇၄ |

# မြောက်ဥက္ကလာပမြို့နယ်အတွင်း မူခင်းကျဆင်းရေး အသိပညာပေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြောက်ဥက္ကလာပမြို့နယ် အပါအဝင် လေးမြို့နယ်၌ ဖေဖော်ဝါရီ ၉ ရက်မှ ၂၈ ရက်အထိ မှုခင်းလျော့နည်းကျဆင်းစေရေး စီမံချက်ကို ဆောင်ရွက်နေကြောင်း သိရသည်။

မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းလှိုင် ခေါင်းဆောင်၍ တပ်ဖွဲ့ဝင်များက (၄)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၅ ရက်က မှုခင်းကျဆင်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်း၊ လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ပြည်သူလူထုမှ သတိပြုဆင်ခြင်နိုင်စေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ထို့အတူ မြောက်ဥက္ကလာပမြို့နယ်အတွင်း မြို့မရဲစခန်းအပါအဝင် နယ်မြေရဲစခန်းများမှ နေ့စဉ်မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်(၅)ရပ်ပါ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများအနေဖြင့် ကြိုတင်လေ့လာသိရှိလိုသည်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများသို့ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

Nice Way General Services Co., Ltd၊ Htet Mann Co., Ltd နှင့် Shwe Lann Pwint Co., Ltd တို့မှ ထိုင်းနိုင်ငံရှိဆောက်လုပ်ရေးလုပ်ငန်းသို့ စေလွှတ်ထားသော အလုပ်သမား အမျိုးသား ၂၄၅ ဦး၊ အ မျိုးသမီး ၆၁ ဦး စုစုပေါင်း ၃၀၆ ဦးအနက် အမျိုးသား ၅၂ ဦးသည် ဇန်နဝါရီ ၃၀ ရက်က တရားမဝင် လမ်းကြောင်းမှတစ်ဆင့် မြဝတီမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ အလုပ်သမား ၅၂ ဦးသည် သုဝဏ္ဏဘူမိလေဆိပ် ဆောက်လုပ်ရေး လုပ်ငန်းခွင်၌ တစ်လခန့် လုပ်ကိုင်ပြီးချိန်တွင် လုပ်ခလစာပေးချေရန် နောက်ကျမှုအပေါ် အလုပ်သမားသံအရာရှိရုံး၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်ရုံးနှင့် သက်ဆိုင်ရာ အေဂျင်စီတို့ထံ တစ်စုံတစ်ရာ အသိပေး အကြောင်းကြားမှုမရှိဘဲ ထိုင်းနိုင်ငံရှိ တရားမဝင် အဖွဲ့အစည်းများ၏ လွဲမှားသော လမ်းညွှန်မှုကိုခံယူ၍ လုပ်ကိုင်နေဆဲ အလုပ်များကို ပြီးပြတ်အောင် ဆောင်ရွက်ခြင်းမရှိဘဲ လုပ်ငန်းခွင်မှ ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းခွင်၌ ကျန်ရှိခဲ့သည့် အလုပ်သမားများအား အလုပ်ရှင်မှ အခြားအလုပ်ဆိုက်များသို့ ပြောင်းရွှေ့လုပ်ကိုင်စေခဲ့ပြီး Samutprakan မြို့၌ လုပ်ကိုင်နေသည့် အလုပ်သမားများသည် တစ်နေ့လျှင် ဘတ် ၃၅၀၊ Chonburi မြို့၌ လုပ်ကိုင်နေသည့် အလုပ်သမားများသည် တစ်နေ့လျှင် ဘတ် ၃၃၀ နှင့် Saraburi မြို့၌ လုပ်ကိုင်နေသည့် အလုပ်သမားများသည် တစ်နေ့လျှင် ဘတ် ၃၂၀ ရရှိ၍ လုပ်ငန်းခွင်များ၌ အဆင်ပြေစွာ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ အလုပ်သမားများ လုပ်ငန်းခွင်မှ ထွက်ခွာသွားမှုအပေါ် အလုပ်ရှင်နှင့် သက်ဆိုင်ရာ အေဂျင်စီတို့မှ သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ လူပျောက်တိုင်ကြားခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလုပ်သမားများ အနေဖြင့် လုပ်ငန်းခွင်၌ ပြဿနာဖြစ်ပွားပါက တရားဝင်စေလွှတ်ခဲ့သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့ထံ ဆက်သွယ်အကြောင်းကြား၍ ဖြေရှင်းစေနိုင်ပြီး ညှိနှိုင်းဆောင်ရွက်နိုင်မှု မရှိပါက အလုပ်သမားသံအရာရှိများထံ အကူအညီတောင်းခြင်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

အလုပ်သမားများ မြဝတီမြို့သို့ ပြန်လည်ရောက်ရှိလာမှုအပေါ် မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံး တာဝန်ခံ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမှ ဦးစီးအရာရှိနှင့် မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြဝတီမြို့ရှိ လူမှုအဖွဲ့အစည်းများနှင့်အတူ သက်ဆိုင်ရာ အေဂျင်စီများနှင့် အလုပ်သမားများကို ဇန်နဝါရီ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် ညှိနှိုင်းပေးခဲ့ရာ အလုပ်သမားများမှ လုပ်အားခကျန်ငွေ၊ ကုန်ကျစရိတ်ငွေနှင့် နစ်နာကြေးငွေများ တောင်းဆိုခဲ့မှုအပေါ် အေဂျင်စီများမှ လုပ်ငန်းခွင် မှန်ကန်စွာ စေလွှတ်ခဲ့ခြင်းဖြစ်၍ ကရုဏာကြေးအဖြစ် ခရီးစရိတ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းခွင်၌ ရရန်ကျန်ရှိခဲ့သည့် လုပ်အားခများအား ပြန်လည်ရရှိရန် ထိုင်းနိုင်ငံ ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ညှိနှိုင်းခဲ့မှုအပေါ် ပြေလည်မှုမရသဖြင့် နစ်ဖက်အပြန်အလှန် တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလုပ်ရှင်၊ အလုပ်သမားသဘောတူ စာချုပ်ပါ အချက်များကို အလုပ်သမားများမှ ဖောက်ဖျက်ပါက နစ်နာမှုများကို လျော်ကြေးပေးရန် မဟုတ်ဟု ထိုင်းနိုင်ငံ ပဋိညာဉ်ဥပဒေ၌ ပြဋ္ဌာန်းထားပြီး ထိုင်းနိုင်ငံ အလုပ်သမားကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၁၁၈ အရ အလုပ်သမားများ၏ နစ်နာမှုများကို တရားစွဲဆိုတောင်းဆိုခွင့်ရှိသကဲ့သို့ ပုဒ်မ ၁၁၉ အရ အလုပ်ရှင်၏ လုပ်ငန်းပျက်စီးဆုံးရှုံးများအတွက် နစ်နာမှုကို တရားစွဲတောင်းဆိုပိုင်ခွင့်ရှိကြောင်း သိရသည်။

ယခုဖြစ်စဉ်မျိုး မဖြစ်ပွားစေရေး ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများ အနေဖြင့် ကြိုတင်လေ့လာသိရှိရေးနှင့် သိရှိလိုသည်များကို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများ၊ Migrant Resource Center များသို့ စုံစမ်းလေ့လာမေးမြန်းမှုများ ပြုလုပ်နိုင်ကြောင်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# သမဝါယမတက္ကသိုလ်(သန်လျင်)တွင် (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပွဲကျင်းပ

**သန်လျင် ဖေဖော်ဝါရီ ၁၈**

သမဝါယမတက္ကသိုလ် (သန်လျင်)တွင် (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲ ထိုးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဒက္ခိဏဆောင် မြက်ခင်းပြင်၌ ကျင်းပရာ ပထမနှစ်နှင့် စတုတ္ထနှစ် (စီးပွားရေး သိပ္ပံဘွဲ့) ကိုယ်စားပြုအဖွဲ့နှစ်ဖွဲ့၊ အထူးပြု ဘာသာရပ်များဖြစ်သည့် စာရင်းကိုင် ပညာနှင့် ဘဏ္ဍာရေးပညာအထူးပြု ဘာသာရပ်အဖွဲ့၊ အသုံးချစာရင်းအင်း ပညာအထူးပြုဘာသာရပ်အဖွဲ့၊ ဈေးကွက် ဖော်ဆောင်ရေးစီမံခန့်ခွဲမှု ပညာအထူးပြု ဘာသာရပ်အဖွဲ့၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှု ပညာ အထူးပြုဘာသာရပ်အဖွဲ့၊ လူမှု စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာ အထူးပြု ဘာသာရပ်အဖွဲ့နှင့် သမဝါယမ တက္ကသိုလ်(သန်လျင်) စီမံခန့်ခွဲရေးဌာန များ ကိုယ်စားပြုအဖွဲ့ စုစုပေါင်းအဖွဲ့ရှစ်ဖွဲ့ တို့က ထမနဲထိုးခဲ့ကြသည်။



အဆိုပါထမနဲထိုးသည့် အဖွဲ့များ အား ပါမောက္ခချုပ်ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဦးတင်သိန်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဒေါ်မြင့် မြင့်စိန်နှင့် သင်တန်းရေးရာဌာနမှ တာဝန် ရှိသူများက လိုက်လံကြည့်ရှုအားပေး ခဲ့ကြသည်။ **သတင်းစဉ်**

# မြို့နယ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ကျင်းပ

**ရန်ကုန်**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ထမနဲ လှူဒါန်းပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ထန်းပင်ကုန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲပွဲတော် ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစိုးဝင်းက အမှာ စကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးခင် မောင်ဋ္ဌေးနှင့် ဒုတိယဥက္ကဋ္ဌဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်တို့နှင့်အတူ ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ ပြိုင်ပွဲဝင်များယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုငွေကျပ်ရှစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆုငွေကျပ် ခြောက်သိန်း၊ စတုတ္ထဆုငွေကျပ်ငါးသိန်း၊ ပဉ္စမဆုငွေကျပ် လေးသိန်း၊ နှစ်သိမ့်ဆုငါးဆု အတွက် ဆုငွေကျပ် သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ထမနဲများကို အရဟံဆွမ်းဆက်ကပ်ခြင်း၊ ဘုရားအမှူးပြုသော သံဃာတော်များအား ထမနဲဆွမ်း လောင်းလှူခြင်း၊ အလှူရှင်များအား ဒါနပြုခြင်းနှင့် ခုနစ်ရက်သားသမီးများအား ဝေငှကုသိုလ်ပြုခြင်းတို့ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုဇော်**

**ဒဂုံမြို့နယ်**

ဒဂုံမြို့နယ် မဟာဝိဇယစေတီတော် (၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ထမနဲ ထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲက မဟာဝိဇယစေတီတော်ဝင်းအတွင်း၌ ပြုလုပ်သည့် ထမနဲထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်းစုံမှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပထမအလုံမြို့နယ်၊ ဒုတိယဗဟန်းမြို့နယ်၊ တတိယလှိုင်မြို့နယ် တို့က ရရှိကြပြီး ဆုများကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့် မဟာဝိဇယ စေတီတော်ဂေါပကအဖွဲ့ဝင် များက ပေးအပ်ကြသည်။ **အောင်သူရ**

**ရန်ကုန်**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ဗုဒ္ဓဘာသာအသင်း မိသားစုမှကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အဆိုပါ တက္ကသိုလ် လင်းရောင်ခြည်ကွင်း၌ ကျင်းပရာ ဘွဲ့ကြို/ဘွဲ့လွန် ကျောင်းသား ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် အသင်းများအား ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မောင်လူမော်**

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ ပြုလုပ်ရာ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တက်ရောက် လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု များကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုရရှိသောအသင်းများအား တရား သူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများက ဆုများပေးအပ် သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော်၊ မန္တလေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ ပြိုင်ပွဲဝင်ငါးသင်း ယှဉ်ပြိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ပျဉ်းမနား**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရမည်းသင်းစုနယ်မြေ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် (၁၀၈) ဆူ အောင်တော်မူဘုရားကြီး၏ စတုတ္ထအကြိမ်မြောက် ရွာကောက်အုပ်ချုပ်ရေးမှူးဖလား မြန်မာ့ရိုးရာထမနဲထိုးပြိုင် ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၃ နာရီက ကမ္ဘာ့ဗုဒ္ဓဝင်ပြတိုက် ရင်ပြင်ကွင်း၌ ကျင်းပ သည်။

ထမနဲပြိုင်ပွဲသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၆ ခုတို့မှ စုစုပေါင်းပြိုင်ပွဲဝင် အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝင်ခြောက်ဦး သတ်မှတ်ပေးပြီး လိုအပ်သော ကောက်ညှင်းဆန်၊ နှမ်း၊ ချင်း၊ ဆီနှင့် အုန်းသီးများကို ပျဉ်းမနား ရှိုင်ရယ်မြန်မာတီးမစ်က လှူဒါန်းပေးခဲ့ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးဇော်မျိုးနိုင်က ပြောသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုကို ပဲရွာသဲကျွန်းက လည်းကောင်း၊ ဒုတိယဆုကို ရမည်းသင်းစုနယ်မြေအသင်းက လည်းကောင်း၊ တတိယဆုကို သာယာကုန်းနယ်မြေ က လည်းကောင်း ရရှိသည်။ ဆုများကို ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင် လွင်ဦးနှင့် ရှိုင်ရယ်မြန်မာတီးမစ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျန်အသင်း များအား နှစ်သိမ့်ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**



ပျဉ်းမနားမြို့ရွာကောက်ရပ်ကွက်၌ ထမနဲထိုးပြိုင်ပွဲ ကျင်းပစဉ်။

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈-** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပထမအကြိမ် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပထမအကြိမ် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တိရစ္ဆာန်ရုံဥယျာဉ်ပန်းခြံလမ်း အမှတ် (၆၁၊ ၆၃) ရှိ Mytel ရုံးချုပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာန၊ Mytel နှင့် Skynet တို့ ပူးပေါင်းပြီး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

# လူ့အခွင့်အရေးအခြေခံသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လူ့အခွင့်အရေးအခြေခံသင်တန်း အမှတ်စဉ်(၁)ကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၈ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်း ခြောက်မိုင်ခွဲ အမှတ်(၂၇)ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါ လူ့အခွင့်အရေးအခြေခံသင်တန်းသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

○ *ကျောဖုံးမှ*

ဟိန်းဖြိုးဝင်း၊ ဇေယျာနိုင်၊ လွင်မိုးအောင်၊ နန်းထိုက်ဇော်၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပွဲအစတွင် မြန်မာ ယူ-၂၂ အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၁၃ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့သည်။ တိုက်စစ်မှူး ဝင်းနိုင်ထွန်း ဖန်တီးပေးသောဘောလုံးကို တောင်ပံကစားသမား မြတ်ကောင်းခန့်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးစတင်ရရှိခဲ့သော်လည်း ပုံစံကောင်း မပြသနိုင်ခဲ့ဘဲ အင်ဒိုနီးရှားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ အင်ဒိုနီးရှား အသင်းအတွက် ချေပဂိုးကို ၃၇ မိနစ်တွင် ထောင့်ကန်ဘောမှ ပြန်လျှံထွက်လာသော ဘောလုံးကို အာရင်တိုက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမား များ အပြောင်းအလဲများပြုလုပ်ကာ ကစားအားမြှင့်တင်ခဲ့သည်။ မြန်မာ ယူ-၂၂ အသင်း၏ ခြေစွမ်းမှာ ပထမပိုင်းလောက်ပင် အားရစရာမရှိဘဲ တိုက်စစ်ကစားပုံမှာလည်း အမှားများခဲ့သောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်ထပ်မရခဲ့ပေ။ ထို့ပြင် နည်းပြချုပ် ပိုပေ့ဗ်၏ လူစားလဲမှုမှာလည်း ထိရောက်မှုမရှိသောကြောင့် မြန်မာအသင်း တိုက်စစ်မှာ ဂိုးရရန်ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးထပ်ရသော်လည်း အသုံးမချနိုင်ခဲ့၍ တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံး ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ရီးရဲမက်ဒရစ်နည်းပြဟောင်း ဇီဒန်းသည် ၎င်းအား ကစားသမားဝယ်ယူမှုအတွက် ပေါင်သန်း ၂၀၀ သုံးစွဲခွင့်ပြုပြီး ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဟာဇက် (၂၈နှစ်) အား အသင်းတွင် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမှသာ လျှင် ချယ်လ်ဆီးအသင်းအား ကိုင်တွယ်ရန် သဘောတူညီဖွယ်ရှိကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ပြင်သစ်ကစားသမား မာရှယ်လ် (၂၃နှစ်) နှင့် အင်္ဂလန်ကစားသမား လင်ဂတ် (၂၆နှစ်) တို့အနေဖြင့် လာမည့် တနင်္ဂနွေနေ့တွင် ပရီမီယာလိဂ်ပွဲစဉ် ၂၇ အဖြစ် ယှဉ်ပြိုင်ကစားမည့် လီဗာပူးနှင့်ပွဲစဉ်အမီ ပြန်လည်ပါဝင်လာနိုင် ကြောင်း မေရာတွင် ဖော်ပြထားသည်။
- ဝက်စ်ဟမ်းအသင်းသည် အသင်းမှ အာဂျင်တီးနားခံစစ်ကစားသမား ဇာ ဘလက်တာ (၃၄နှစ်) အနေဖြင့် ရာသီအကုန်တွင် အနားယူသွားခဲ့ပါက အဆိုပါ ကစားသမား၏ နေရာကို အစားထိုးရန်အတွက် မန်ယူအသင်းမှ အသက် ၃၃ နှစ်အရွယ် အီကွေဒေါဗဟိုခံစစ်ကစားသမား ဗလင်စီယာအား ကမ်းလှမ်းမှုပြုလုပ်သွားရန် စီစဉ်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြထား သည်။
- ဂျူဗင်တပ်စ်အသင်းသည် လီဗာပူးအသင်းမှ အသက် ၂၆ နှစ်အရွယ် အီဂျစ်တိုက်စစ်ကစားသမား ဆာလာကို အီတလီသို့ ခေါ်ယူရေးအတွက် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ အသက် ၂၅ နှစ်အရွယ် အာဂျင်တီးနား ကစားသမား ဒိုင်ဘာလာအား အသုံးပြုရန် စီစဉ်နေခြင်း ကြောင့် လီဗာပူးအသင်းအနေဖြင့် အဆိုပါ အာဂျင်တီးနား ကစားသမားအား ခေါ်ယူရန် လက်လှတ်ရဖွယ်ရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- မန်ယူနှင့် အာဆင်နယ်အသင်းတို့သည် ဘာမင်ဂမ်စီးတီးအသင်းမှ အင်္ဂလန် တိုက်စစ်ကစားသမား အဒမ်စ် (၂၂နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေ ကြောင်း မေရာတွင် ဖော်ပြထားသည်။
- ပီအက်စ်ဂျီအသင်းမှ တိုက်စစ်ကစားသမား အမ်ဘတ်ပီသည် ယမန်နေ့က လီဂူးဝမ်း ပွဲစဉ် ၂၅ အဖြစ် ပီအက်စ်ဂျီအသင်းက စိန့်အက်တီအန်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်း၏တစ်လုံးတည်းသော အနိုင်ဂိုးအား ပွဲချိန် ၇၃ မိနစ်တွင် အဲဗက်စ်၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူလိုက်နိုင်ခဲ့သောကြောင့် လီဂူးဝမ်း၌ သွင်းဂိုး ၁၉ ဂိုးအထိ ရှိလာခဲ့ ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်ရန် စာရေးရာထူး လျှောက်ထားရာ၌ သာယာဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးသည် ငွေကျပ် ၁၀ သိန်း ရယူခဲ့ပြီး ဝန်ထမ်းခန့်ထားပေးခြင်း မရှိသည့်အတွက် အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးသည် သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးစာရေးရာထူးရွေးချယ် ခန့်ထားရေးအတွက် တိုင်ကြားသူထံမှ ငွေကျပ် ၁၀သိန်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးဝင်းအတွင်းရှိ ၎င်း၏နေအိမ်ညှိခန်းတွင် လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် သာယာဝတီမြို့မရဲစခန်း၌ ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၉-၂-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - "Line Walker-2 မှသည်" (အပိုင်း - ၁)
၈း၅၀ - "၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာကြီးများနှင့် စာပေစကားဝိုင်း"(အပိုင်း-၂)
၉း၂၅ - "အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက၊ ဒေါက်တာဘဒ္ဒန္တ စန္ဒိတာလင်္ကာရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ပဋ္ဌိမာရုံ စာသင်ကျောင်းတိုက် လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း"
၁၀း၃၀ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (စိတ်ကြိုက်မြန်မာဘာသာရပ်)
၁၀း၅၅ - ဥပဒေရေးရာအဖြာဖြာ "စုမဲ"
၁၁း၂၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မိန်းမပီပီ"
၁၂း၃၀ - "စုဒ္ဒသမတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကကမ္ဘောဇ ဆရာတော်ဘဒ္ဒန္တ ဝိရိယနန္ဒ၏ ထေရုပတ္တိမှတ်တမ်း" (အပိုင်း-၃)
၁၅း၄၀ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ (လက်သင်္ကေတပြ) (ဓာတုဗေဒဘာသာရပ်)"

**ညပိုင်း**

၁၆း၂၅ - ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ (ရူပဗေဒဘာသာရပ်)
၁၇း၃၅ - မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ပညာရေးစကားဝိုင်း" ပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေ စကားဝိုင်းဆွေးနွေးပွဲ"
- အနုပညာခန်းရိပ်သာ "စာရေးဆရာမော်ဝံသ အကြောင်း" (အပိုင်း-၁)

## ကသာ၊ အင်းတော်၊ ရွှေပြည်သာနှင့် နောင်ချိုမြို့နယ်တို့တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကသာမြို့နယ် ကသာ-အင်းတော်သွားကားလမ်း၊ ပင်းမလွတ်ကျေးရွာ မီးရထား သံလမ်းအနီးတွင် မောင်မြင့် မောင်းနှင်ပြီး မျိုးကိုကို လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၅၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂၅ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ည ၇ နာရီတွင် အင်းတော်မြို့နယ် ရွှေဘို - မြစ်ကြီးနားသွားကားလမ်း နန့်မကျိုင်းကျေးရွာသွားလမ်းဆုံတွင် ဇော်ဘောက် (ခ)မာဒီး မောင်းနှင်လာသည့် Nissan AD Van အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၈၆၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန် (အနောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ် (၁၂) ရပ်ကွက် ပိတောက်လမ်း အနီးတွင် တွေ့ရှိသူ တာကော(ခ)သိန်းလွင်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ရွှေပြည်သာမြို့နယ် အမှတ်(၁၈)ရပ်ကွက် ဆိပ်ကမ်းသာလမ်း အကွက်အမှတ် ၁၄ ရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၅၈၃ ပြားနှင့် ဘိန်းဖြူ ၁၄ ဒသမ ၅ ဂရမ် တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီကလည်း မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ် - မန္တလေးသွား ပြည်ထောင်စုလမ်း အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ခရီးသည်မချောစု၏ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၇၆ ကီလို၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မင်းလှမြို့နယ်၌ နှစ်လအတွင်း အထောက်အထားမဲ့ ခိုးဝင်လာသူ ၉၇ ဦးဖမ်းမိ

**မင်းလှ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် မင်းလှမြို့နယ် အတွင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင်း အထောက်အထားမဲ့ ဝင်ရောက်လာသူ ၂၅ ဦး၊ ဖေဖော်ဝါရီလတွင် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၇၂ ဦး စုစုပေါင်း ၉၇ ဦးနှင့် လိုက်ပါပို့ဆောင်သူခြောက်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အလားတူ ၂၀၁၈ ခုနှစ်တွင် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၃၁ ဦးနှင့် လိုက်ပါပို့ဆောင်သူ ၁၃ ဦး ဖမ်းဆီးရမိခဲ့သဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ၁၉၄၉ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**မြန်မာ့အလင်း**

## မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ စက်သုံးဆီဆိုင် မီးလောင်

**မုံရွာ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် ပြည်ထောင်စုလမ်းဘေးရှိ စွမ်းရည်ထက် စက်သုံးဆီအရောင်းဆိုင်တွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆီသယ်ယာဉ်ပေါ်မှ 92 Octane စက်သုံးဆီများကို စက်သုံးဆိုင်ရှိ ဆီပီပါများအတွင်းသို့ ပိုက်ဖြင့်ချပေးနေစဉ် ပွတ်တိုက်မှုကြောင့် သဘာဝတည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်ပြီး ညနေ ၆ နာရီ ၃၅ မိနစ်က စတင်လောင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ မီးသတ်ယာဉ် ၁၈စီး၊ ရေသယ်ယာဉ် ရှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် စက်သုံးဆီဆိုင်ရှိ ဆီပန့်တိုင်သုံးတိုင်၊ 92 Octane စက်သုံးဆီ ပီပါ ၂၁ လုံး၊ အဆောက်အအုံ နှစ်လုံးတို့ ပျက်စီးဆုံးရှုံးကြောင်းသိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မိုးမိတ်နှင့် ပန်းတောင်းမြို့နယ်တို့တွင် သစ်ခွဲသားများ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မိုးမိတ်မြို့နယ်အတွင်း နယ်မြေခံတပ်နှင့် သစ်တောဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က မိုင်းနင်းကျေးရွာ၏ အရှေ့တောင်ဘက် လေးမိုင်ခန့်ကွာဝေးသောနေရာ၌ ကျွန်းသစ်/ခွဲသား ၁၁၇ လုံး/ချောင်း၊ ၁၂ ဒသမ ၇၁၁၀ တန်နှင့် တရုတ်အင်ဂျင် တစ်လုံးတို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပန်းတောင်းမြို့နယ် ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၆ ရက်က နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် (၁၅၅/၆)ရှိ ကြိုးပြင်ခုတ်ကွင်း (၁၃၁)အတွင်းမှ ပိတောက်ခွဲသား ၁၀၉ ချောင်း၊ ၉ ဒသမ ၆၁၁ တန်၊ အင်ဂျင်နှစ်လုံးနှင့် စက်ခုံ နှစ်ခုတို့အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရှိရသည်။

**မောင်လူမော်**

## ရမည်းသင်းမြို့နယ်တွင် လောင်းကစားပြုလုပ်သူတစ်ဦး ဖမ်းဆီးရမိ

**ရမည်းသင်း ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက်က လောင်းကစားပြုလုပ်သူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ ရဲအုပ်ဌေးလင်းနိုင်နှင့် ရမည်းသင်းမြို့မရဲစခန်းမှ ဒုရဲအုပ် နိုင်အောင် ဦးစီးသော အဖွဲ့သည် ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်ကြီး၊ ဝါတိုးဈေးကုန်းရပ်ရှိ ကွမ်းယာဆိုင်ပိုင်ရှင် မရတနာဦးထံမှ တရားမဝင် နှစ်လုံး၊ သုံးလုံး ထီဂဏန်းများနှင့် လောင်းကြေးငွေများ ရေးသားထားသည့် ဘောက်ချာစာရွက်များနှင့် လောင်းကစားပြုလုပ်ရာတွင် ဆက်စပ်ပစ္စည်းများနှင့်လောင်းကြေးငွေကျပ် ၁၁၇၀၀၀ ကို တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

## ဂန့်ဂေါ၊ ဝက်လက်၊ ကောလင်းနှင့် ခင်ဦးမြို့နယ်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘုရားစေတီနှင့် အဆောက်အအုံအချို့ ပျက်စီး

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် မြင်သားကုန်းရွာတွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ခဲ့သည်။

ထိုသို့ လေပြင်းတိုက်ခတ်သဖြင့် အိမ်ထောင်စု ရှစ်စုရှိ လူနေအိမ် ရှစ်လုံး အမိုးအကာများ ပျက်စီးခဲ့ပြီး အဆိုပါလေဘေးသင့် မိသားစုဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး ၂၂ ဦးတို့အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**စိန်ကျော်**

**ဝက်လက်**

ဝက်လက်မြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၁) ရပ်ကွက်၊ မင်းရွာ၊ သခွတ္တော၊ သရိုင်၊ မင်းကုန်း၊ ကမ်းဖြူ၊ ကျီးပင်ကန်၊ ရှိမ္ဗကား ကျေးရွာများရှိ လူနေအိမ် ၆၃ လုံးအနက် ရှစ်လုံးမှာ ထိခိုက်ပျက်စီးခဲ့ပြီး ၅၅ လုံးအနည်းငယ် ထိခိုက်ပျက်စီးသွားသည်။ အဆိုပါလေဘေးသင့်အိမ်ထောင်စု ရှစ်စုမှ အမျိုးသား ၁၂ နှင့် အမျိုးသမီး ၁၉ ဦး စုစုပေါင်းပေါင်း ၃၁ ဦး ရှိကြောင်း သိရသည်။

အလားတူ စာသင်ကျောင်း နှစ်ခု၊ တိုင်းရင်းဆေးခန်း တစ်ခုတို့ အမိုးလန်ခြင်း၊ သာသနိက အဆောက်အအုံခြောက်ခုအနက် လေးခု အမိုးလန်ခြင်းနှင့် စေတီနှစ်ဆူအနက် တစ်ဆူမှာ ထီးတော်ပြုတ်ကြပြီး နောက်တစ်ဆူမှာ ထီးတော်ယိုင်လဲခဲ့ပြီး ကြက်ခြံတစ်ခုပျက်စီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၁၇ ရက် ည ၁၀ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် စစ်တောကျေးရွာတွင် လူနေအိမ် တစ်လုံး၊ ဝါးရုံးခုံကျေးရွာတွင် လူနေအိမ် ၁၆ လုံး၊ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ လေဘေးသင့်ပျက်စီးခဲ့သော ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်ချက်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဝက်လက်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်း တစ်ကျောင်းကို တွေ့ရစဉ်။

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အဦးများ ပျက်စီးခဲ့ကြောင်း ခရိုင် မီးသတ်စခန်း မီးသတ်ဦးစီးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံကွက်ကျေးရွာတွင် နေအိမ်သုံးလုံး၊ ဗျိုင်းကြိုင်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဝန်ကြီးကျေးရွာတွင် နေအိမ် တစ်လုံး ပျက်စီးခဲ့သည်။ အဆိုပါကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးအဖွဲ့တို့ ပူးပေါင်း၍ ရှင်းလင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# ကက်ရှ်မီးယား၌ ထပ်မံဖြစ်ပွားသည့် နှစ်ဖက်ပစ်ခတ်မှုများအတွင်း ခုနစ်ဦးသေဆုံး

**ဆရီနာဂါ ဖေဖော်ဝါရီ ၁၈**

ပဋိပက္ခများဖြစ်ပွားနေသည့် ကက်ရှ်မီးယားဒေသအတွင်း၌ အသေခံဗုံးခွဲသမားများ၏ တိုက်ခိုက်မှုကြောင့် ပြည်သူ့စစ်အဖွဲ့ဝင် ၄၁ ဦးသေဆုံးခဲ့ပြီး ရက်အနည်းငယ်အကြာ တနင်္လာနေ့တွင် အိန္ဒိယတပ်ဖွဲ့ဝင်များနှင့် ကက်ရှ်မီးယားစစ်သွေးကြွများအကြား တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ရာ ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

နှစ်ဖက်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများသည် အိန္ဒိယအစိုးရအပေါ် ဖိအားများ ပိုမိုကျရောက်လာစေခဲ့သည်။ ကြာသပတေးနေ့က ပြည်သူ့စစ်ယာဉ်တန်းကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သည့်အတွက် အိန္ဒိယအစိုးရသည် ပါကစ္စတန်ကို အပြစ်တင်ခဲ့ပြီး ယင်းတိုက်ခိုက်မှုကြောင့် အိန္ဒိယ၏ အိမ်နီးချင်းနိုင်ငံလည်းဖြစ် နျူကလီးယားဆိုင်ရာ အဓိကယှဉ်ပြိုင်ဘက်လည်းဖြစ်သည့် ပါကစ္စတန်နိုင်ငံအပေါ် အရေးယူဆောင်ရွက်ပေးရန် ကျယ်ကျယ်ပြန့်ပြန့် တောင်းဆိုမှုများ ပေါ်ပေါက်လာစေခဲ့သည်။

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ အဓိကမြို့ဖြစ်သည့် ဆရီနာဂါတောင်ပိုင်း ပါလ်ဝါမာဒေသ၌ တပ်ဖွဲ့ဝင်လေးဦး၊ စစ်သွေးကြွနှစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးကြောင်း၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့သတင်းရင်းမြစ်များက ဖော်ပြခဲ့ပြီးနောက်တွင် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ နာရီများစွာကြာအောင် ဆက်လက်ဖြစ်ပွားနေခဲ့ကြောင်း သိရသည်။

သေဆုံးသွားသူများထဲတွင် ကြည်းတပ်မှ ဗိုလ်မှူးတစ်ဦးပါဝင်ကြောင်း အိန္ဒိယစစ်ဘက်မှ ပြောကြားချက်အရသိရသည်။ နောက်ထပ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးတို့သည်လည်း အကြီးအကျယ် ထိခိုက်ဒဏ်ရာရရှိထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

ပါကစ္စတန်ကို စစ်ရေးအရ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုနေသည့် ဆန္ဒပြပြည်သူများကို တွေ့ရစဉ်။




# ကုလသမဂ္ဂက ကြားဝင်စေ့စပ်ညှိနှိုင်းခဲ့ပြီးနောက် ဟိုဒေးဒါမှဆုတ်ခွာရန် ယီမင်ရှိ ဟူသီသူပုန်များ သဘောတူ

ဆာနား ဖေဖော်ဝါရီ ၁၈

**ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင်ရရှိခဲ့သည့် စတော့ဟုမ်း ငြိမ်းချမ်းရေးသဘောတူညီမှုအရ ယီမင်ရှိ ဟူသီသူပုန်များသည် ၎င်းတို့၏ တိုက်ခိုက်ရေးအဖွဲ့သားများကို တနင်္ဂနွေနေ့တွင် ဟိုဒေးဒါဆိပ်ကမ်းမြို့မှ ဆုတ်ခွာသွားစေရန် သဘောတူညီလိုက်ကြောင်းသိရသည်။**

သူပုန်အဖွဲ့က ဖော်ပြခဲ့သည့် သတင်းထုတ်ပြန်ချက်အရ ၎င်းတို့သည် ပထမခြေလှမ်းအဆင့်အနေဖြင့် ဆိပ်ကမ်းမြို့မှ ဆုတ်ခွာသွားမည်ဖြစ်ကြောင်း ဟူသီသူပုန်များက ပြောကြားခဲ့သည်။

ယင်းသို့ဆောင်ရွက်မှုသည် ယီမင်သို့ ကုလသမဂ္ဂဆိုင်ရာ အထူးသံအမတ်အဖြစ် လာရောက်လျက်ရှိသည့် မာတင်ဂရစ်ဖစ်နှင့် ကုလသမဂ္ဂ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်အဖွဲ့ အကြီးအကဲ မစ်ချယ်အန်ကာလောလက်စ်ဂတ်တို့ တင်ပြခဲ့သည့် အစီအစဉ်တစ်ရပ်အပေါ် အခြေခံသည့် ဆောင်ရွက်မှုဖြစ်ကြောင်း သိရသည်။



ဟူသီသူပုန်အဖွဲ့မှ လူငယ်တစ်ဦးကို တွေ့ရစဉ်။

ယီမင်၏ တင်သွင်းကုန်များနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့များ ဝင်ရောက်ရာ စီးပွားရေးအချက်အချာ ဝင်ပေါက်တစ်ခုဖြစ်သည့် ဟိုဒေးဒါဆိပ်ကမ်းတွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ရှောင်လွှဲနိုင်ရန်နှင့် သဘောတူညီမှုကို ခိုင်မာစေရန် ဂရစ်ဖစ်သည် ဆော်ဒီနိုင်ငံ မြို့တော်ရီယာ့ဒ်ရှိ ယီမင်အစိုးရနှင့် ဆာနားရှိ ဟူသီသူပုန်များအကြား စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သည်။

ယီမင်၌ ဖြစ်ပွားနေသည့် လေးနှစ်ကြာပြည်တွင်းစစ်သည် ပြည်သူ ၁၂ သန်းကျော်ကို ငတ်မွတ်ခေါင်းပါးမှုဘေးဆိုက်ရောက်စေခဲ့ပြီး ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖန်တီးနေကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်က ဆီးရီးယားရှိ ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများကို ကာကွယ်ပေးလိမ့်မည်မဟုတ်ကြောင်း သမ္မတအာဆတ်သတိပေး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၈**

ဆီးရီးယားရှိ ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများ၏ မဟာမိတ်ဖြစ်သည့် အမေရိကန်သည် တူရကီထိုးစစ်ဆင်တိုက်ခိုက်မှုမှ ကာ့ဒ်အုပ်စုများကို ကာကွယ်ပေးလိမ့်မည်မဟုတ်ကြောင်း ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က ကာ့ဒ်အုပ်စုများကို သတိပေးလိုက်ကြောင်းသိရသည်။

**တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန်ပြင်ဆင်**

အမေရိကန်က မဟာမိတ်ပြုထားသည့် ကာ့ဒ်ဦးဆောင်သည့် တိုက်ခိုက်ရေးအုပ်စုများသည် ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့နောက်ဆုံးခြေကုပ်ယူထားသည့် နေရာများကို ပြန်လည်ရယူခဲ့ပြီးနောက်တွင် အမေရိကန်သည် ဆီးရီးယား၌ချထားသည့် ၎င်း၏ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် ပြင်ဆင်လျက်ရှိသည်။

**တူရကီနိုင်ငံက တိုက်ခိုက်လာနိုင်**

ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများကို ချန်ရစ်ကာ တပ်ဖွဲ့ဝင်များအား ဆုတ်ခွာရန်လုပ်ဆောင်မှုသည် အိမ်နီးချင်းဖြစ်သည့် တူရကီနိုင်ငံက တိုက်ခိုက်လာနိုင်သည့် ခြိမ်းခြောက်မှုကို ကြုံရမည်ဖြစ်ကြောင်း သမ္မတအာဆတ်က ပြောကြားလိုက်သည်။ တူရကီသည် ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုများကို အကြမ်းဖက်အုပ်စုအဖြစ် ရှုမြင်လျက်ရှိသည်။

**အမေရိကန်က လုံးဝကာကွယ်ပေးလိမ့်မည် မဟုတ်**

အမေရိကန်နိုင်ငံသားများအပေါ်ယုံစားကာ အလောင်းအစားပြုလုပ်နေသည့် ကာ့ဒ်အုပ်စုများအား ပြောကြားလိုသည်မှာ အမေရိကန်က သင်တို့ကို လုံးဝကာကွယ်ပေးလိမ့်မည်မဟုတ်ဟု သမ္မတအာဆတ်က ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့်မိန့်ခွန်းတစ်ခုတွင်ပြောကြားလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်

# ရုရှားအပေါ် အမေရိကန်၏ပိတ်ဆို့မှုများ အဓိပ္ပာယ်မရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးပြော



ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့

**မော်စကို ဖေဖော်ဝါရီ ၁၈**

ရုရှားနိုင်ငံအပေါ် အမေရိကန်က နောက်တစ်ကြိမ်ထပ်မံ လုပ်ဆောင်လာမည်ဆိုသော ပိတ်ဆို့မှုများမှာ ယခင်ကလုပ်ဆောင်ခဲ့သည့် ပိတ်ဆို့မှုများကဲ့သို့ပင် အဓိပ္ပာယ်မရှိသည့် လုပ်ရပ်တစ်ခုသာဖြစ်လာမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြောဆိုခြင်းမှာ ကျွန်ုပ်အနေဖြင့် သတိပေးခြင်းမဟုတ်ဘဲ အဓိပ္ပာယ်မရှိကြောင်းကိုသာ ပြောဆိုခြင်းဖြစ်ကြောင်း၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ လုပ်ဆောင်နေသည်ကိုလည်း ရှင်းရှင်းလင်းလင်းမသိရကြောင်း၊ အကယ်၍သာ ပိတ်ဆို့မှုများက အလုပ်မဖြစ်လျှင် ၎င်းတို့အတွက် စိတ်မကောင်းကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး လက်ဗရော့က အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၃ ရက်က အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်များပါဝင်သည့် အဖွဲ့သည် ရုရှားနိုင်ငံအပေါ် ထရမ့်အစိုးရအဖွဲ့က ပိုမိုတင်းကျပ်သည့် အရေးယူပိတ်ဆို့မှုများ ချမှတ်သွားရန် စီစဉ်လျက်ရှိသည့် ဥပဒေမူကြမ်းတစ်ရပ်ကို မိတ်ဆက်ခဲ့သည်။ ယင်းဥပဒေ၌ ရုရှားဖက်ဒရယ်လုံခြုံရေးအဖွဲ့မှ အေးဂျင့် ၂၄ ဦးတို့ကို အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ရန် တောင်းဆိုထားသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီးကို တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန် ပြန်ခေါ်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၈**

အိန္ဒိယနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ဆိုဟီးလ်မာမွတ်ကို တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန်အတွက် ပါကစ္စတန်နိုင်ငံက ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။ အိန္ဒိယက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်သံအမတ်ကို အိန္ဒိယမှပြန်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး မူဟာမက်ဖေဆယ်လ်က တနင်္လာနေ့တွင် တွစ်တာပေါ်ရေးသားဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး ပြန်ရောက်လာမှုကို အတည်ပြုခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပါရီ၌ အခြေစိုက်ထားသည့် နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုများကို စောင့်ကြည့်နေသည့်အဖွဲ့က အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားရန်အတွက် ညှိနှိုင်းဆွေးနွေးသွားဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# သန်းပေါင်းများစွာသော နိုင်ဂျီးရီးယားပြည်သူတွေကို စိတ်ပျက်စေခဲ့သည့် ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းမှု

## ချူးစန္ဒီနွေး


**နိုင်ဂျီးရီးယားသမ္မတရွေးကောက်ပွဲကို ၂၀၁၉ ဖေဖော်ဝါရီ ၁၆ရက်မှာ ကျင်းပဖို့ ရက်သတ်မှတ်ခဲ့ပေမယ့် မျှော်လင့်တဲ့အတိုင်း ဖြစ်မလာခဲ့ပါဘူး။ အမျိုးမျိုးသောအကြောင်းပြချက်တွေကို ထည့်သွင်းစဉ်းစားပြီးတဲ့နောက်မှာတော့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟာ ကြေညာမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ နောက်ထပ်နာရီအနည်းငယ်အတွင်း မဲရုံတွေဖွင့်လှစ်တော့မှာဖြစ်ပြီး အဲဒီမတိုင်ခင် စနေနေ့ နံနက် ၂ နာရီခွဲခန့်မှာ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်ပြီလို့ ကြေညာခဲ့ပါတယ်။**

**သတင်းစာရှင်းလင်းပွဲကျင်းပ**

အဲဒီနောက်မှာတော့ သူဟာ သံတမန်တွေ၊ အပြည်ပြည်ဆိုင်ရာက ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေကို ခေါ်ယူခဲ့ပြီး သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာတော့ လုံခြုံရေးအရမဟုတ်သလို နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုတွေလည်း မရှိဘူးလို့ ပြောကြားခဲ့ပါတယ်။ သမ္မတရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်တဲ့သတင်းဟာ သန်းပေါင်းများစွာသော နိုင်ဂျီးရီးယားတွေအတွက် စိတ်ပျက်စရာသတင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။ သမ္မတအဖြစ် ရွေးကောက်ခံမယ့် လူပေါင်း ၇၀ ကျော်ထဲက တစ်ဦးကိုသာ ရွေးချယ်ရမယ့်ပွဲဖြစ်လို့ နိုင်ဂျီးရီးယားတွေ စိတ်လှုပ်ရှားနေခဲ့ပါတယ်။ သူတို့ဟာ စနေနေ့နံနက်စောစောမှာပဲ မဲပေးဖို့ အသင့်ပြင်ထားခဲ့ကြပါတယ်။ ပါဝင်ယှဉ်ပြိုင်ကြသူတွေထဲမှာ အသက် ၇၆ နှစ်အရွယ် သမ္မတ မူဟာန်မက်ဒူဘူဟာရီလည်း အပါအဝင်ဖြစ်ပြီး သူ့ရဲ့ဒုတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်တာလည်းဖြစ်ပါတယ်။ သူဟာလည်း မဲပေးဖို့အတွက် ဇာတိရွာကိုသွားခဲ့ပြီး ရွေးကောက်ပွဲရွှေ့ဆိုင်းလိုက်တဲ့အခါမှာတော့ မြို့တော်ကို ပြန်လာခဲ့ပါတယ်။

**ခရီးဝေးကလာကြသူတွေ**

ဗုဒ္ဓဟူးနေ့မှာတော့ သမ္မတမူဟာန်မက်ဒူဘူဟာရီကို ထောက်ခံသူတွေဟာ မြို့တော်အဘူဂျာမှာ စုဝေးခဲ့ကြပါတယ်။ သမ္မတဘူဟာရီဟာ လက်ရှိရွေးကောက်ပွဲမှာ အကျဉ်းအကျပ်ထဲ ရောက်နေသူလည်း ဖြစ်ပါတယ်။ များပြားလှစွာသော နိုင်ဂျီးရီးယားပြည်သူတွေဟာ မဲပေးနိုင်ဖို့အတွက် ခရီးဝေးကလာခဲ့ကြ ရသူတွေဖြစ်ပြီး ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်တယ်ဆိုတဲ့သတင်းစကားက သူတို့အားလုံးကို စိတ်ပျက်လက်ပျက်ဖြစ်စေတာ အမှန်ပါပဲ။ မစ္စတာဘူဟာရီနဲ့ သူ့ရဲ့အဓိကပြိုင်ဘက်ဖြစ်သူ အသက် ၇၂ နှစ်အရွယ် အာတီကူအဘူဘာကာတို့နှစ်ဦးစလုံးဟာ သူတို့ကိုယ်တိုင် ရွေးကောက်ပွဲတစ်ပတ်နောက်ဆုတ်လိုက်ရတဲ့ အခြေအနေအပေါ် ရှုတ်ချကြပေမယ့် သူတို့ကို ထောက်ခံကြသူတွေကိုတော့ စိတ်ရှည်ရှည်ထားဖို့ တိုက်တွန်းခဲ့ကြပါတယ်။ မစ္စတာဘူဟာရီကို ဝေဖန်ကြသူတွေကတော့ ပြီးခဲ့တဲ့သမ္မတသက်တမ်း လေးနှစ်တာကာလအတွင်းမှာ မစ္စတာဘူဟာရီဟာ အရင်တုန်းက သူကတိပေးထားခဲ့သလို တိုင်းပြည်ရဲ့စီးပွားရေးကို ပြုပြင်ပေးမယ်၊ အကျင့်ပျက်ခြစားမှုတွေကို ကိုင်တွယ်ဖြေရှင်းပေးမယ်၊ လုံခြုံရေးအင်အားကို မြှင့်တင်ပေးမယ် အစရှိတဲ့ကတိတွေကို အောင်မြင်အောင်မလုပ်ဆောင်နိုင်ခဲ့ဘူးလို့ ဝေဖန်ကြပါတယ်။ လုံခြုံရေးအပိုင်းကိုကြည့်မယ်ဆိုရင်လည်း ဘိုကိုဟာရမ်အကြမ်းဖက်သမားတွေရဲ့တိုက်ခိုက်မှု၊ ရာဇဝတ်ဂိုဏ်းတွေရဲ့တိုက်ခိုက်မှုဟာ မြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။ အခုသီတင်းပတ်အတွင်းမှာကိုပဲ ကန်ဒူနာမြို့မှာ ဘာသာရေးဆိုင်ရာ တင်းမာမှုတွေကြား ပေါ်ပေါက်လာတဲ့ ပဋိပက္ခတွေကြောင့် လူပေါင်း ၆၀ ခန့် အသက်ခံခဲ့ရပါတယ်။ လက်ရှိသမ္မတဟာ သူ့ရဲ့နိုင်ငံရေးအရ ရန်သူတွေကို ဦးတည်ပြီး အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး မဲဆွယ်စည်းရုံးမှုတွေပြုလုပ်ခဲ့တယ်လို့ ဝေဖန်သူတွေက ပြောပါတယ်။



မဲစာရင်းတွင် မိမိတို့၏နာမည်များကို စစ်ဆေးနေကြသည့် နိုင်ဂျီးရီးယား ပြည်သူအချို့ကို တွေ့ရစဉ်။

**အပြန်အလှန်စွပ်စွဲနေခဲ့ကြ**

ဒုတိယသမ္မတဟောင်းဖြစ်သူ အဘူဘာကာဟာ ချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး အကျင့်ပျက်ခြစားစွပ်စွဲချက်တွေနဲ့ ရင်ဆိုင်နေရသူလည်း ဖြစ်တယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ အမေရိကန်ပြည်ထောင်စု ဥပဒေပြုလွှတ်တော် ဆပ်ကော်မတီခွဲတစ်ခုက မစ္စတာအဘူဘာကာကို နိုင်ငံခြားဘဏ်အကောင့်ထဲကို နိုင်ဂျီးရီးယားက ရေနံရောင်းမှုမှရရှိသည့် အခွန်ငွေဒေါ်လာ ၁၀ သန်းခန့်ကို လျှို့ဝှက်ဘဏ်စာရင်းကနေလွှဲပြောင်းပေးခဲ့တယ်လို့ စွပ်စွဲထားခဲ့ပါတယ်။ မစ္စတာအဘူဘာကာကတော့ သူ့အနေနဲ့တစ်ခါမှ ရာဇဝတ်မှု ကျူးလွန်မှုကြောင့် တရားစွဲဆိုခြင်း မခံရဖူးဘူးလို့ ပြန်လည်ချေပခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ ရှေ့တန်းကပြေးနေတဲ့ နိုင်ငံရေးပါတီကြီးနှစ်ခုရဲ့ ခေါင်းဆောင်တွေကတော့ ရွေးကောက်ပွဲရက် ရွှေ့လိုက်ရတဲ့အပေါ် အမြတ်ထုတ်ဖို့ ကြိုးစားနေကြတယ်ဆိုပြီး အပြန်အလှန် စွပ်စွဲနေခဲ့ကြပါတယ်။

**စိတ်ရှည်ရှည်ထားဖို့တိုက်တွန်း**

မဲပေးနိုင်တဲ့ မဲရုံတွေရဲ့အဝေးမှာ နေထိုင်ကြတဲ့ ပြည်သူတွေအဖို့ မဲပေးပွဲကို နောက်တစ်ကြိမ်လာဖို့ဆိုတာ အချိန်ရော ငွေအားပါ တစ်ဖန်ပြန်လည်စိုက်ထုတ်ရမှာပါ။ ဒါကြောင့် ရွေးကောက်ပွဲနှောင့်နှေးမှုကနေ ပါဝင်ယှဉ်ပြိုင်သူတွေ ဘယ်လိုအမြတ်ထုတ်လို့ ရနိုင်ပါ့မလဲဆိုတာကတော့ စဉ်းစားစရာပါပဲ။ လက်ရှိသမ္မတ မစ္စတာဘူဟာရီရဲ့ပါတီအကြီးအကဲတွေကတော့ မစ္စတာအဘူဘာကာဟာ လက်ရှိအခြေအနေအရ အနိုင်ရဖို့ မလွယ်ကူတဲ့အတွက် ရွေးကောက်ပွဲရက်ရွှေ့ထားချိန် အချိန်ခဏလေးအတွင်းမှာ မရိုးမဖြောင့်တာတွေလုပ်ဖို့၊ သိက္ခာချဖို့ လုပ်နေတယ်လို့ စွပ်စွဲကြပါတယ်။ မစ္စတာအဘူဘာကာဘက်ကလည်း လက်ရှိသမ္မတဟာ အချိန်ရွှေ့တာကို အခွင့်ကောင်းယူပြီး မဲဆန္ဒရှင်တွေကို ဖိနှိပ်ဖို့ လုပ်နေတယ်ဆိုပြီး တန်ပြန်စွပ်စွဲခဲ့ပါတယ်။ သူတို့ရဲ့အစီအစဉ်ကတော့ ပြည်သူလူထုရဲ့ ဒေါသတွေကို ဆွမယ်။ ဆိုးရွားတဲ့တုံ့ပြန်မှုတွေ ပေါ်ပေါက်လာအောင်လုပ်မယ်။ အဲဒီနောက်မှာတော့ ဒီမိုကရေစီမဆန်တဲ့ လုပ်ရပ်တွေဆက်လုပ်ဖို့ ကြိုးစားလိမ့်မယ်လို့ မစ္စတာအဘူဘာကာကစွပ်စွဲခဲ့ပါတယ်။ ဒီလိုအပြန်အလှန်စွပ်စွဲနေကြပေမယ့် သူတို့ရဲ့ထောက်ခံသူတွေကိုတော့ စိတ်ရှည်ရှည်ထားကြဖို့ တိုက်တွန်းထားပါတယ်။ နဂိုကတည်းက တင်းမာမှုတွေဖြစ်ပေါ်နေတဲ့ ရွေးကောက်ပွဲမှာ နောက်ထပ်ပြဿနာတွေ ဖြစ်မလာဖို့ စိတ်ရှည်ရှည်ထားကြပါလို့ တိုက်တွန်းနေကြပါတယ်။

**အစီအစဉ်တွေကမောက်ကမဖြစ်ကုန်**

ရွေးကောက်ပွဲကော်မရှင်ရဲ့ရွေးကောက်ပွဲရွှေ့ဆိုင်းလိုက်ဖို့ ဆုံးဖြတ်မှုကြောင့် လူတော်တော်များများရဲ့ အစီအစဉ်တွေ ကမောက်ကမဖြစ်ကုန်ရတာကတော့ အမှန်ပါပဲ။ ဥရောပသမဂ္ဂကလာတဲ့ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူတွေ၊ သန်းပေါင်းများစွာသော ပြည်သူတွေ၊ အာဖရိကသမဂ္ဂနဲ့ အမေရိကန်က ဒီမိုကရေစီကို ထောက်ခံကြတဲ့ အဖွဲ့အစည်းတွေ ဒီလူတွေအားလုံးရဲ့အစီအစဉ်တွေ ကမောက်ကမတွေ ဖြစ်ကုန်ပါတယ်။ လေ့လာစောင့်ကြည့်သူတွေကလည်း တစ်နိုင်ငံလုံးအနှံ့ နေရာယူထားပြီးဖြစ်သလို ဟိုတယ်က အစည်းအဝေးခန်းမတွေမှာလည်း ရွေးကောက်ပွဲကို စောင့်ကြည့်ဖို့ အခန်းတွေယူထားပြီးပါပြီ။ ရက်ရွှေ့လိုက်တဲ့အခါမှာတော့ သူတို့ဟာ လေယာဉ်လက်မှတ် ပြန်မှာရတာတွေ၊ ဟိုတယ်အခန်းတွေကို အချိန်ထပ်တိုး ငှားရတာတွေနဲ့ အလုပ်ရှုပ်နေခဲ့ရပါတယ်။ ပြည်သူတွေရဲ့ အခက်အခဲကတော့ ပိုဆိုးပါတယ်။ ပြည်သူအချို့ဟာ မဲပေးချင်လွန်းလို့ အကြမ်းဖက်မှုတွေ ဖြစ်ပေါ်လေ့ရှိတယ်ဆိုပြီး နာမည်ကြီးတဲ့နယ်မြေတွေကို ဖြတ်ပြီးလာခဲ့ရတာပါ။ အခုရက်ရွှေ့လိုက်တဲ့အခါမှာတော့ သူတို့အတွက် အခြေအနေတွေဟာ ခက်ခဲကုန်ပါတယ်။ ရွေးကောက်ပွဲရက်ရွှေ့လိုက်ရတဲ့ အကြောင်းပြချက်နဲ့ ပတ်သက်ပြီး ကောလာဟလတွေ ထွက်လာတဲ့အပေါ်မှာလည်း ပြည်သူတွေက စိုးရိမ်နေကြရပါတယ်။

**ပြည်သူတွေရဲ့ဆုံးရှုံးနစ်နာမှုတွေ**

နိုင်ဂျီးရီးယားရွေးကောက်ပွဲကော်မရှင်နာ မာမွတ်ယာကူဘူကတော့ စိန်ခေါ်မှုတွေထဲက တစ်ခုကတော့ မဲပေးရာမှာ အသုံးပြုရမယ့် အဆင့်မြင့်နည်းပညာသုံး မဲဖတ်တဲ့စက်ပေါင်း တစ်သိန်းရှစ်သောင်းခန့်ဟာ ရွေးကောက်ပွဲရက် ရွှေ့လိုက်တဲ့အခါ ပရိုဂရမ်ပြန်သွင်းဖို့ လိုအပ်လာပြီလို့ ပြောခဲ့ပါတယ်။ ရာသီဥတုကြောင့်လည်း မဲရုံပေါင်း ၁၂၀၀၀၀ ခန့်ဆီကို ပို့ဆောင်ရမယ့် ရွေးကောက်ပွဲသုံး ပစ္စည်းတွေကိုလည်း ဖြန့်ဝေပေးဖို့ရပ်ဆိုင်းထားရပါတယ်။ သဲမုန်တိုင်းအရှိန်ကြောင့် အချို့သော လေကြောင်းခရီးစဉ်တွေကို ရပ်ဆိုင်းထားရပါတယ်။ ရွေးကောက်ပွဲပစ္စည်းတွေထားရှိတဲ့ အဆောက်အအုံသုံးခုဟာလည်း မသမာသူတွေရဲ့ မီးရှို့ဖျက်ဆီးခြင်းကို ခံခဲ့ရပါတယ်။ အစပိုင်းကတော့ တစ်ရက်သာ ရက်ရွှေ့လိုက်ဖို့စီစဉ်ခဲ့ပေမယ့် နိုင်ငံအတွင်းမှာရှိတဲ့ ခရစ်ယာန်တွေက တနင်္ဂနွေနေ့မှာ ရွေးကောက်ပွဲကျင်းပဖို့ကို သဘောမတူကြပြန်ပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲကို စနေနေ့ကနေ တနင်္ဂနွေနေ့ကိုရွှေ့ဖို့ အဆင်မပြေခဲ့ပြန်ပါဘူး။ ရွေးကောက်ပွဲရက် ရွှေ့လိုက်တဲ့အတွက် ကုန်ကျစရိတ်တွေကတော့ များပြားလှပါတယ်။ လူတွေ၊ စက်တွေ ပြန်ပြီးနေရာချတာတင် မကပါဘူး။ အလုပ်သမားတွေ၊တက္ကစီယာဉ်မောင်းတွေကအစ သူတို့ရဲ့ တစ်နေ့တာအလုပ်တွေကို နားပစ်ခဲ့ရလို့ ဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ မဲပေးပွဲနေ့မှာ လမ်းပေါ်မှာ ယာဉ်အသွားအလာရှင်းနေဖို့၊ ဆိုင်တွေပိတ်ထားဖို့ အစိုးရကကြေညာခဲ့လို့ပါပဲ။ ဒါပေမယ့် မျှော်လင့်ထားတဲ့အတိုင်း မကျင်းပနိုင်ခဲ့တဲ့အခါမှာတော့ နိုင်ဂျီးရီးယားပြည်သူတွေအတွက် စိတ်ပျက်စရာ ရွေးကောက်ပွဲတစ်ခု ဖြစ်လာခဲ့ပါတယ်။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

---

# နိုင်ငံတကာသတင်းတိုထွာ

## အမေရိကန်၏ကုန်သွယ်ရေးအစီရင်ခံစာအရ မော်တော်ယာဉ်ခွန်များ တိုးမြှင့်ကောက်ခံဖွယ်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်ကုန်သွယ်ရေးဌာနသည် မော်တော်ယာဉ်များကို အခွန်တိုးမြှင့်ကောက်ခံသွားရန် ရှိမရှိနှင့်ပတ်သက်သည့် အစီရင်ခံစာတစ်စောင်ကို သမ္မတထရမ့်ထံသို့ ပေးပို့ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အစီရင်ခံစာ၌ ပါဝင်သည့်အချက်အလက်များကို ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။ သို့သော် သွင်းကုန်များအတွက် ကန့်သတ်ချက်များသတ်မှတ်ရန် အစီရင်ခံစာတွင် တောင်းဆိုထားဟန်ရှိကြောင်း သိရသည်။

ကုန်သွယ်ရေးအတွင်းဝန် ဝီဘာရော့စ်က ယင်းအစီရင်ခံစာကို တနင်္ဂနွေနေ့တွင် အဆိုတင်သွင်းခဲ့သည်။ အမေရိကန်မော်တော်ကားစက်ရုံများရှိ တပ်ဆင်ပြီးကားများနှင့် အစိတ်အပိုင်းများတင်သွင်းမှု၏ အကျိုးသက်ရောက်မှုများနှင့် အခွန်ကောက်ခံမှုများကို တိုးမြှင့်ရန်သင့်မသင့်နှင့်ပတ်သက်၍ စစ်ဆေးခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်ရှိ အမေရိကန်နှင့် မြောက်ကိုရီးယားအာဏာပိုင်များ ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

ဗီယက်နမ်ရှိ အမေရိကန်နှင့် မြောက်ကိုရီးယား အာဏာပိုင်များသည် ယခုလနှောင်းပိုင်းတွင် အရှေ့တောင်အာရှနိုင်ငံအတွင်း၌ ကျင်းပရန် စီစဉ်ထားသည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ခေါင်းဆောင်ကင်၏ ထိပ်တန်းလက်ထောက် ကင်ချန်ဆမ်ဦးဆောင်သည့် မြောက်ကိုရီးယားမှအဖွဲ့သည် ဗီယက်နမ်နိုင်ငံ မြို့တော်ဟန်္နွိုင်းသို့ စနေနေ့တွင် ရောက်ရှိခဲ့သည်။ ထိပ်သီးအစည်းအဝေး ကျင်းပရန် သတ်မှတ်ထားသည့် ဖေဖော်ဝါရီ ၂၇ရက်နှင့် ၂၈ ရက်မတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ကင်ချန်ဆမ်သည် ဗီယက်နမ်အာဏာပိုင်များနှင့် တွေ့ဆုံခဲ့ပြီး ခေါင်းဆောင်များ တည်းခိုနေထိုင်မည့် ဟိုတယ်များသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ရထားလမ်းစီမံကိန်းနှစ်ခုတွင် အသုံးပြုခဲ့သော မြေယာ ၅၇၄ ဒသမ ၂ ဧကအတွက် လျော်ကြေးငွေကျပ်သန်း ၁၇၀၀ ကျော်ပေးအပ်

**မင်းဘူး ဖေဖော်ဝါရီ ၁၈**

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ခဲ့သော ရထားလမ်းစီမံကိန်းနှစ်ခုက အသုံးပြုခဲ့သည့် ဒေသခံပြည်သူများ၏ ယာမြေဧကပေါင်း ၅၇၄ ဒသမ ၂ ဧကအတွက် လျော်ကြေးငွေပေးအပ်ပွဲကို မင်းဘူးခရိုင်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ယနေ့နံနက်က ပြုလုပ်ခဲ့ပြီး လျော်ကြေးငွေကျပ် ၁၇၇၉ ဒသမ ၁၅၉ သန်းကို နစ်နာခဲ့သူများထံ ပေးအပ်ခဲ့သည်။**

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ၊ မီးရထားဌာန စီမံကိန်းအင်ဂျင်နီယာ ဦးမင်းသိန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ လျော်ကြေးပေးအပ်မှုနှင့်စပ်လျဉ်း၍ စီမံကိန်းအင်ဂျင်နီယာက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (ဥသျှစ်ပင်-ကျွန်းချောင်းလမ်းပိုင်း)တွင် အသုံးပြုခဲ့သော ကျောက်ဆစ်ပုံ၊ ကဒီး၊ ထနောင်းတော၊ ရေပုတ်၊ ကြီးပင်ကန် ၊ ကျောက်တန်း ၊ ပေါက်ပင်ကွင်း ၊ ရေတွင်းကုန်း၊ ရေပေါ်၊ မကျီးသုံးပင်၊ ပိုက်သင်၊ ရွာပုလဲ စသည့် ကျေးရွာအုပ်စု ၁၂ စုမှ ကွင်းပေါင်း ၂၇ ကွင်း ၊ ဦးပိုင်ပေါင်း ၃၄၅ ၊ တောင်သူ ၃၃၉ ဦး၏ ယာမြေဧက ၄၅၅ ဒသမ ၃၇၀ အတွက် မြေယာလျော်ကြေးငွေကျပ် ၁၃၉၇ ဒသမ ၈၄၃သန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်နှင့် ဦးကျော်ငွေတို့က ပေးအပ်ခဲ့ပြီး တောင်သူကိုယ်စားလှယ်များက လက်ခံယူခဲ့သည်။

ဆက်လက်၍ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း(မင်းဘူး-အမ်းလမ်းပိုင်း)တွင် အသုံးပြုခဲ့သော ကုန်းသာ၊ ကိုင်းတောကြီး ကျေးရွာအုပ်စုနှစ်ခုမှ ကွင်းရှစ်ကွင်း၊ ဦးပိုင်ပေါင်း ၉၇ ၊ တောင်သူ ၉၇ ဦး၏ ယာမြေ ၁၁၈ ဒသမ ၈၃ ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၃၈၁ ဒသမ ၃၁၄၇ သန်းကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံယူခဲ့သည်။

မီးရထားလမ်းအတွက် အသုံးပြုစဉ်ကတည်းက မိမိတို့ယာမြေများ ဆုံးရှုံးမည်ဟုထင်ထားပြီး မမျှော်လင့်ဘဲ လျော်ကြေးရသည့်အတွက် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများကို ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း လျော်ကြေးရ တောင်သူတစ်ဦးက ပြောသည်။

**ဇေယျတု(မကွေး)**



တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူကိုယ်စားလှယ်အား လျော်ကြေးငွေပေးအပ်စဉ်။



တိုင်းဒေသကြီးဝန်ကြီးများ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# ဒလမြို့နယ်၌ အလင်းရောင်ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဒလမြို့နယ် ခနောင်ချောင်းဝကျေးရွာရှိ အလင်းရောင်ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်ပန်းသဥ္ဇာမျိုး၊ ရန်ကုန်တောင်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီလွင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး စာကြည့်တိုက်အတွင်းထားရှိသော သုတ၊ ရသ စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါကျေးရွာရှိ အလင်းရောင်ကျေးရွာစာကြည့်တိုက်သည် အလျားပေ ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၈ ပေ ကြွေပြားခင်း၊ အာရ်စီအုတ်နံရံ တစ်ထပ်တိုက်အမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ်၉၇ သိန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခြေခံပညာဦးစီးဌာန ခနောင်ချောင်းဝ အထက်တန်းကျောင်း (ခွဲ)ရှိ စံပယ်ကျောင်းဆောင်သို့ သွားရောက်ခဲ့ပြီး အန္တရာယ်ရှိ စာသင်ကျောင်းဆောင်အဟောင်းကို စေတနာရှင်များမှ ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီး၍ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်အဟောင်းကို အလှူရှင် ဦးထွေးတင် (ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၂ လွှတ်တော်ကိုယ်စားလှယ်) ဇနီး ဒေါ်စန်းရီ မိသားစုနှင့် မိတ်ဆွေတစ်စုတို့က စုစုပေါင်းကုန်ကျငွေကျပ် ၁၉၆ သိန်းဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# ကျောက်မဲမြို့၌ လာရောက်ခိုလှုံလျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအား ရိက္ခာများထောက်ပံ့

**ကျောက်မဲ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းနှင့် အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက စည်ပင်သာယာရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ပြီး ဝန်ကြီးနှင့်အဖွဲ့သည် စည်ပင်သာယာဌာနမှ လေလံတင်မည့် ယာဉ်ယန္တရားများ၊ မြို့တွင်း ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုနှင့် အမှတ်(၁) ရပ်ကွက် သစ်တောလမ်းရှိ ရေထွက်ဦး ရေပေးဝေရေးကန်ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် လာရောက်ခိုလှုံလျက်ရှိသည့် တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်အိတ် ၂၀ နှင့် ဆီ ၁၀ ပိဿာ ခြောက်ပုံးတို့ကို အောင်ဆုပန် ကျောင်းတိုက်တွင် ထောက်ပံ့ပေးအပ်ရာ ကျောက်မဲမြို့နယ် တိုက်ပွဲရှောင် စောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်နှင့် ရပ်မိရပ်ဖများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးက တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးစဉ်။

# နမ့်ဆန်၌ ရှမ်းပြည်နယ်ဝန်ကြီးများအဖွဲ့နှင့် ဒေသခံပြည်သူများတွေ့ဆုံ

**နမ့်ဆန် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲနိုင်တစ်လုံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးတို့ပါဝင်သော ပြည်နယ်ဝန်ကြီးများအဖွဲ့သည် ယမန်နေ့က နမ့်ဆန်သို့ရောက်ရှိပြီး ဒေသအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍများကို ရှင်းလင်းတင်ပြခဲ့ကြကာ ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးသိန်းဇော်က ဒေသဆိုင်ရာအချက်အလက်နှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့တက်ရောက်လာသည့် ဒေသခံပြည်သူလူထု၏ ကိုယ်စားလှယ်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်၊ ကျန်းမာရေးဝန်ထမ်းဖြည့်ဆည်း ပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ ငြိမ်းချမ်းရေးအမြန်ရရှိရေးကိစ္စများကိုတင်ပြပြီး ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းညွန့်မောင်က လက်ဖက်အသင်း၏ ဖွဲ့စည်းပုံ၊ လက်ဖက်လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် အစိုးရမှ လက်ဖက်တောင်သူများအား အသေးစားချေးငွေ ထောက်ပံ့ပေးနိုင်ရေး စသည့်ကိစ္စများကို တင်ပြရာ ဝန်ကြီးများက သက်ဆိုင်ရာမေးခွန်းများအပေါ် ဖြေကြားရှင်းလင်းသည်။ တွေ့ဆုံပွဲအပြီးတွင် လူမှုရေးဝန်ကြီးက ပညာရေးဌာနအတွက် ဗလာစာအုပ် ဒါဇင် ၂၀၀ နှင့် ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက အားကစား ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။

**အောင်မိုး (ပြန်/ဆက်)**



**မွန်ပြည်နယ် အတ္တရံမြစ်အတွင်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်က ကျင်းပစဉ်**(မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်)

# ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှု သောင်တူးစက်ကြီးဖြင့် ရေလမ်းကြောင်းလွှဲပေး

**ရေစကြို ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာ မြစ်ကမ်းပါးပြိုကျမှု ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (AIRBM)မှ ကူညီပံ့ပိုးမှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သောင်တူးဌာနမှ သောင်တူးစက်ကြီးများဖြင့် တူးဖော်၍ ရေလမ်းကြောင်း လွှဲပြောင်းလျက်ရှိသည်။



စက်ယန္တရားကြီးများဖြင့် သောင်တူးကာ ရေလမ်းကြောင်းလွှဲပေးနေစဉ်။

ကမ္ဘာ့ဘဏ်က အကူအညီပေးမှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သောင်တူးဌာနမှ သောင်တူးစက် စက်ယန္တရားကြီးများဖြင့် သောင်ထွန်းနေသော ဗလဗ ကျေးရွာ မြစ်တစ်ဖက်ကမ်းဘက်မှ သဲသောင်များကို ဗ-၆၀၄ သောင်တူး ရေယာဉ်နှစ်စင်းဖြင့် ဩဂုတ်လတတိယပတ်တွင် စတင်သောင်တူးလာခဲ့ရာ ရေစီးကြောင်းပြောင်းလဲပေးနိုင်ပြီဖြစ်ကြောင်း၊ ရွာဘက်ခြမ်း မြစ်ကမ်းပါးပြိုကျတိုက်စားမှု အရှိန်လျော့ကျစေရန် သဲသောင်ကို ဖြတ်ဖောက်ပြီး မြစ်ရေစီးကြောင်းလွှဲပေးနေကြောင်း၊BD-3 မြစ်ကြမ်းပြင်တူးမြေတူးစက်ဖြင့် တူးဖော်ပြီး မြေသယ်ရေယာဉ်ဖြင့်မြေများ သယ်ယူကာ ရွာဘက်ခြမ်း ရေစီးသန်သောရေလမ်းကြောင်းတွင် သဲများချပြီး မြစ်ရေစီးကြောင်း ပြောင်းလဲစေရန် ပြုလုပ်ပေးနေကြောင်း၊ မြစ်ကမ်းပါးစောက်(ဇောက်) အနက် ၃၅ ပေရှိပြီး ဆင်ခြေလျှော ၅၈ ပေအနက်ရှိကာ ဘိုးပိုင် ၉၃ လုံး စိုက်ချိန်တွင် မြစ်ကမ်းပါးမာကြောခိုင်ခံ့မှုရှိစေရန် သဲအိတ်အလုံးရေ နှစ်သိန်းကျော်ချပြီး မြစ်ရေတိုက်စားမှုဖြစ်ပေါ်နေသည့် ကျေးရွာဘက်ခြမ်း မြစ်ကမ်းပါး ပေ ၂၀၀၀ ကျော်အတွင်း မြေသားဆင်ခြေလျှော ပြုလုပ်ကာ Poly Fet စများခင်းခြင်းနှင့် ထိုအစ ပေါ်မှဝါးကပ်များကာရံကာ (Geo bag) အိတ်များထပ်ဖိမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သောင်ဖောက်တူးမြောင်းတူးနေသောနေရာမှာလည်း တူးမြောင်းတူးပြီးနောက် ရေလမ်းကြောင်းလွှဲပြောင်းပေးနေပြီဖြစ်ကြောင်း တူးမြောင်းအရှည်ပေ ၄၀၀၀ ရှိကာ သောင်တူးမြောင်း အနံ ပေ ၂၁၀၊ သောင်တူးမြောင်းအနက် ၁၁ ပေ ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

သောင်တူးရာတွင် ၁၂ လက်မ သံပိုက်၊ အရှည်ပေ ၂၀ ရှိ သံပိုက်လုံး အလုံး ၅၀ ခန့်ဆက်ကာ သောင်တူးသင်္ဘောကြီးဖြင့် ကျောက်ခဲ၊ သဲများကို ပေ ၁၀၀၀ ကျော် အကွာအဝေးအထိ သဲများကို မှုတ်ထုတ်ပေးရကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရေစကြိုမြို့နယ် ဗလဗကျေးရွာတွင် ၂၀၁၆ မှ ၂၀၁၈ ခုနှစ် သုံးနှစ်အတွင်း အိမ်ထောင်စု ၉၈ စု ရွှေ့ပြောင်းခဲ့ရကြောင်းနှင့် ဉာတိကာရုံကျောင်းတိုက်ဝင်းအတွင်း သိမ်ကျောင်းဆောင် တစ်ဆောင်၊ ရွှေဘုံသာမြတ်စွာဘုရားကြီး (ဓမ္မရုံသီ)အနီးမှ သံဖြင့်ဆောက်လုပ်ထားသည့် တန်ဆောင်းတော် တစ်ဆောင်၊ အုတ်တန်ဆောင်းတော် တစ်ဆောင်၊ ဉာတိကာရုံကျောင်းတော်ကြီးနှင့် အိမ်ခြေ ၁၇၀ မီးပေးနိုင်သည့် မီးစက်ကြီးထားသည့် အဆောက်အအုံတို့ မြစ်ကမ်းပါးတိုက်စား ပြိုကျမှုကြောင့် နေရာပြောင်းရွှေ့ထားခဲ့ရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ရေတာရှည်မြို့နယ်၌ ပဲမျိုးစုံစိုက်ခင်းများ စတင်ရိတ်သိမ်း၊ ကုန်ကျစရိတ်ကြီး၍ တွက်ခြေကိုက်မှုနည်းပါး

**ရေတာရှည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးကာလအလွန် စိုက်ပျိုးခဲ့သော ပဲမျိုးစုံစိုက်ခင်းများ ယခုအခါ စတင်ရိတ်သိမ်းလျက်ရှိရာ သင့်တင့်သည့် ဈေးကွက်ရှိသော်လည်း ကုန်ကျစရိတ်မြင့်မားမှုကြောင့် တွက်ခြေကိုက်မှုနည်းပါးနေကြောင်း ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ ပဲစိုက်တောင်သူများထံမှ သိရသည်။



ရေတာရှည်မြို့နယ်အတွင်း ပဲဆွတ်နေကြသည်ကို တွေ့ရစဉ်။

"အခုလတ်တလော ဈေးကွက်အနေအထားကတော့ မတ်ပဲတစ်အိတ်ကို ငွေကျပ် ၃၁၅၀၀၊ ပဲတီစိမ်းက တစ်အိတ်ကို ငွေကျပ် ၅၀၀၀၀ ရောင်းရပါတယ်။ ကျွန်တော်စိုက်တာကတော့ တစ်ဧကကို ဆယ်အိတ်လောက်ပဲထွက်တယ်။ ပဲအနုတ်ငှားတာ နှစ်ဧကကို လူ ၇၀ ဆယ်လောက်ဝင်တယ်"ဟု ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ပဲစိုက်တောင်သူအများစုမှာ သီးနှံစိုက်ပျိုးပြီးချိန် ဖျက်ပိုးအမျိုးမျိုးကျရောက်ခြင်းကြောင့် ပိုးသတ်ဈေးများ ပက်ဖျန်းပေးကြရပြီး အဆိုပါဆေးဝါးအမျိုးမျိုးအတွက်ပင် တစ်ဧက ငွေ သိန်းချီကုန်ကျခဲ့ကြောင်း ၎င်းကပြောသည်။ မိုးစပါး ရိတ်သိမ်းပြီးကတည်းက တောင်သူ အများစုမှာ လယ်ကွက်များကို မည်သည့် သီးနှံမှ စိုက်ပျိုးခြင်းမရှိဘဲ တောင်သူအနည်းစုသာ မတ်ပဲ၊ ပဲတီစိမ်းအစရှိသော ပဲများကိုစိုက်ပျိုးထားကြခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

**သန်းလွင်**

# မန္တလေး၌ နွေရာသီအခြေခံအားကစားသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးမည်

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီအခြေခံအားကစားသင်တန်းများကို မန္တလေးမြို့ရှိ သတ်မှတ်အားကစားကွင်း၊ အားကစားခန်းမ၊ အခြေခံပညာကျောင်းနှင့် ကစားကွင်းတို့၌ မတ် ၃ ရက်မှ ဧပြီ ၄ ရက်အထိ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအား/ကာမှ သိရသည်။

အဆိုပါနွေရာသီအခြေခံအားကစားသင်တန်းများမှာ ဘောလုံး၊ တင်းနစ်၊ ပြေးခုန်ပစ်၊ မြန်မာ့သိုင်း၊ စစ်တုရင်၊ ကာယဗလကာယကြံ့ခိုင်မှု၊ စားပွဲတင်တင်းနစ်၊ ရိုးရာလက်ဝှေ့၊ ဘီလိယက်၊ စနူကာ၊ ဂျူဒို၊ ရေကူးသင်တန်း၊ ရိုးရာခြင်းလုံး၊ ခရစ်ကတ်၊ ကျွမ်းဘား၊ ဖူဆယ်ဘောလုံးနှင့် ပိုက်ကျော်ခြင်း သင်တန်းတို့ကို သင်ကြားပေးမည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သက်ငယ်မုဒိမ်းမှု မှုခင်းအသိပညာပေး

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာ အ.ထ.ကတွင် ဖေဖော်ဝါရီ ၁၃ ရက်က သက်ငယ်မုဒိမ်းနှင့် မှုခင်းဖြစ်ပွားရခြင်းအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ပြင်စည်ရဲကင်းရဲစခန်းမှ ရဲအုပ်ဝေလု ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်းအကြောင်းနှင့် ကြိုတင်ကာကွယ်မှုများအကြောင်း ပညာပေးရှင်းလင်းခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဆိုင်ရာ လိုက်နာရမည့် အချက်များ၊ မှုခင်းဖြစ်ပွားရခြင်း အကြောင်းအချက်အလက်များနှင့် ကြိုတင်ကာကွယ်နိုင်ပုံများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

အခမ်းအနားတွင် ဒေသခံရွာသား ၈၀၀ ကျော် တက်ရောက်အသိပညာယူခဲ့ကြကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၅ ကျပ် | ၉၀၀/၉၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၉၀၅ ကျပ် | ၉၁၅/၉၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၇၁၀ ကျပ် | ၇၄၅/၇၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၅/၈၀၀ ကျပ် | ၈၄၀/၈၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၀ · ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၀ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၆ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၄ · ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၄ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၃၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၉၇၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် "သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး



မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ခုတွင် ရုရှားနိုင်ငံ၏ S-400 အမျိုးအစားဒုံးကျည်များကို ပြသခဲ့သည်။

**ယခင်အပတ်မှအဆက်**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ ရှင်းလင်းပြောကြားမှုအရဆိုရင် အမေရိကန်ရဲ့ အင်ဒို-ပစိဖိတ်မူဝါဒမှာ အမေရိကန်နိုင်ငံခြားရေးမူဝါဒရဲ့အဓိကဒေါက်တိုင်ကြီး ၃-တိုင်ဖြစ်တဲ့ လုံခြုံရေး၊ စီးပွားရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေအပေါ် အခြေခံဆောင်ရွက်သွားမှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

လုံခြုံရေးကဏ္ဍမှာတော့ အမေရိကန်ကာကွယ်ရေးဝန်ကြီး(ဟောင်း) ဂျိမ်းစ်မက်တစ် အပါအဝင် သမ္မတရဲ့ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတွေကတော့ သူတို့ရဲ့ အမြင်တွေကို ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။ သူတို့ရဲ့ အဆိုအရ အမေရိကန်အစိုးရဟာ သူ့ရဲ့ မဟာမိတ်နိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေ ကွန်ရက်ကတစ်ဆင့် လုံခြုံရေးဆိုင်ရာကဏ္ဍတွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာ အကြမ်းဖက်မှုလို၊ မြောက်ကိုရီးယားနိုင်ငံအရေးကိစ္စလို ခြိမ်းခြောက်မှုကိစ္စရပ် တစ်ခုချင်းအလိုက်အပေါ် အာရုံစိုက်ဆောင်ရွက်တာမျိုးထက် တောင်တရုတ်ပင်လယ်မှာလို စည်းမျဉ်းဥပဒေကို အခြေခံတဲ့ နိုင်ငံတကာအနေအထား (Rules-based International Order) ကို ခြိမ်းခြောက်လာတဲ့ နိုင်ငံတွေရဲ့ လုံခြုံရေးဆိုင်ရာ ပိုမိုကျယ်ပြန့်တဲ့ စိန်ခေါ်မှုတွေကို အသားပေးကိုင်တွယ်ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရှိရပါတယ်။

စီးပွားရေးကဏ္ဍမှာတော့ အင်ဒို-ပစိဖိတ်ဒေသမှာ လွတ်လပ်မှုနဲ့ ပွင့်လင်းမှုရှိစေဖို့ အမေရိကန်နိုင်ငံရဲ့ ကြိုးပမ်းမှုနဲ့ အခန်းကဏ္ဍက ရှင်းလင်းပါတယ်။ ဒေသတွင်းမှာရှိတဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ အိန္ဒိယနဲ့ ဩစတြေးလျ အပါအဝင် အကျိုးစီးပွားချင်းတူညီတဲ့ မိတ်ဖက်နိုင်ငံတွေနဲ့ လက်တွဲပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိနေစေရေးနှင့် ကြွယ်ဝချမ်းသာမှုကို မျှဝေခံစားရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံတကာက လက်ခံထားတဲ့ စံနှုန်းစံထားတွေကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားပြီး လျင်သူစားစတမ်း စီးပွားရေး (predatory economics) မျိုး ဆောင်ရွက်နေမှုကို အားမပေးကြောင်းကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကဏ္ဍမှာတော့ အမေရိကန်အစိုးရအဆက်ဆက်ဟာ ဒီစံနှုန်းတန်ဖိုးတွေအပေါ် အလေးထားမှုကို သူတို့ရဲ့ အကျိုးစီးပွားနဲ့ ထိန်းညှိဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်မှာတော့ သူတစ်ဦးတည်းရဲ့ ဆန္ဒနဲ့ ဆုံးဖြတ်ချက်ချမှတ်တာတွေ၊ မိတ်ဖက်နိုင်ငံတွေရဲ့ ဆန္ဒကို ရယူဆောင်ရွက်မှု အားနည်းလာတာတွေကြောင့် အမေရိကန်အစိုးရသစ်ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းတန်ဖိုးထားမှုတွေအပေါ် မေးခွန်းထုတ်မှုတွေလည်း ရှိလာခဲ့ပါတယ်။ အာရှမိတ်ဖက်နိုင်ငံတွေအနေနဲ့လည်း အမေရိကန်အစိုးရအနေနဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းတွေကို ရှေ့တန်းတင်ပြီး နိုင်ငံရဲ့အကျိုးစီးပွားနဲ့ ချိန်ညှိဆောင်ရွက်စေလိုတဲ့ ဆန္ဒရှိနေပါတယ်။

အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မူဝါဒမှာ ဒေသတွင်း နယ်မြေပိုင်ဆိုင်မှု၊ ရေပြင်ပိုင်နက်ပိုင်ဆိုင်မှု အငြင်းပွားမှုတွေကို နိုင်ငံတကာဥပဒေတွေနဲ့အညီ ငြိမ်းချမ်းစွာဖြေရှင်းသွားရေး၊ နိုင်ငံတိုင်းရဲ့အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊ အင်အားလွှမ်းမိုးမှုကို ကာကွယ်ရေး၊ ဒေသတွင်းမှာရှိတဲ့ ပြည်သူများရဲ့ အခြေခံအခွင့်အရေးတွေ၊ ဒီမိုကရေစီစံနှုန်း တန်ဖိုးထားမှုများနဲ့ အုပ်ချုပ်မှု မူဘောင်စနစ်ကို တိုးမြှင့်သွားရေး၊ နိုင်ငံတကာကုန်သွယ်မှု ရေလမ်းကြောင်းများ၊ လေကြောင်းဖြတ်ကျော် ပျံသန်းသွားလာမှုများ၊ အင်တာနက်စနစ်များ ချောမွေ့စေရေး၊ လွတ်လပ်မျှတသည့် အပြန်အလှန် ကုန်သွယ်မှုစနစ်တိုးမြှင့်ရေး၊ ဒေသပေါင်းစည်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စျေးကွက်စီးပွားရေးစနစ် မြှင့်တင်ရေးတို့ ပါဝင်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ အာဆီယံအဖွဲ့ကြီးနဲ့ အေပက်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အခြေခံပြီး တရားဥပဒေစိုးမိုးတဲ့ ဒေသဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖန်တီးရေး၊ အင်ဒို-ပစိဖိတ်ဒေသရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရင်းနှီးမြှုပ်နှံမှုများကို ပုဂ္ဂလိကကဏ္ဍမှ ဖန်တီးဖော်ဆောင်ပေးရေးတို့ ဖြစ်ပါတယ်။

ကာကွယ်ရေးကဏ္ဍမှာ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ရဲ့ အင်အားကြီးမားလာမှုနဲ့ ဖိအားပေးမှုတို့ကို တုံ့ပြန်သွားနိုင်ဖို့ ကာကွယ်ရေးကဏ္ဍမှာ အင်အားတိုးမြှင့်သွားရေး၊ အထူးသဖြင့် အဖျက်စွမ်းအားကြီးမားပြီး တောင့်တင်းခိုင်မာတဲ့ တီထွင်ဖန်တီးမှုရှိသော ပူးတွဲတပ်ဖွဲ့များ ဖွဲ့စည်းသွားရေး၊ မိတ်ဖက်နိုင်ငံများနဲ့ မဟာမိတ်ဖွဲ့စည်းရေး၊ တပ်ဖွဲ့ဝင်များရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်တွေလည်း ပါဝင်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ အဓိကအခြေခံတဲ့ မူကြီး ၉ ချက်ကို ဖော်ပြရရင် -

(၁) အင်ဒို-ပစိဖိတ်ဒေသဟာ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လုံခြုံရေးတို့အတွက် အရေးပါတဲ့နေရာကနေ ပါဝင်နေတာကို အသိအမှတ်ပြုထားပါတယ်။

(၂) ဒေသတွင်း ခြိမ်းခြောက်မှုကင်းမဲ့တဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခြိမ်းခြောက်မှုကင်းမဲ့တဲ့ ဒေသအဖြစ် ထိန်းသိမ်းနိုင်ရန် အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဥပဒေစိုးမိုးမှု လုပ်ငန်းစဉ်များကို တန်ဖိုးထားကြောင်း ဖော်ပြထားပါတယ်။

(၃) ပြည်သူများရဲ့ အခြေခံအခွင့်အရေးများ တိုးမြှင့်ရေး၊ တရားဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုကောင်းစနစ်နဲ့ ဒီမိုကရေစီစံနှုန်းစံထားများကို မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၄) အာဆီယံအဖွဲ့ကြီးရဲ့ အရေးပါမှုနဲ့ အာဆီယံရဲ့ မူဝါဒတွေကို လေးစားထောက်ခံပြီး လုံခြုံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့အခွင့်အရေးစတဲ့ အများနဲ့ဆိုင်တဲ့ ကိစ္စရပ်တွေကို ကိုင်တွယ်ဆောင်ရွက်နိုင်မယ့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ အင်အားကောင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၅) ပင်လယ်ရေကြောင်းသွားလာမှု၊ လေကြောင်းဖြတ်ကျော်ပျံသန်းမှု၊ အင်တာနက်ဆိုက်ဘာပွင့်လင်းမှု ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊ နယ်မြေပိုင်ဆိုင်မှုနဲ့ ပင်လယ်ရေပိုင်နက် အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်တွေကို နိုင်ငံတကာဥပဒေတွေနဲ့အညီ ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် သက်ဆိုင်ရာနိုင်ငံများအား တိုက်တွန်းသွားမှာ ဖြစ်ပါတယ်။

(၆) ကြွေးမြီပေးဆပ်မှု၊ စီးပွားရေးအရ ဖြစ်နိုင်ခြေရှိမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊ ဒေသခံပြည်သူများရဲ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပွင့်လင်းမှုရှိစွာ လေလံခေါ်ယူခြင်းစတဲ့ အဆင့်မြင့်စံနှုန်းစံထားများအပေါ် အခြေခံတဲ့ ပေါင်းစည်းဆက်နွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်တွေကတစ်ဆင့် ဒေသပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၇) ဒေသတွင်းနိုင်ငံတွေအကြား လွတ်လပ်မျှတပြီး အပြန်အလှန် ကုန်သွယ်မှု တိုးမြှင့်သွားခြင်းဖြင့် တူညီသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးကို ရည်မှန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၈) လုံခြုံရေးအရ ခြိမ်းခြောက်မှုတွေနဲ့ သဘာဝဘေးအန္တရာယ်၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနဲ့ တရားမဝင်ငွေကြေးလုပ်ငန်းများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(၉) လူအမြောက်အမြား သေကျေပျက်စီးစေနိုင်တဲ့ လက်နက်များ ပြန့်ပွားနိုင်မယ့်အန္တရာယ်ကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့အတွက် ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**(၈) အမေရိကန်၏ အင်ဒို-ပစိဖိတ်ဒေသတွင်း ကာကွယ်ရေးဆိုင်ရာ အယူအဆ**

အမေရိကန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအရ ဒီဒေသဟာ အနာဂတ်ကမ္ဘာ့စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်နေတာကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ အကျိုးစီးပွားအတွက် မဟာဗျူဟာမြောက် အရေးပါတဲ့ အနေအထားမှာရှိတယ်လို့ ခံယူထားပါတယ်။ ဒေသတွင်းမှာ လွတ်လပ်မှုနဲ့ ကန့်သတ်ချုပ်ချယ်မှု စနစ်နှစ်မျိုးရဲ့ ပထဝီနိုင်ငံရေးအရ အားပြိုင်မှုတွေ ရှိလာနေပါတယ်။ ဒေသတွင်းမှာ အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံအကြား အင်အားပြိုင်ဆိုင်မှုရှိနေပေမယ့် အင်ဒို-ပစိဖိတ်ဒေသတွင်း အားပြိုင်မှုကတော့ အခြားအကြောင်းအရာတွေလည်း ပိုမိုကျယ်ကျယ်ပြန့်ပြန့်ပါဝင်နေတယ်လို့ ခံယူထားပါတယ်။

အမေရိကန်ပညာရှင်တွေရဲ့လေ့လာမှုတွေအရ အင်ဒို-ပစိဖိတ်ဒေသတွင်း အမေရိကန်ရဲ့ အကျိုးစီးပွားအတွက် အဓိကနေရာကနေ ပါဝင်နေတဲ့ နိုင်ငံ ခုနစ်နိုင်ငံရှိပြီး လုံခြုံရေးအရ စိုးရိမ်ပူပန်ရမယ့် အနေအထားမှာရှိတဲ့ နေရာ ငါးနေရာရှိတယ်လို့ တွက်ချက်ဖော်ပြထားပါတယ်။ လုံခြုံရေးအရ စိုးရိမ်ပူပန်ရမယ့် အနေအထားမှာရှိတဲ့ နေရာ ငါးနေရာက မြောက်ကိုရီးယားနိုင်ငံနဲ့ ကိုရီးယားကျွန်းဆွယ်၊ တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံအကြား နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုရှိနေတဲ့ အရှေ့တရုတ်ပင်လယ်၊ တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံအချို့အကြား နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုရှိနေတဲ့ တောင်တရုတ်ပင်လယ်၊ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေတဲ့ အိန္ဒိယနဲ့ ပါကစ္စတန် နှစ်နိုင်ငံနယ်စပ်ဒေသနဲ့ ထိုင်ဝမ်ရေလက်ကြားတို့ ဖြစ်ပါတယ်။ ဒေသတွင်းအဓိကနေရာကနေ ပါဝင်နေတဲ့ နိုင်ငံခုနစ်နိုင်ငံကတော့ တရုတ်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှားနဲ့ တိုင်ဝမ် (တရုတ်တိုင်ပေ) တို့ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

**"အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်မှာတော့ သူတစ်ဦးတည်းရဲ့ ဆန္ဒနဲ့ ဆုံးဖြတ်ချက်ချမှတ်တာတွေ၊ မိတ်ဖက်နိုင်ငံတွေရဲ့ ဆန္ဒကို ရယူဆောင်ရွက်မှု အားနည်းလာတာတွေကြောင့် အမေရိကန်အစိုးရသစ်ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းတန်ဖိုးထားမှုတွေအပေါ် မေးခွန်းထုတ်မှုတွေလည်း ရှိလာခဲ့ပါတယ်။ အာရှမိတ်ဖက်နိုင်ငံတွေအနေနဲ့လည်း အမေရိကန်အစိုးရအနေနဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းတွေကို ရှေ့တန်းတင်ပြီး နိုင်ငံရဲ့အကျိုးစီးပွားနဲ့ ချိန်ညှိဆောင်ရွက်စေလိုတဲ့ ဆန္ဒရှိနေပါတယ်"**

*စာမျက်နှာ ၁၈ မှ*

အခုကဏ္ဍမှာ ဖော်ပြထားတဲ့အချက်တွေဟာ အမေရိကန်နိုင်ငံက နိုင်ငံရေးသုတေသီ ပညာရှင်တွေရဲ့ လေ့လာသုတေသနပြုလုပ်ချက်တွေသာဖြစ်တဲ့အတွက် ဖော်ပြထားတဲ့အချက်တွေဟာ အမေရိကန်ပညာရှင်တွေရဲ့အမြင်သာဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။ အမေရိကန်နိုင်ငံဦးဆောင်တဲ့ လစ်ဘရယ်နိုင်ငံတကာအနေအထားကို ခြိမ်းခြောက်လာတဲ့ မည်သည့်စိန်ခေါ်မှုကိုမဆို နှစ်နိုင်ငံချင်းပုံစံနဲ့ဖြစ်စေ၊ စိတ်တူကိုယ်တူ မဟာမိတ်နိုင်ငံများနဲ့ဖြစ်စေ လက်တွဲပြီး အင်အားထိန်းညှိထားရှိနိုင်ဖို့ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာဖြစ်ပြီး ၂၁-ရာစုအတွင်းမှာလည်း ဒီမဟာဗျူဟာဟာ ဆက်လက်ပြီး ခိုင်ခိုင်မာမာရှိနေဆဲဖြစ်ပေမယ့် ပြောင်းလဲလာတဲ့ အခြေအနေသစ်တွေနဲ့တော့ ကိုက်ညှိပြင်ဆင်သွားဖို့ ရှိလာခဲ့ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံရဲ့အင်အားကြီးမားလာမှုဟာ အမေရိကန်နိုင်ငံရဲ့ ပြိုင်ဘက်ဖြစ်လာနိုင်တဲ့အပြင် အနောက်ပစိဖိတ်ဒေသမှာရှိတဲ့ အမေရိကန်နိုင်ငံရဲ့အကျိုးစီးပွားတွေကို အခြေခံအားဖြင့် ခြိမ်းခြောက်လာနိုင်တယ်လို့ ရှုမြင်လာခဲ့ပါတယ်။ ဒီအချက်နဲ့ပတ်သက်လို့ ၂၀၁၇ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ အမျိုးသားကာကွယ်ရေးမဟာဗျူဟာမှာ တရုတ်နိုင်ငံဟာ စစ်ရေးအင်အားကို တိုးချဲ့တည်ဆောက်လာပြီး အမေရိကန်နိုင်ငံနဲ့ အင်အားထိန်းညှိနိုင်ဖို့ ကြိုးပမ်းလာမှုကြောင့် အမေရိကန်ရဲ့ ဒေသတွင်းစစ်ရေးအရလှုပ်ရှားမှုတွေအပေါ်မှာ သက်ရောက်မှုတွေ ရှိလာခဲ့ကြောင်း၊ စီးပွားရေးအပိုင်းမှာလည်း အိမ်နီးချင်းနိုင်ငံတွေအပေါ် အတင်းအကျပ်ဖိအားပေးမှုတွေ ပြုလုပ်နေပြီး အင်ဒို-ပစိဖိတ်ဒေသအတွင်းမှာ သူတို့နှစ်သက်တဲ့ အနေအထားသစ်တစ်ရပ် ဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ ကမ္ဘာ့ပေါ်မှာ စီးပွားရေးအရ အင်အားအကြီးမားဆုံးနိုင်ငံဖြစ်လာဖို့ အနေအထားမှာ ရှိနေပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံဟာ သူ့ရဲ့အင်အားနဲ့ဩဇာလွှမ်းမိုးမှုကိုအသုံးချပြီး ဆောင်ရွက်လာမှုနည်းလမ်းတွေဟာ အမေရိကန်ရဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားကို ထိခိုက်မှုတွေရှိလာတယ်လို့ ခံယူထားပါတယ်။ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် အားပြိုင်မှုတွေအပြင် စီးပွားရေးအရ ပေါင်းစည်းမှုရှိရေး ကြိုးပမ်းအားထုတ်မှုတွေဟာ အင်ဒို-ပစိဖိတ်ဒေသရဲ့ အနာဂတ်ကို ပုံဖော်ပေးမယ့် အချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်လွတ်လပ်စွာ ကုန်သွယ်ရေးမိတ်ဖက်ဖွဲ့စည်းမှု (Trans-Pacific Partnership-TPP) သဘောတူညီချက် ရရှိထားပြီးအခြေအနေက နေ အမေရိကန်ပြည်ထောင်စု နုတ်ထွက်သွားတဲ့အတွက် ဂျပန်နိုင်ငံက ဦးဆောင်ပြီး အဖွဲ့ဝင်ကျန်နိုင်ငံတွေနဲ့ ဘက်စုံတိုးတက်မှုရှိတဲ့ ပစိဖိတ်ဖြတ်ကျော် လွတ်လပ်စွာကုန်သွယ်ရေး မိတ်ဖက်ဖွဲ့စည်းမှု (Comprehensive and Progressive Trans-Pacific Partnership-CPTPP) ဆိုပြီး ဆက်လက်ဆောင်ရွက်နေပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံ ဦးဆောင်ပါဝင်နေတဲ့ ဒေသတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်ဖွဲ့စည်းမှု (Regional Comprehensive Economic Partnership-RCEP) ဟာလည်း TPP ကို တန်ပြန်နိုင်ဖို့ ဆောင်ရွက်နေတယ်လို့ မှတ်ယူထားပါတယ်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံမှာ တရုတ်ကွန်မြူနစ်ပါတီဟာ ပါတီဝင်ပေါင်း သန်း ၉၀ နီးပါးရှိပြီး အစိုးရအုပ်ချုပ်မှုစနစ်အပေါ် ထိထိရောက်ရောက် ထိန်းချုပ်ထားနိုင်ပါတယ်။ အခုဆိုရင် တရုတ်ကွန်မြူနစ်ပါတီဟာ နိုင်ငံရဲ့ စီးပွားရေးစနစ်အပေါ်မှာပါ ပိုမိုထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းလာခဲ့ရာမှာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းကြီး (State-owned Enterprises-SOEs) တွေကို ပုဂ္ဂလိကပြုလုပ်ရေးလုပ်ငန်းစဉ်ကို နောက်ကြောင်းပြန်လှည့်ခဲ့ပါတယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (People's Liberation Army-PLA) ဟာ ၁၉၉၃ ခုနှစ်ကစပြီး ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့ရာမှာ ဒေသတွင်းစစ်ပွဲတွေကို အနိုင်တိုက်ခိုက်နိုင်တဲ့ ခေတ်မီတပ်မတော်တည်ဆောက်ရေး ရည်မှန်းချက်နဲ့ တပ်ဖွဲ့တွေကို အင်အားတိုးချဲ့တည်ဆောက်လာခဲ့ပါတယ်။ နိုင်ငံရဲ့စစ်ရေးအသုံးစရိတ်ကိုလည်း နှစ်စဉ်တိုးမြှင့်သုံးစွဲလာခဲ့ရာမှာ အခုဆိုရင် ကမ္ဘာပေါ်မှာ ကာကွယ်ရေးဘတ်ဂျက် ဒုတိယအများဆုံးသုံးစွဲတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ စီးပွားရေးအရနဲ့ ကာကွယ်ရေးအရ အင်အားကြီးမားလာမှုနဲ့အတူ ပြည်တွင်းကရော ပြည်ပကပါ ပိုမိုများပြားလာတဲ့ ဖိအားတွေ ရှိလာခဲ့ပါတယ်။ ပြည်ပဖိအားအနေနဲ့ ဒေသတွင်းနိုင်ငံတွေဟာ အင်အားကြီးမားလာတဲ့ တရုတ်နိုင်ငံဟာ ခြိမ်းခြောက်မှုရှိလာတယ်လို့ခံယူပြီး အမေရိကန်နိုင်ငံနဲ့ ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံလာခြင်း၊ တရုတ်နိုင်ငံကိုဆန့်ကျင်ဖို့ စိတ်တူကိုယ်တူ နိုင်ငံတွေ ပေါင်းစည်းလာမှု စတဲ့အချက်တွေ ဖြစ်ပါတယ်။ ပြည်တွင်းအခြေအနေကတော့ နိုင်ငံရဲ့ ပြည်ပမဟာဗျူဟာမြောက် ပတ်ဝန်းကျင်အပေါ် ရှုမြင်မှုနဲ့ နီးနီးကပ်ကပ် ဆက်နွှယ်နေပါတယ်။ တရုတ်ပြည်သူအများစုဟာ ပညာပိုမိုတတ်မြောက်လာမှုနဲ့ ချမ်းသာကြွယ်ဝမှုအနေအထား ပိုမိုမြင့်မားလာတာကြောင့် များပြားလာတဲ့ နိုင်ငံရဲ့ လူလတ်တန်းစားတွေဟာ ပြည်သူလူထုရဲ့ အကျိုးအတွက် ထိရောက်စွာဆောင်ရွက်ပေးနိုင်မယ့် နိုင်ငံရေးစနစ်မျိုးကို ပိုမိုမျှော်မှန်းလာမှုတွေ ရှိလာခဲ့ပါတယ်။ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေအပေါ်မှာ အစိုးရက သိပ်ပြီးတုံ့ပြန်မှုမရှိဘူးဆိုရင် ပြည်တွင်းမှာ မတည်ငြိမ်မှုတွေ ပိုမိုဖြစ်ပေါ်လာနိုင်မယ့် အလားအလာတွေ ရှိလာနိုင်ပါတယ်။

ဒါကြောင့် အခုဆိုရင် တရုတ်နိုင်ငံ ထိပ်တန်းခေါင်းဆောင်တွေဟာ ပြည်သူလူထုရဲ့ သဘောထားအမြင်တွေကိုလည်း အလေးထားလာရတဲ့ အနေအထားရှိလာတဲ့အတွက် နိုင်ငံရဲ့ ပြည်ပပတ်ဝန်းကျင်အနေအထားနဲ့ ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ရာမှာ ပြည်တွင်းရဲ့ထင်မြင်ယူဆချက်တွေနဲ့လည်း ထိန်းညှိဆောင်ရွက်လာခဲ့ရပါတယ်။ တရုတ်ပြည်သူလူထုဟာ အခုဆိုရင် ပြည်တွင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ရရှိစေဖို့သာမကဘဲ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးစေဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနဲ့ တန်းတူညီမျှသော ဖွံ့ဖြိုးမှုကိုပါ တောင်းဆိုလာခဲ့ကြပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အမျိုးသားကာကွယ်ရေးမဟာဗျူဟာကို ချမှတ်ရာမှာ ပြည်တွင်းလုံခြုံရေး ပြည်ပကာကွယ်ရေး ဒေသတွင်းအင်အားဖြန့်ကြက်နိုင်ရေး ဒေသတွင်းလွှမ်းမိုးနိုင်ရေးနဲ့ ကမ္ဘာလုံးဆိုင်ရာ သင့်လျော်သောကာကွယ်ရေးစွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးဆိုပြီး ရေးဆွဲဆောင်ရွက်နေပါတယ်။ လက်ရှိအနေအထားမှာတော့ တရုတ်နိုင်ငံဟာ ပြည်တွင်းလုံခြုံရေးကို အသားပေးဆောင်ရွက်နေတဲ့အတွက် ပြည်ပအပိုင်းမှာ အနီးအနားတစ်ဝိုက်မှာရှိတဲ့ အရှေ့အာရှဒေသကိုသာ အာရုံစိုက်နိုင်ပြီး အိန္ဒိယသမုဒ္ဒရာအထိ (ဒါမှမဟုတ်) ကမ္ဘာလုံးဆိုင်ရာ ဖြန့်ကြက်နိုင်မှုအနေအထားအထိ မဆောင်ရွက်နိုင်သေးတာကို တွေ့မြင်နိုင်ပါတယ်။ ဒေသတွင်းအင်အားဖြန့်ကြက်နိုင်မှု မဟာဗျူဟာမှာ လေယာဉ်တင်သင်္ဘောတွေမပါဝင်ဘဲ ရဟတ်ယာဉ်တွေ ပြေးလမ်းတိုမှာ တက်/ဆင်းနိုင်တဲ့ ထောက်ပံ့ရေးလေယာဉ်ငယ်တွေ၊ ဒေသတွင်းအခြေစိုက်စခန်းတွေနဲ့ လေယာဉ်ပြေးလမ်းတွေ ဖျက်သင်္ဘောတွေ စတဲ့ အကွာအဝေးတို လေကြောင်းထောက်ပံ့မှုစွမ်းရည်ကို အလေးပေးထားပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ပြည်တွင်းမှာ မတည်မငြိမ်ဖြစ်စေမယ့် လုပ်ငန်းစဉ်များကို နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်တဲ့ အင်အားရှိတဲ့အပြင် ပြည်ပနိုင်ငံကြီးတွေက နိုင်ငံကို တိုက်ရိုက်တိုက်ခိုက်လာမယ့် အနေအထားကို ဟန့်တားနိုင်လောက်တဲ့ စွမ်းအားလည်း ပိုင်ဆိုင်ထားရှိပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အနာဂတ်မှာ ယခုထက် အင်အားပိုမိုတည်ဆောက်လာနိုင်မှာဖြစ်ပေမယ့် နိုင်ငံဟာ အခြားနိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးမှုမပြုဘူးဆိုတာကို ပြနိုင်ဖို့ရယ်၊ ကိုယ့်နိုင်ငံရဲ့ပြည်တွင်းရေးမှာလည်း ပြည်ပအင်အားကြီးနိုင်ငံတွေက ဝင်ရောက်စွက်ဖက်လာမှာကို ရှောင်ရှားနိုင်ဖို့အတွက် ကမ္ဘာ့လုံးဆိုင်ရာ စစ်အင်အားကြီးနိုင်ငံတစ်ခုအထိ ဖြစ်လာဖို့ကိုတော့ ဆောင်ရွက်မယ့်အနေအထား နည်းတာကို တွေ့မြင်နိုင်ပါတယ်။

**ရုရှားနိုင်ငံ**

ရုရှားနိုင်ငံမှာ သမ္မတပူတင်ဦးဆောင်တဲ့ အစိုးရအဖွဲ့ဟာ ၁၉၉၀ ပြည့်နှစ်ကာလတွေထက် နှိုင်းစာရင် နိုင်ငံနဲ့ ပြည်သူများအပေါ် ပိုမိုလွှမ်းမိုးနိုင်စွမ်း သိသိသာသာ မြင့်မားလာခဲ့ပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံရဲ့ လက်ရှိစီးပွားရေးဟာ ယခင်ဆိုဗီယက်ပြည်ထောင်စု တည်ရှိစဉ်ကာလကလောက် စီးပွားရေးကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်ဆောင်ရွက်နိုင်စွမ်းမရှိသလို နိုင်ငံရဲ့ လူဦးရေ လျော့နည်းလာနေတဲ့ဖြစ်စဉ်ကို ရေတိုကာလအတွင်းမှာ ပြောင်းလဲနိုင်မယ့်အနေအထားမှာ မရှိတာကိုလည်း တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံဟာ ဆိုဗီယက်ပြည်ထောင်စုမပြိုကွဲခင် အနေအထားကလောက် အင်အားတောင့်တင်းမှု မရှိဘူးလို့ ပြောနိုင်ပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံဟာ မိမိနိုင်ငံ ပိုင်နက်နယ်နိမိတ်ကို ကျော်လွန်ပြီး အင်အားဖြန့်ကြက်နိုင်တဲ့ အနေအထားမှာတော့ ရှိနေပါတယ်။


ရုရှားနိုင်ငံဟာ နယ်မြေဧရိယာ ကြီးမားကျယ်ပြန့်လွန်းတာကြောင့် သမိုင်းကြောင်းတစ်လျှောက်မှာလည်း ပြည်တွင်း ပြည်ပအန္တရာယ်တွေကို ကာကွယ်နိုင်ဖို့ အင်အားကြီးမားတဲ့ တပ်မတော်အပေါ် မှီခိုခဲ့ရပါတယ်။ ရုရှားနိုင်ငံက လက်ရှိအနေအထားမှာ အမေရိကန်နိုင်ငံဟာ ရုရှားကို အဓိကခြိမ်းခြောက်နိုင်တဲ့ စိန်ခေါ်မှုတစ်ခုအဖြစ် မှတ်ယူထားပါတယ်။ သို့သော်လည်း ရုရှားနိုင်ငံဟာ အမေရိကန်ဦးဆောင်တဲ့ နေတိုးအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပဋိပက္ခဖြစ်လာနိုင်မယ့်အနေအထားကို သတိထားပြီး ရှောင်ရှားခဲ့ပါတယ်။ ရုရှားနိုင်ငံရဲ့ မဟာဗျူဟာဟာ ခုခံကာကွယ်ရေးအနေအထားမှာ ရှိနေပါတယ်။ ယခင်တုန်းကလို သဘောတရားရေးရာ အယူအဆတွေကို ကျန်ကမ္ဘာ့နိုင်ငံတွေဆီကို ပြန့်ပွားစေဖို့ ကြိုးပမ်းတဲ့ဆောင်ရွက်မှုတွေ မရှိတော့ဘဲ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်လာမှာကို ကာကွယ်ဖို့ပဲ ကြိုးပမ်းလျက်ရှိနေပါတယ်။ ။ *(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**

# ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအားလုံး လမ်းမီးများလင်းရေး ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းများတွင် လမ်းမီးမရှိသေးသည့် နေရာများအားလည်းကောင်း၊ လမ်းမီးရှိသော်လည်း လမ်းမီးချွတ်ယွင်းနေသဖြင့် မလင်းသည့်လမ်းများအားလည်းကောင်း ပြုပြင်လဲလှယ်ခြင်း၊ အသစ်တပ်ဆင်ခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လွှဲပြောင်းပေးမည်ဖြစ်သော ဘဏ္ဍာငွေ ၁ ဒသမ ၀၈ ဘီလီယံဖြင့် မီးလုံးများဝယ်ယူရန် တင်ဒါခေါ်ဆောင်ရွက်လျက်ရှိကြောင်း ဖေဖော်ဝါရီလဒုတိယပတ်က ပြုလုပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။



တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းတစ်လျှောက် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု တွေ့ရစဉ်။

မီးလုံးများ တင်ဒါခေါ်ဝယ်ယူရရှိသည်နှင့် လမ်းမီးများ ထွန်းလင်းနိုင်ရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်အတွင်းရှိ မြို့နယ်များအားလုံး လမ်းမီးများ ထွန်းလင်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာအဖွဲ့ဝင် (၄) ဖြစ်သူ ဦးအောင်ကျော်ဦးက ပြောကြားသည်။

"ရန်ကုန်မှာ လမ်းမီးတွေ ထွန်းတာကို ကျွန်တော်တို့ဌာနနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အရင်ကတည်းက ချမှတ်ထားတဲ့မူဝါဒအရ ပူးပေါင်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက လမ်းမီးတွေ တပ်ဆင်ထွန်းလင်းဖို့ ဓာတ်အားပေးနိုင်ဖို့အတွက် လမ်းမီးဓာတ်အားလိုင်း တည်ဆောက်တာ၊ ရှိပြီးလမ်းမီးဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်တာတွေကို တာဝန်ယူဆောင်ရွက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကတော့ ချွတ်ယွင်းနေတဲ့ မီးလုံးတွေ ပြုပြင်လဲလှယ်တာ၊ မီးလုံးမရှိသေးတဲ့ နေရာတွေမှာ မီးလုံးအသစ်တပ်မဲ့တပ်ဆင်တာတွေကို တာဝန်ယူဆောင်ရွက်ပါတယ်။

"ဘယ်အပိုင်းက လိုအပ်မှုတွေရှိသလဲဆိုတာကို ရှင်းရှင်းလင်းလင်းသိရအောင်လို့ ပြီးခဲ့တဲ့ ခြောက်လလောက်ကစပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ တွေ့ဆုံညှိနှိုင်းပြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်တွေမှာ လမ်းမီးတပ်ဆင်ထွန်းညှိခြင်းဆိုင်ရာကိစ္စရပ်တွေကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကသာ လွှဲပြောင်းတာဝန်ယူဆောင်ရွက်ရမယ်လို့ ညှိနှိုင်းချက်ရလာပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်း မြို့နယ်ပေါင်း ၃၀ ရှိ နေရာပေါင်း ၁၀၆ ခုတွင် လမ်းမီးဓာတ်အားလိုင်းအသစ် မိုင် ၇၀ တည်ဆောက်ခြင်း၊ LED (150)W မီးလုံးပေါင်း ၃၂၆၅ လုံး အသစ်တပ်ဆင်ခြင်းတို့ကို ၂ ဘီလီယံခန့် ကျခံဆောင်ရွက်လျက်ရှိပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ လျော့နည်းကျဆင်းစေပြီး ဗို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းများ ကြိုတင်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း၊ လမ်းမီးဓာတ်အားလိုင်းအသစ်တည်ဆောက်ခြင်း၊ မီးလုံးအသစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# ရိုခေါဒါရ်တိုက်နယ်ဆေးရုံသို့ ECG နှင့် Patient Monitor စက်များ လှူဒါန်း

**ရိုခေါဒါရ် ဖေဖော်ဝါရီ ၁၈**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ တိုက်နယ်ဆေးရုံသို့ အသုံးပြုရန် ECG (နှလုံးလှုပ်ရှားမှုစစ်ဆေးသည့်စက်) နှင့် Patient Monitor (လူနာအသက်ရှူနှုန်း၊ နှလုံးခုန်နှုန်းနှင့် သွေးပေါင်အနေအထားကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာသောစက်) များကို ဦးမြတ်ထွန်းထွဋ်နှင့် ဒေါက်တာ ဒေါ်အေးယုဝေ၊ ထွန်းထိပ်တန်းကုမ္ပဏီ၊ အောင်ပန်းမြိုင် (ချူးရင့်) ရောင်းဝယ်ရေးမိသားစုမှ လှူဒါန်းပေးပြီး အဆိုပါပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က ရိုခေါဒါရ်တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရိုခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က အမှာစကားပြောကြားပြီး ဆေးရုံအထောက်အကူပြုအဖွဲ့မှ ဆလိုင်းသိန်းဋ္ဌေးလွင်က စက်ကိရိယာပေးအပ်လှူဒါန်းခြင်းနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အလှူရှင်များကိုယ်စား အောင်ပန်းမြိုင် (ချူးရင့်) ရောင်းဝယ်ရေး၊ ရိုခေါဒါရ်မြို့တာဝန်ခံ ဦးမုန်နီးက ECG စက်နှင့် Patient Monitor စက်များကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအထောက်အကူပြုအဖွဲ့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရိုခေါဒါရ်တိုက်နယ်ဆေးရုံအတွက် အသုံးပြုရန် လှူဒါန်းသော ECG စက်တစ်လုံးနှင့် Patient Monitor စက်တစ်လုံး လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၂၅၇၄၀၀၀ ရှိကြောင်း၊ အလှူရှင်များက တိုက်နယ်ဆေးရုံတွင် ဆေးကုသခံယူနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ရိုခေါဒါရ်တိုက်နယ်ဆေးရုံသည် လက်ရှိအခြေအနေ၌ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ခုဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များ၊ အနီးအနားကျေးရွာများမှ အားကိုးအားထားရသည့် ဆေးရုံတစ်ခုဖြစ်၍ ယခု ECG စက်နှင့် Patient Monitor စက်များ လှူဒါန်းပေးမှုအပေါ် ပြည်သူများ ဝမ်းမြောက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တပို့တွဲထမနဲပွဲနှင့် ဩဝါဒပါတိမောက်အခါသမယ

**တက္ကသိုလ်ပွင့်သူအောင်**

**ရှေးစာဆိုတော်ကြီး နဝဒေးသည် ဆယ့်နှစ်လရာသီဘွဲ့လူးတားများ စပ်ဆိုခဲ့ရာတွင် တပို့တွဲလနှင့် ပတ်သက်၍ "ပေါက်လဲဆူးပန်း၊ ကြိုင်မွှန်းပျံ့လှ၊ ရာသီကုံလ၊ နက္ခတ်မာဃ၊ သာလတပို့တွဲ၊ လှုမြဲယာဂု၊ နွေရောက်မသော်" စသည်ဖြင့် စပ်ဆိုခဲ့သည်။ ထို့ကြောင့် တပို့တွဲလသည် ရာသီအားဖြင့် ကုံရာသီဖြစ်ပြီး ယင်းလရာသီသို့ ရောက်ပါက ပေါက်လဲဆူးပန်းများ လှိုင်လှိုင်ပွင့်ကြ၍ ပတ်ဝန်းကျင် တစ်ခုလုံး ပေါက်လဲပန်းရနံ့များ ထုံမွှမ်းသင်းပျံ့လျက်ရှိသည်။ ပေါက်လဲပန်းဆိုသည်မှာ ပေါက်ပန်းနှင့် လဲပန်းပင်တို့ဖြစ်ပြီး ပေါက်ပန်းမှာ ပေါက်ပင်မှ ပွင့်သောပန်းဖြစ်၍ ယင်းပန်းပွင့်မှာ ကျေးငှက်တို့၏ နှုတ်သီးအရောင်ပမာ နီရဲနေသောကြောင့် ပေါက်ပင်တွင် ကျေးငှက်တို့ နားနေပါက ပေါက်ပွင့်နှင့် ကျေးငှက်တို့ ခွဲခြားမရအောင် တူနေသည်။ လဲပန်းမှာ လက်ပံပင်မှ ပွင့်သောပန်းဖြစ်၍ လဲပန်းဟု ခေါ်ကြသည်။ လက်ပံ သို့မဟုတ် လဲပန်းတို့သည် တပို့တွဲလ၌ နီရဲစွာ အစီအရီ ပွင့်လေ့ရှိသည်။ လက်ပံ သို့မဟုတ် လဲပန်းအပွင့်မှာ နီရဲသော အရောင်ရှိသည့်အပြင် ယင်း၏ ပန်းဝတ်ရည်မှာ ချိုမြသောကြောင့် လက်ပံပွင့်လျှင် ကျေးငှက်မျိုးစုံတို့သည် ဝိုင်းအုံ၍ ဝတ်ရည်များကို စုပ်ယူနေကြသည်မှာ ပတ်ဝန်းကျင်ကို တပို့တွဲလအဖြစ် သရုပ်ဖော်ပေးနေသည်။**

### တပို့တွဲ၏ အဓိပ္ပာယ်

မြန်မာ့ဆယ့်နှစ်လရာသီ၌ တပို့တွဲလသည် ဆယ့်တစ်လမြောက်ဖြစ်သည်။ ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်၍ အလွန်ချမ်းအေးလှသည်။ နံနက် ၆ နာရီ မိနစ် ၂၀ တွင် နေထွက်၍ ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေဝင်လေ့ရှိသောကြောင့် ညတာရှည်ပြီး နေ့တာတိုသည်။ "နှာရည်ယိုရွှဲ တပို့တွဲ" ဟုလည်းကောင်း၊ "တပို့တွဲ ကျွဲချိုဖျား ဆတ်ဆတ်ခါ"ဟုလည်းကောင်း ရှေးမြန်မာလူကြီးတို့က ဆိုကြသည်။ တပို့တွဲလတွင် မာဃနက္ခတ်စန်းနှင့်ယှဉ်၍ မွန်းတည့်၏။ ရာသီရုပ်မှာ ရေထမ်းသမားရုပ်ဖြစ်သည်။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာတို့၌ တပိုင်ထွယ်၊ တပိုင့်ထွယ်၊ တပို့တွဲ၊ တပိုင့်တွဲဟူ၍ အမျိုးမျိုး ရေးထိုးထားသည်။ ကျောက်စာအချို့၌ တပိုင့်ထွယ်ဟု ဒုတိယအက္ခရာတွင် အမြစ်ထည့်၍ ရေးထိုးခဲ့သည်။ ထို့ကြောင့် ပုဂံခေတ်တွင် ရေးထိုးခဲ့သော အရေးအသားကို မျက်မှောက်ခေတ်၌ ခေတ်ကာလရေးနည်း၊ ဖတ်နည်းအတိုင်း တပို့တွဲဟူ၍ ရေးကြဖတ်ကြခြင်းပင်ဖြစ်သည်။

တပို့တွဲဟူသော အဓိပ္ပာယ်မှာ ထိုလရာသီ၌ ဖူးကြသီးကြသော ထန်းပင်ကို အကြောင်းပြု၍ ခေါ်ဝေါ်သည်ဟု ဆိုရမည်ဖြစ်သည်။ တပို့တွဲလရာသီမှာ ထန်းဖိုပင်မှ ထန်းရည် စတင်ခံယူသည့် ထန်းဖိုဦးရာသီဖြစ်သည့်အလျောက် ယင်းရာသီ၌ ထန်းသမားတို့သည် ထန်းပင်ပေါ်သို့ တက်ကာ ထန်းပြင်ခြင်း ပြုလုပ်ကြသည်။ တပို့တွဲလတွင် ထန်းဖူး၊ ထန်းခိုင်များ အောက်သို့ တွဲလောင်းကျသွားအောင် ပြုလုပ်ကြပြီး ထန်းယဉ်နင်းကြသည်ကို မြင်တွေ့ရခြင်းကို အကြောင်းပြုပြီး တပို့တွဲဟူ၍ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ရှေးစာဆိုတော်ကြီး ဦးကြင်ဥက "ထန်းယဉ်နင်း၊ ပေါက်ကင်းတွဲလဲငုံ၊ ဆက်ရက်ကယ်၊ သာရကာနှင့် ရော်ရွက်ဝါတမာနု၊ လွှမ်းသူ့ပူပုံ" ဟု ရေးဖွဲ့ခဲ့သည်။ တပို့တွဲလရာသီနှင့် ခွဲခြား၍ မရသော ရာသီစာ အာဟာရတစ်မျိုးမှာ "ထမနဲ" ပင်ဖြစ်သည်။

### ထမနဲပွဲနှင့် ထမနဲထိုးနည်း

ထမနဲပွဲသည် မျက်မှောက်ခေတ်တွင် တပို့တွဲလ၏ ရာသီပွဲဖြစ်သည်။ မြန်မာနိုင်ငံတွင် တပို့တွဲလသည် ကောက်ဦးပေါ်ချိန်ဖြစ်၍ လဆန်းစချိန်မှ လပြည့်နေ့တိုင်အောင် နိုင်ငံအနှံ့အပြား ကျေးလက်၊ တောရွာများအထိ တောင်သူလယ်သမားကြီးများ ထမနဲထိုးပွဲများကို ဆင်ယင်ကျင်းပကြသည်။ ထမနဲကို နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ထားသည့်အတွက် "နှမ်းမနဲ" ဟုခေါ်ကြသည်။ အအေးဓာတ်လွန်ကဲသော တပို့တွဲလနှင့် ဥတုပထဝီ အာကာသဓာတ်စာဖြစ်သည့် ထမနဲထိုးပွဲသည် လိုက်ဖက်ညီသော မြန်မာ့ယဉ်ကျေးမှုပွဲတော်ပင်ဖြစ်သည်။

ရှေးလူကြီးများသည် ထမနဲထိုးနည်းကို လက်ဆင့်ကမ်းခဲ့ရာ ယင်းထမနဲထိုးနည်းမှာ ကောက်ညှင်းဆန် လေးပြည်၊ နှမ်းဆီ ၁ ပိဿာ၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ၇ ကျပ်သား၊ ချင်း ၃ ကျပ်သား အသုံးပြုပြီး မိုးပြဲဒယ်တွင် ဆီထည့်၍ ကျက်သောအခါ ချင်းကို ဦးစွာထည့်ကာ ဆီသတ်ပြီး ချင်းအတော်နွမ်းလာပါက ရေစစ်ထားသော ကောက်ညှင်းဆန်ကို ထည့်ရမည်။ ဆားကိုလည်း တစ်ပါတည်း ထည့်မွှေ၍ အတန်ငယ်သမသွားသောအခါ

> **"ထမနဲထိုးဖို့ စာချိုးလို့ မှာခဲ့မယ်။ တစ်စိတ်ဆန် သည်ကောက်ညှင်းရယ်နှင့် တစ်ပိဿာဆီ အမှန်သွင်းပါလို့၊ ချင်းကသုံးဆယ်၊ မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့် အုန်းသီးဆန်အတူဖက်ပါလို့၊ နှမ်းမပျက်ဤနည်းနှယ် ရေစင်ကြယ်ပထည့်ရိုး၊ လက်နှစ်သစ်သာပ၊ တွက်စစ်ကာ ဆားချိန်တစ်ဆယ်သားရယ်နှင့် ရောနှောကာ လူအများတို့ရယ် အားသစ်လို့ထိုး"**

ရေနွေးကို ဆန်အထက် လက်လေးလုံးခန့်ရှိအောင် ထည့်ပြီး စလောင်းဖုံး ဖုံးထားရမည်။ ဆန်အနပ်လိုသေးလျှင် ရေနွေးလိုသလောက် မှန်းဆထည့်ပေးရမည်။ ရေခန်း၍ ကောက်ညှင်းနပ်လောက်လျှင် ဖိုပေါ်မှချပြီး ယောက်မနှစ်လက်ဖြင့် ကောက်ညှင်းများ ကျေမွှအောင် အလယ်မှ လူတစ်ယောက်နေ၍ ကြိတ်ပေးရပါမည်။ ကောက်ညှင်းများ ကျေညက်သောအခါ မြေပဲ၊ နှမ်းနှင့် အုန်းသီးစိတ်များကို ထည့်ပေးရပါမည်။ ထို့နောက် ဒယ်အိုးကို အဖုံးဖုံးပြီး ခေတ္တနှပ်ထားပါက မကြာမီ အရသာရှိလှသော ထမနဲကို စားသုံးနိုင်ပြီဖြစ်သည်။

### မန်လည်ဆရာတော်ကြီး၏ ထမနဲထိုးနည်းများ

မန်လည်ဆရာတော်ကြီးက "ထမနဲထိုးဖို့ စာချိုးလို့ မှာခဲ့မယ်။ တစ်စိတ်ဆန် သည်ကောက်ညှင်းရယ်နှင့် တစ်ပိဿာဆီ အမှန်သွင်းပါလို့၊ ချင်းကသုံးဆယ်၊ မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့် အုန်းသီးဆန်အတူဖက်ပါလို့၊ နှမ်းမပျက်ဤနည်းနှယ် ရေစင်ကြယ်ပထည့်ရိုး၊ လက်နှစ်သစ်သာပ၊ တွက်စစ်ကာ ဆားချိန်တစ်ဆယ်သားရယ်နှင့် ရောနှောကာ လူအများတို့ရယ် အားသစ်လို့ထိုး" ဟူ၍ မှတ်တမ်းပြုခဲ့သည်။ ယင်းကျေးဇူးရှင် မန်လည်ဆရာတော်ကြီး၏ ထမနဲထိုးနည်း နိဿရည်းကို ဆရာတော်ကြီး ရေးသားတော်မူခဲ့သော ကဗျာပေါင်းချုပ်ကျမ်းစာမျက်နှာ (၂၉၆) ၌ ပါရှိသည်။ ထို့ပြင် ၁၂၂၈ ခုနှစ် စားတော်ချက်ပေမူ၌ "ကောက်ညှင်းဆန် တစ်ပြည်ကို ညဥ့်ဦးက ရေစိမ်၊ မိုးသောက်လျှင် ရေနှင့်ချက်၊ ဆားနှစ်ကျပ်နှစ်မတ်၊ နှမ်းနှစ်စလယ်၊ ဆီနှစ်ဆယ်၊ ချင်းကြက်သွန်တက် အားသမျှထည့်၊ ဆီမကျက်လျှင် စိမ်းစော်နံမည်" ဟူ၍ အမတာယာဂု ထမနဲကျိုနည်းကို ဖော်ပြထားသည်။

ထမနဲပွဲကို အစောဆုံးတွေ့ရှိရသည့် ခေတ်မှာ ညောင်ရမ်း (ဒုတိယအင်းဝ)ခေတ် နောက်ပိုင်းဖြစ်ပြီး တနင်္ဂနွေမင်းလက်ထက်တွင် ထင်ရှားကျော်ကြားခဲ့သော စာဆိုပညာရှင်ကြီး ဆီသည်ရွာစား ဦးအောင်ကြီးက "ရပ်ရှစ်မျက်နှာ သံဃာတို့အား ဆယ်ပါးဝတ္ထု၊ ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးဖုံးသဘင်၊ သူကြီးယင်သည်၊ ရောက်ချင်နိဗ္ဗာန်ကျွန်းတဲ့လေး" ဟု ဖွဲ့ဆိုထားသည်ကိုလည်းကောင်း၊ သက္ကရာဇ် ၁၁၁၅ ခုနှစ် ဟုယူဆရသော အင်ရုံဝန်ကြီးရေးသားသော ရှေးအင်းဝမင်းအဆက်ဆက်တို့၏ မင်းခမ်းမင်းနားအဆောင်အယောင်နှင့် ရာသီပွဲတို့ကိုပြဆိုသည့် လောကဗျူဟာကျမ်း၌ တပို့တွဲလတွင် ကျိဝန်က ယာဂုအိုး ၁၀၀၀၊ ထမ်းစင် ၁၀၀၀ နှင့် မယ်ဖျုံး ၁၀၀၀ ကို သွေးသောက်စုမြင်းတော်သည် ရွှေပန်းပန်တို့ကြပ်မတ်၍ လှူမြဲကျောင်းဘုရားမှာ တင်လှူသည်ဟူ၍ ရေးသားချက်ကိုလည်းကောင်း ထောက်ရှုကာ ဒုတိယအင်းဝခေတ်နောက်ပိုင်းတွင် ယာဂု(ထမနဲ)ပွဲကို မီးဖုန်းပွဲနှင့်အတူ တပို့တွဲလရာသီပွဲတော်အဖြစ် ကျင်းပနေပြီဖြစ်ကြောင်း သိရှိရသည်။ မီးဖုန်း (ပုန်း)ပွဲ၌ ဖုန်း(ပုန်း) သည် ပါဠိဝေါဟာရ "ပုည" - ပုဒ်မှ ဆင်းသက်လာသော ဝေါဟာရပင်ဖြစ်သည်။ (ပုည-ပုဉ်း-ပုန်း-ဖုန်း) အဓိပ္ပာယ်မှာ ပုည၏အဓိပ္ပာယ်အတိုင်း ကောင်းမှု၊ ကုသိုလ်၊ အလှူဟုဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် မီးဖုန်းပွဲဆိုသည်မှာ မီးကုသိုလ်၊ မီးအလှူပွဲဟု အဓိပ္ပာယ်ဖြစ်သည်။ အလွန်ချမ်းအေးလှသော တပို့တွဲလတွင် ဘုရားဆင်းတုတော်များရှေ့၌ မီးဖိုရန် ရဟန်းသံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံရန်နံ့သာထင်း၊ မယ်ဖျုံး(မီးအိုးကင်း)စသည်တို့ကို ကျောင်း၊ ဘုရားတို့သို့ လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲဟုခေါ်ခြင်းပင်ဖြစ်သည်။

### ဩဝါဒပါတိမောက်အခါတော်နေ့

တပို့တွဲလပြည့်နေ့သည် ဩဝါဒပါတိမောက်အခါတော်နေ့ တစ်နည်းအားဖြင့် နည်းဒေသနာဆိုင်ရာ အခါတော်နေ့ဖြစ်သည်။ ဝိနည်းဟူသည်မှာ ရဟန်းသံဃာတော်တို့အတွက် ပညတ်ထားသည့် ကျင့်ဝတ်စည်းကမ်းများပင် ဖြစ်သည်။ အဆူဆူ ပွင့်ခဲ့ကြကုန်သော ဘုရားရှင်တို့၏ အဆုံးအမဩဝါဒနှင့် ပညတ်တော်မူသော သိက္ခာပုဒ်များကို ပါတိမောက်ဟုခေါ်ဆိုသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၆ ခုနှစ်ကဖြစ်သည်။ ယင်းနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့ဖြစ်သည်။ ဤလောကတွင် ဗုဒ္ဓမြတ်စွာ ဘုရားပွင့်တော်မူပြီး၍ သာသနာတော်ပေါ်ထွန်းလာသည်မှာ သက်တမ်းအားဖြင့် ခုနစ်လမျှသာရှိသေးသည်။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူလျက်ရှိသည်။ ထိုသို့ တပို့တွဲလပြည့်နေ့၏ ညနေရီဝင်စလပြည့် ညဦးအခါသမယ၌ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၏ ဗုဒ္ဓါသနပလ္လင်တော်ထက်တွင် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် စံပယ်တော်မူသည့်အခိုက်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလန်တို့ကလည်း လက်ယာ၊ လက်ဝဲခြံရံ၍ ဖူးမြော်လျက်ရှိနေကြသည်။

ဂုဏ်ထူးဆောင်သာဝကပရိသတ်၊ ရသေ့ညီနောင် ရှင်တစ်ထောင်၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလန်တို့၏ နောက်လိုက်တပည့်နှစ်ရာ့ငါးဆယ်အစရှိသော ရသေ့ဟောင်းနှင့် ပရိဗိုဇ်ဟောင်းများ စုစုပေါင်းတစ်ထောင့်နှစ်ရာ့ငါးဆယ်တို့သည် တစ်ပြိုင်နက်တည်း အပင့်အဖိတ်အချိန်းအချက်မရှိ စုဝေးရောက်ရှိလာခဲ့ကြသည်။ ထိုသို့အားဖြင့် သာသနာတော်သက်တမ်းခုနစ်လ၌ ပထမသာဝကမဟာသန္နိပါတ အစည်းအဝေးသဘင်ကြီးသည် အလိုအလျောက်ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ ယင်းကဲ့သို့ ထူးမြတ်လှသည့် ပထမသာဝကမဟာသန္နိပါလအစည်းအဝေးသဘင်ကြီး၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလန်တို့အား လက်ယာရံ၊ လက်ဝဲရံချီးမြှောက်တော်မူလေသည်။ ထို့နောက် ရှေးဟောင်းနောင်တော် ဘုရားရှင်တို့၏ ဓမ္မတာလက်သုံး ထုံးနည်းတံထွာ အစဉ်အလာဖြစ်သော ခန္တီပရမံတပေါတိတိက္ခာအစချီသည့် ဩဝါဒပါတိမောက်သုံးဂါထာကို မိန့်ကြားတော်မူသည်။ ယင်းသုံးဂါထာသည်ပင်လျှင် ခပ်သိမ်းသောဘုရားရှင်တို့၏ ဩဝါဒပါတိမောက်ပင်ဖြစ်သည်။ ထိုသို့သော တပို့တွဲလပြည့်နေ့၌ အဆူဆူသော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို ဟောကြားမြဲ အစဉ်အလာဓမ္မတာပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်တို့ ဓမ္မာသုံးဆယ်ရှိကြောင်းကို ကျမ်းဂန်များ၌ ရှေးဆရာတို့က ပြဆိုထားရာ ယင်းဓမ္မာသုံးဆယ်၌ ဓမ္မာတစ်ရပ်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဩဝါဒပါတိမောက်ကို အင်္ဂါလေးရပ်နှင့် ပြည့်စုံသည့်အစည်းအဝေးတွင် ဟောကြားတော်မူလေ့ရှိခြင်းပင်ဖြစ်သည်။ အထူးသဖြင့် ထိုရက်ထိုအခါသည် တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဧဟိဘိက္ခုအရှင်မြတ်များဖြစ်ခြင်း၊ ဆဠာဘိညသမ္ဘာဒ ရဟန္တာများဖြစ်ခြင်း၊ မည်သူမျှပင့်ဖိတ်သူမရှိ၊ အစုံအလင်ကြွရောက်စုဝေးမိခြင်းဟူသော အင်္ဂါလေးရပ်များနှင့် ပြည့်စုံနေပေသည်။

ထို့ပြင် သက်တော်တိုမြတ်စွာဘုရားများမှ ပထမဗောဓိဟူသောဝါတော်-၂၀ အတွင်းမှာသာ ဟောကြားပြသဆုံးမတော်မူကြခြင်းဖြစ်ပြီး ဓိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ်၊ ဝေဿဘူမြတ်စွာဘုရားနှင့် ကောဏာဂုံမြတ်စွာဘုရားတို့သည် တစ်နှစ်တစ်ကြိမ်၊ ကဿပမြတ်စွာဘုရားသည် ခြောက်လ တစ်ကြိမ် ဟောကြားပြသ ဆုံးမတော်မူခဲ့သည်။ ဂေါတမမြတ်စွာ ဘုရားသည် ဝါတော် ၂၀ ၌ ပထမဗောဓိအတွင်းတွင် ဩဝါဒပါတိ မောက်ဖြင့် သံဃာတော်တို့အား ဆုံးမဩဝါဒပေးတော်မူခြင်းဖြစ်သည်။ ထို့နောက် ဝါတော်-၂၀ နောက်ပိုင်း ဒုတိယဗောဓိသို့ ရောက်သောအခါ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မည်သည့်ပါတိမောက်ကိုမျှ မဟောမပြတော့ဘဲ တပည့်သံဃာတော်တို့အား အာဏာပါတိမောက်ကိုသာ လခွဲတစ်ကြိမ်ပြသစေခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရား ပညတ်တော်မူခဲ့သည့် ဝိနည်းသိက္ခာပုဒ်များသည် အကျဉ်းအားဖြင့် ၂၂၇ ပါး၊ အကျယ်အားဖြင့် ကုဋေကိုး ထောင်တစ်ရာ့ရှစ်ဆယ်ငါးသန်းသုံးသောင်းခြောက်ထောင်မျှရှိသည်။

အထူးသဖြင့် ဩဝါဒပါတိမောက်ဒေသနာတော်မြတ်ကြီးသည် သာသနာ့အနွယ်ဝင် ရသေ့ရဟန်းအရှင်သူမြတ်တို့အတွက် သာမက ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်အားလုံး လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်စည်းကမ်းများဖြစ်သည်။ တပို့တွဲရာသီတွင် ထမနဲပွဲတော်ကို ဆင်နွှဲရင်း ကိုယ်ကျင့်တရားရှိရေးအတွက် ဩဝါဒပါတိမောက်ဒေသနာတော်မြတ်ကို လိုက်နာကျင့်သုံးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



## ကျိုင်းတုံတက္ကသိုလ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျိုင်းတုံတက္ကသိုလ်တွင် တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်က ကျိုင်းတုံတက္ကသိုလ်ရှေ့ကွင်းပြင်၌ ကျင်းပရာ ကျိုင်းတုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်စန်းစန်းဝင်းက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲ၏သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျိုင်းတုံတက္ကသိုလ် အထူးပြုဘာသာရပ်အလိုက် ပြိုင်ပွဲဝင်အသင်းများအား ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပထမဆုရ သမိုင်းအထူးပြု ဘာသာရပ်အသင်း၊ ဒုတိယဆုရ သင်္ချာ အထူးပြုဘာသာရပ်အသင်း၊ တတိယဆုရ စီမံဌာနအသင်းနှင့် နှစ်သိမ့်ဆုရှိသော အသင်းများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မုံရွာမြို့နယ် ဗောဓိတထောင်သာသနာ့နယ်မြေသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ အထင်ကရနေရာတစ်ခုဖြစ်သော ခတက္ကန်တောင်ကျေးရွာအနီးရှိ မဟာဗောဓိတထောင်သာသနာ့နယ်မြေသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း အဆိုပါနယ်မြေရှိ ဒေသခံပြည်သူများနှင့် အမှတ်တရပစ္စည်း ရောင်းချသူများထံမှ သိရသည်။



ဗောဓိတထောင် သာသနာ့နယ်မြေအတွင်း လည်ပတ်လေ့လာနေသော နိုင်ငံခြားသားများကို တွေ့ရစဉ်။

"ဘယ်လ်ဂျီယံနိုင်ငံသား ၁၅ ဦးကို တစ်နိုင်ငံလုံးမှာရှိတဲ့ အထင်ကရနေရာတွေကို လိုက်ပြီး ပို့ဆောင်ပေးနေတာပါ၊ အခု မဟာဗောဓိတထောင် သာသနာ့နယ်မြေကို လာပို့တာပါ၊ ကျွန်တော်က မုံရွာဒေသကို နိုင်ငံခြားခရီးသွားတွေနဲ့ တစ်နှစ်ကိုတစ်ခေါက် ရောက်ပါတယ်၊ ရောက်တိုင်းလည်း ဒီနေရာကို ပို့ဆောင်ပေးတယ်၊ ဒီနေရာကိုရောက်ရင် အမှတ်တရ ဓာတ်ပုံရိုက်ကြတယ်၊ အမှတ်တရပစ္စည်းလေးတွေ ဝယ်ကြတာကိုလည်း တွေ့ရတယ်"ဟု မဟာဗောဓိတထောင် သာသနာ့နယ်မြေသို့ နိုင်ငံခြားခရီးသွားများကို လာရောက်ပို့ဆောင်ပေးသည့် Interconnection နိုင်ငံခြားခရီးသွား ဝန်ဆောင်မှုကုမ္ပဏီမှ ကိုဝေဖြိုးအောင်က ပြောသည်။

မုံရွာမြို့မှ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးရေးလုပ်ငန်းလုပ်သူ ဦးထိန်လင်းကျော်ကလည်း ယခုနှစ် ပွင့်လင်းရာသီတွင် မဟာဗောဓိတထောင်သာသနာ့နယ်မြေသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိကြောင်း ပြောကြားသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဖျာပုံမြို့၌ စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းဆင်း

**ဖျာပုံ ဖေဖော်ဝါရီ ၁၈**

စက်မှုဝန်ကြီးဌာန အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)နှင့် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တို့ ပူးပေါင်း၍ ဖျာပုံမြို့၌ ဖွင့်လှစ်ခဲ့သည့် စက်မှုနှင့် အသက်မွေးပညာ ရွှေ့လျားသင်တန်းဆင်းပွဲကို ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က အမှာစကားပြောကြားပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက အသက်မွေးသင်တန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ ဆရာဇော်ဂျီစာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝေမြင့်နှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့သည်။

သင်တန်းသား ၅၅ ဦး တက်ရောက်ခဲ့သည့် အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အခြေခံ လျှပ်စစ်ပညာများဖြစ်သည့် လျှပ်စစ်တိုင်းတာရေးမီတာများနှင့် ဝိုင်ယာကြိုးများအကြောင်း၊ လျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း၊ လျှပ်စစ်ပတ်လမ်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲတပ်ခြင်း၊ လျှပ်စစ်ကြိုးသွယ်တန်း စစ်ဆေးခြင်းနှင့် မြေဓာတ်ချစစ်ဆေးခြင်း၊ ကောင်းကင်ဓာတ်အားလိုင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စသော ဘာသာရပ်များ၊ လျှပ်စစ်နှင့်ပတ်သက်သော အထွေထွေဗဟုသုတများကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

# တောင်သူများ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ရရှိစေရေး အသိပညာပေး

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ တောင်သူများ အနေဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး အသိပညာပေးသင်တန်းတစ်ခုကို ဖေဖော်ဝါရီ ၁၆ ရက်က ဘားအံမြို့ စုပေါင်းရုံးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေရဲထက်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ ဦးစီးအရာရှိ ဒေါက်တာဝဏ္ဏာထွန်းက ဘားအံမြို့နယ်အတွင်းရှိ မကျီးကျွန်းရွာ၊ မိန်းမလှကျွန်းကျေးရွာ၊ ဝါးဆူးကျေးရွာ၊ တရုတ်လှ (ကော့ကျိုက်ကျေးရွာ)နှင့် ဖအံန်ကျေးရွာတို့မှ ဒေသခံ တောင်သူများအား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများအကြောင်းကို ရှင်းလင်းပို့ချခဲ့သည်။




အပင်ဇီဝနည်းပညာဌာနခွဲ ဦးစီးအရာရှိက တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာများ ပို့ချနေစဉ်။

"အဓိကအားဖြင့် စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများ ဘေးအန္တရာယ်ကင်းရှင်းဖို့နဲ့ ဩဂဲနစ်အဖြစ် စိုက်ပျိုးသွားနိုင်ဖို့ ရည်ရွယ်ပြီး တောင်သူတွေကို အသိပညာပေးခြင်းဖြစ်ပါတယ်"ဟု ဦးစီးအရာရှိက ပြောကြားသည်။

သင်တန်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စိုက်ပျိုးရာတွင် အန္တရာယ်ကင်းစေသည့် အလေ့အကျင့်ကောင်းများ၊ မြေဆီလွှာ တိုးတက်ကောင်းမွန်စေရန် ပြုပြင်သည့်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဖြင့် ရရှိစေမည့် အကျိုးကျေးဇူးများ၊ ပိုးသတ်ဆေးနှင့် မြေသြဇာ စနစ်တကျ သုံးစွဲနည်းစနစ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကို သင်ကြားပို့ချခဲ့ပြီး ဒေသခံတောင်သူများကလည်း လက်တွေ့စိုက်ပျိုးသည့် အတွေ့အကြုံ၊ အခက်အခဲများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းဝင်သင်တန်း ပဲခူး၌ ဖွင့်လှစ်

**ပဲခူး ဖေဖော်ဝါရီ ၁၈**

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတွင် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန် ရည်ရွယ်လျက် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၅)ကို ဖေဖော်ဝါရီ ၁၈ ရက်က ပဲခူးမြို့ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) စီမံရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသန်းထွတ်က အမှာစကားပြောကြားပြီး သင်တန်းတွင်ပို့ချမည့် အင်ဂျင်နီယာဘာသာရပ်များ၊ ငွေစာရင်းနှင့် ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ဘာသာရပ်များနှင့် နည်းပညာဆိုင်ရာ စာတွေ့လက်တွေ့ သင်ခန်းစာများအကြောင်းကို ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က မိတ်ဆက်ရှင်းလင်းခဲ့သည်။ သင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၁၅ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သပြေထွန်း**

# ဘုရင့်နောင်သို့ ကြက်သွန်နီနှင့် အာလူး အဝင်များလာသဖြင့် အာလူးဈေး အနည်းငယ် စတင်ကျဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ဖေဖော်ဝါရီ ၁၈ ရက်တွင် ဘုရင့်နောင်ကုန်စည်ဈေးကွက်သို့ ကြက်သွန်နီ ပိဿာချိန် သုံးသိန်းခန့်နှင့် အာလူး ပိဿာချိန် နှစ်သိန်းဝန်းကျင် ဝင်ရောက်လာသဖြင့် ယခင်ရက်များက ဝယ်ရခက်နေသော အာလူးဈေးကွက်တွင် အာလူးဈေးများ ကျဆင်းလာပြီး ဝယ်ရလွယ်လာကြောင်း ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့် အဝယ်တော်များထံမှ သိရသည်။

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ပြီးခဲ့သောရက်များက ကြက်သွန်နီများကို ဈေးနှုန်းအနိမ့်ဖြင့် ဝယ်ယူရလွယ်သော်လည်း အာလူးများမှာ အပုပ်များခြင်းနှင့် ဝယ်လိုအားများသောအရွယ်ထက်ကြီးသည့် အရွယ်အစားများသာ အများအပြား ရောက်ရှိနေခြင်းကြောင့် အာလူးဝယ်ယူရန် ခက်ခဲခဲ့သည်ဟု အဝယ်တော်အချို့ထံမှ သိရသည်။

ယခုရက်များအတွင်း ရန်ကုန် ဘုရင့်နောင်ဈေးကွက်သို့ နယ်စုံမှ ကြက်သွန်နီ ပိဿာချိန် နှစ်သိန်းအထက် နေ့စဉ်နီးပါး ဝင်ရောက်နေသော်လည်း ဈေးကွက်ဝယ်လိုအားမှာ ပုံမှန်သာရှိနေ၍ ကြက်သွန်နီများ ဈေးကျနေကြောင်း၊ ကြက်သွန်နီအသစ်များမှာ အစိုဓာတ်ရှိနေသေး၍ နယ်မှဝင်လာချိန်တွင် တစ်အိတ်လျှင် ၂၅ ပိဿာရှိသော်လည်း နေ့ချင်း ရောင်းမကုန်သဖြင့် ပွဲရုံတွင် ကျန်နေပါက တစ်အိတ်လျှင် ၂၅ ကျပ်သားမှ ၅၀ ကျပ်သားဝန်းကျင်အထိ အလေးချိန်လျော့တတ်ကြောင်း၊ ထို့ကြောင့် ဝယ်သူများအနေဖြင့်လည်း ပွဲရုံကျန်ကြက်သွန်နီများကို ဝယ်သည့်အခါ အလေးချိန်ပြန်ချိန်ပြီးမှ ဝယ်ယူရကြောင်း နယ်ပို့အဝယ်တော်တစ်ဦးက ဆိုသည်။



ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကြက်သွန်နီအိတ်များဖြင့်ပြည့်နေသော ကြက်သွန်နီ၊ အာလူး ပွဲရုံတစ်ရုံ

ယခုရက်ပိုင်းတွင် ကြက်သွန်နီများ အဝင်များနေသောကြောင့် ပွဲရုံအများစု၏အတွင်းသာမက အပြင် မျက်နှာစာများတွင်ပါ ကြက်သွန်နီအိတ်များ ပြည့်နေသည်ကို မြင်တွေ့ရသည်။ ဝယ်သူများကို စောင့်ခေါ်ရောင်းနေသည့် ပွဲရုံအချို့ကိုလည်း တွေ့ရသည်။ ဖေဖော်ဝါရီ ၁၈ ရက် ဈေးနှုန်းများအရ ဆိပ်ဖြူကြက်သွန်နီသည် လက်ကား တစ်ပိဿာလျှင် ၃၀၀-၃၅၀ ကျပ်နှုန်း၊ မြစ်သားကြက်သွန်နီမှာ ၇၀၀-၇၅၀-၉၀၀ ကျပ်နှုန်းရှိကာ ဆင်ဖြူကျွန်းအာလူးသည် လက်ကား တစ်ပိဿာလျှင် ၅၀၀-၆၅၀ ကျပ်နှုန်း ရှိနေသည်။

အာလူးဈေးကွက်တွင်မူ ဘုရင့်နောင်သို့ ဆင်ဖြူကျွန်းအာလူးနှင့် တရုတ်အာလူးများ ယခုရက်ပိုင်းတွင် ဝင်ရောက်မှုများခဲ့သော်လည်း အပုပ်များပါခြင်းနှင့် အလုံးကြီးများသာ များပြားနေခြင်းတို့ကြောင့် ဈေးကွက်တွင် ဝယ်လိုအားများသော အရွယ်အစားဖြစ်သည့် OK အရွယ်ကို ဝယ်ယူရန် ခက်ခဲခဲ့ပြီး ဝယ်သူများအနေဖြင့် အရွယ်အစားတစ်မျိုးတည်း ရွေးဝယ်၍မရနိုင်ကြောင်း ကြက်သွန်နှင့် အာလူး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။ သို့သော် ဖေဖော်ဝါရီ ၁၈ ရက်က အာလူးအဝင် တစ်ဆကျော် ပိုများလာပြီး ဈေးလည်းကျလာ၍ OK အရွယ်အစား အာလူးမှာ တစ်ပိဿာလျှင် ကျပ် ၆၅၀ နှုန်းသို့ ဈေးကျလာပြီး ဝယ်ရသည်မှာလည်းလွယ်လာကြောင်း သိရသည်။

ယခင်နှစ်နှင့် ကာလတူ ဈေးနှုန်းနှိုင်းယှဉ်ချက်များအရ ယခုနှစ် ကြက်သွန်နီဈေးနှုန်းများသည် ယခင်နှစ်ဈေးထက်များစွာ ကျဆင်းလျက်ရှိသော်လည်း အာလူးမှာမူ ယခင်နှစ်ကာလတူထက် ဈေးမြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။

**ခင်ဆိုင်**

# ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းကို၊ ပါမောက္ခ(ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ပို့ချမှာကတော့ ၂၀၁၉ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြု လေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း ပထဝီဝင်သင်ရိုး ဖတ်စာအုပ်မှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ ပထဝီဝင်ဆိုပြီး အပိုင်းကြီး(၅)ပိုင်းပါဝင်သော်လည်း ဒီနှစ် ၂၀၁၉၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ်မှာတော့ သဘာဝပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုတဲ့ အပိုင်း(၄) ပိုင်းကပဲ ဖြေဆိုရမှာဖြစ်ပါတယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်း ပါဝင်တယ်။

**အပိုင်း(ခ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဂ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

**အပိုင်း(ဃ) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာ ပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

**တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းငါးပိုင်းပါဝင်ပြီး**

အပိုင်း(က)ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ)သဘာဝပထဝီဝင်၊ အပိုင်း(ဂ)မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(ဃ) ကမ္ဘာ့ ပထဝီဝင်နှင့် အပိုင်း(င)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။အဲဒီအထဲမှာ အပိုင်း(က)နှင့် (င)မှ မေးခွန်း အားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၅)ပုဒ် ဖြေဆိုရမှာ ဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန်(၃)နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး (၁၅)မှတ်ဖိုးဖြေရမှာဖြစ်တယ်။ ၁(က)မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကို ရွေးပြီး (၁၅)မှတ်ဖိုးဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊(ဃ)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၃) ပိုင်းအတွက် စုစုပေါင်း (၄၅) မှတ် ရပါမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(င) မေးခွန်း၁၁ (က)မှာ စကေးနှင့် မေးခွန်း ၁၁ (ခ)မှာ ကောင်းကင်ဓာတ်ပုံ အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုဖြစ်ပြီး (၁၀)မှတ်ဖိုးစီဖြေရမယ်။ မေးခွန်း၁၄(ဂ)မှာ ကွန်တိုမြေပုံကို လေ့လာ ဖြေဆိုရမှာဖြစ်ပြီး (၂၀)မှတ်ပေးထားတယ်။ အပိုင်း(င)လက်တွေ့ပထဝီဝင်အပိုင်းဟာ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေ ရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(င)မှာ စုစုပေါင်းပေးမှတ်(၄၀)မှတ်ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန် လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာ မဟုတ် ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ် နေသော အိမ်နီးချင်းနိုင်ငံများကိုသိရမယ်။

ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေး ပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေး လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာ တော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံ များရဲ့ စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီး ပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်ပြီး ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ -ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊စကေးစိပ်များတွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကို ဖတ်ရှုရုံနဲ့မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံ လေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့ အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှအကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃)ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကိုစိတ်ပိုင်းကာ အချိုးကျမြေပြင် အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်း၏"ယူနစ်"ကို သတိပြုရန်လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့အလျားဟာ လေးလက်မနှင့်ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံး ဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင် ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကိုမမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့စကေးရှာတဲ့ပုံသေနည်းများနဲ့တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာ တွေက လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။

ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာအစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင် ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်း ရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာမြေပြင် အကွာအဝေး ဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေး ပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ် တဲ့ယူနစ်ကို ပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်း ဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသော အမြင့်အချိုးဖြင့် စကေးရှာနည်းမှာ

အသုံးပြုရမယ့်ပုံသေနည်း(က)ကတော့

$$\textbf{Scale or RF} = \frac{f}{H}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

H ဆိုတာကတော့ ကုန်းမြေအထက် လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။


ဥပမာ ။ ကင်မရာဆုံတာ ၆လက်မဖြင့် ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကို ရှာပါ။

**တွက်နည်း**

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?



**အသုံးပြုသောပုံသေနည်း** $RF = \frac{f}{H}$

$$H = ၆ \times ၆၀၀၀$$

$$= \frac{၃၆၀၀၀ \text{ လက်မ}}{၁၂ \text{ လက်မ}}$$

$$H = ၃၀၀၀ \text{ ပေ}$$

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

**ပုံသေနည်း(ခ)ကတော့**

$$\textbf{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude) နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(ခ)မှာ လေယာဉ်ပျံသန်းသောအမြင့် (H) ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင် အထက် လေယာဉ်ပျံသန်းတဲ့အမြင့် (A) မှ ကုန်းမြေအမြင့်(h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကို ရနိုင်ပါတယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆ လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။


**တွက်နည်း**

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(A) = ၁၂၀၀၀ပေ

ကင်မရာဆုံတာ (f) = ၆လက်မ

တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?



စာမျက်နှာ ၂၃ သို့

*စာမျက်နှာ ၂၂ မှ*

**အသုံးပြုသောပုံသေနည်း** $$\text{Scale or RF} = \frac{f}{(A-h)}$$

$$RF = \frac{\text{၆ လက်မ}}{\text{၁၂၀၀၀-၁၅၀၀ ပေ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၀၅၀၀ × ၁၂လက်မ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$

$$= \frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

$$RF = \text{၁:၂၁၀၀၀}$$

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေး နှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် အသုံးပြုရမည့် ပုံသေနည်းကတော့

$$\textbf{Scale or RF} = \frac{PD}{GD}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance) နဲ့

GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။


ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တဲ့ရိုက်ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏စကေးမှာ ၁း ၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏ မြေပြင်ပေါ်ရှိအကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

**တွက်နည်း**

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀

မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?




**အသုံးပြုသောပုံသေနည်း** $$RF = \frac{PD}{GD}$$

$$PD = GD \times RF$$

$$PD = (\text{၃၀၀၀} \times \text{၁၂"}) \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃၆၀၀၀"} \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃ လက်မ}$$

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းမှာ အသုံးပြုရမည့်ပုံသေနည်းကတော့

$$\textbf{Scale or RF} = \frac{PD}{MD} \text{ X Map Scale}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိ အကွာအဝေး (Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ် ရှိအကွာအဝေး(Map Distance)နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မဖြစ်လျှင် ဓာတ်ပုံ၏စကေးကို ရှာပါ။


တွက်နည်း

မြေပုံပေါ် ရှိအကွာအဝေး MD = ၁၂ လက်မ

မြေပုံ၏စကေး MS = ၁း၅၀၀၀

ဓာတ်ပုံပေါ် ရှိအကွာအဝေး PD = ၄ လက်မ

ဓာတ်ပုံ၏စကေး RF = ?




**အသုံးပြုသောပုံသေနည်း** $$RF = \frac{PD}{MD} \text{ X Map Scale}$$

$$= \frac{\text{၄}}{\text{၁၂}} \times \frac{\text{၁}}{\text{၅၀၀၀}}$$

$$= \frac{\text{၄}}{\text{၆၀၀၀၀}}$$

$$= \frac{\text{၁}}{\text{၁၅၀၀၀}}$$

အဖြေ = ဓာတ်ပုံ၏စကေး ၁း၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကိုမှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာ ဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမဲ့ ပုံသေနည်းမှာပါတဲ့သင်္ကေတွေရဲ့ အဓိပ္ပာယ်ကိုသိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာ သုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်းအပိုင်းမှာ(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဇရိယာနဲ့ လတ္တီကျု၊ လောင်ဂျီကျုရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်/တိုင်းဒေသကြီးအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေး ပထဝီဝင်၊ စီးပွား ကုန်ထုတ်လုပ်ငန်းများစသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ ဆမှ ၁၀ ဆအထိ ချဲ့သင့်တယ်။ စကေးကို တစ်လက်မအပေါ် မူတည်ပြီး ရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာလွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရမယ်။

ဒီနည်းဟာ ပုံသေနည်းလိုပဲ ဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)


၁ လက်မပေါ်မှာပြန်ရှာရင် $= \frac{\text{၁ × ၅၂၈၀}}{\text{၅}}$ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံးယူပါ)

ဒါ့ကြောင့် ဒေါင်လိုက်စကေး ၁လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက်ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်ကတော့


- ပထမဦးဆုံးပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့်(ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့် ဖြင့်ဆက်ပါ။

ပုံ (၁) "က" မှ "ခ"သို့ မျဉ်းဖြောင့်ဆက်ပုံ





- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ



- ထို့နောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

**ပုံ (၃) "က"နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ**




- ပြီးရင် ဂရပ်စာရွက်ပေါ်မှာပေးထားတဲ့ ကွန်တိုမြေပုံရဲ့'က' 'ခ'အလျားအတိုင်း အောက်ခြေအလျား လိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် 'ခ' နေရာမှ ဒေါင်လိုက် မျဉ်းတစ်ကြောင်းဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှတွက်၍ရထားသည့် ဒေါင်လိုက်စကေးကို ကိုယ်စားပြု ထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

*စာမျက်နှာ ၂၄ သို့*


စာမျက်နှာ ၂၃ မှ

ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားတဲ့ဂရပ်စာရွက်ရဲ့ အောက်ခြေမျဉ်းမှာ'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချပြီးမှတ်ပါ။



မှတ်ထားတဲ့အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများ လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။

“က” မှ “ခ”သို့ ဖြတ်ပိုင်းပုံ



အလျားလိုက်စကေး ၁လက်မ = ၁မိုင်
ဒေါင်လိုက်စကေး-၅ဆချဲ့၍ ဒေါင်လိုက်စကေး ၁လက်မ - ၁၀၀၀'(အနီးဆုံး)

ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့်'ခ'ကို ဘောင်မှာရှိတဲ့နေရာအမြင့်များမှာ မှန်အောင်ရေးရန် လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့နေရာမှာ V ပုံသဏ္ဌာန်အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီးဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင် ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနှင့် လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါ ကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ကိန်းဂဏန်းအနက် (၉၂)ကျော်တဲ့ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန်(၂၈)အောက်(၂)ခုဟာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁˚ ၄၅' နဲ့ ၂၁˚ ၄၉' အတွင်း၊ အရှေ့လောင်ဂျီကျူ ၉၆˚ ၉' နှင့် ၉၆˚ ၁၃' အတွင်းတွင် ရှိတယ်။


နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ- ပေးထားတဲ့မြေပုံမှာ ထင်ရှားတဲ့မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှဖြတ်စီးနေပါက “မြေပုံမှာထင်ရှားတဲ့မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်”ဟု အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့(ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက “မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်” ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ဧရိယာကို မြေပုံစကေးနဲ့အညီတွက်ချက်ပြီး စတုရန်းမိုင်နဲ့ဖော်ပြရမယ်။ ဥပမာ မြေပုံ၏ စကေးဟာ(၂)လက်မလျှင် (၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့အလျားနဲ့အနံဟာ (၈)လက်မနဲ့(၄)လက်မရှိပါက စကေးအရ မြေပြင်မှာအလျား(၄)မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့် ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်း ဧရိယာဟာ (အလျား ၄ မိုင် × အနံ ၂ မိုင်) = (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့ အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့ တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာပါဝင်တဲ့မြို့ ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှု စတဲ့အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။


ဥပမာ။ မြေပုံတွင် ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့တွေ့ရရင် မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတယ်လို့ ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။



အထက်ဖော်ပြပါမြေပုံဒေသသည် သရက်နှင့် အောင်လံမြို့များ၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏အနောက်ဘက်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏အရှေ့ဘက်တွင်ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကိုဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။



'က'နေရာသည် အမြင့်ပေ(၂၀၀)အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ ဆက်ရာ သရက်မြို့နှင့် ဧရာဝတီမြစ်နှင့် သူ၏ကျွန်းများအား ကွန်တို(၁၀၀)ဝန်းကျင်တွင် ဖြတ်သန်းသွားပြီး အောင်လံမြို့မှ(ခ)အမှတ်အသားရှိရာသို့ တဖြည်းဖြည်းမြင့်တက်သွားရာ (ခ)အမှတ်သည် ကွန်တိုအမြင့် (၃၀၀)ကျော်တွင် တွေ့ရှိရပါသည်။

## ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

## မြေပုံပါဒေသ၏ ရူပပထဝီဝင်

### တည်နေရာနှင့်အကျယ်အဝန်း

မြေပုံပါဒေသသည် မြောက်လတ္တီကျူ ၁၉˚ ၂၀' မှ ၁၉˚ ၂၅'နှင့် အရှေ့လောင်ဂျီကျူ ၉၄˚ ၁၀' မှ ၉၅˚ ၁၅' အတွင်းတည်ရှိသည်။ ပုံတွင် သရက်မြို့နှင့်အောင်လံမြို့များကို တွေ့ရှိရခြင်းကြောင့် မကွေးတိုင်းဒေသကြီး အတွင်း တည်ရှိပါသည်။

### မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင် တောင်ကုန်းငယ်များနှင့်လွင်ပြင်ပိုင်းတို့ပါဝင်ပြီး မြေပုံပါဒေသအများစုသည် မြေမျက်နှာပြင် မညီညာသည့်လွင်ပြင်များ ဖြစ်ကြပါသည်။

တောင်ကုန်းငယ်များကို ပုံ၏အရှေ့မြောက်ပိုင်းတွင်တွေ့ရပြီး အရှေ့တောင်နှင့် အနောက်မြောက်တွင်လည်း အနည်းငယ်တွေ့ရသည်။ တောင်ကုန်းငယ်များသည် အရှေ့မှအနောက်သို့သွယ်တန်းနေပြီး ပေ(၅၀၀) ကျော်မြင့်သည့် တောင်ကုန်းငယ်တစ်ခုကို ပုံ၏အရှေ့မြောက်ပိုင်းတွင်တွေ့ရပါသည်။ အရှေ့ဘက်တွင် ဆင်ခြေလျှောမတ်စောက်ပြီး အနောက်ဘက်တွင် ပြေပြစ်သည်။

ပုံတွင် ဧရာဝတီမြစ်၏တစ်ဖက်တစ်ချက်၌ ကွန်တိုမျဉ်းများခပ်စိပ်စိပ်တွေ့ရခြင်းကြောင့် မြေမျက်နှာပြင်မညီညာသော လွင်ပြင်များရှိနေပြီး ပုံပါဒေသ၏ ခြောက်ပုံလေးပုံခန့် ကျယ်ဝန်းသည်။

ဧရာဝတီမြစ်သည် မြေပုံပါဒေသ၏အလယ်တွင် မြောက်မှတောင်သို့စီးဆင်းနေပြီး မြစ်၏အလယ်တွင် ရဲဘော်ကျွန်းကိုတွေ့ရသည်။အရှေ့ဘက် အောင်လံမြို့အနီးမှ ချောင်းငယ်များစွာနှင့် အနောက်ဘက် သရက်မြို့အနီးမှ ချောင်းငယ်များစွာ ဧရာဝတီမြစ်အတွင်းသို့စီးဝင်ကြသည်။ ဧရာဝတီမြစ်နှင့်ချောင်းကြီးများသည် ရေအမြဲစီးဆင်းနေသော မြစ်ချောင်းများဖြစ်ကြပြီး ကျန်ချောင်းငယ်များမှာ ရာသီအလိုက်ရေရှိသော ချောင်းများဖြစ်ကြပါသည်။

### အောက်ခံကျောက်

မြေပုံပါဒေသသည် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ဒေသဖြစ်သည့်အတွက် အောက်ခံကျောက်မှာ သက်နုကျောက်များ ဖြစ်နိုင်သည်။

### ရာသီဥတု

မြေပုံပါဒေသသည် မြောက်လတ္တီကျူ ၂၃ $\frac{၁}{၂}$ အောက်နိမ့်ကာ အမြင့်ပေ ၃၀၀၀ အောက် ဒေသဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် တည်ရှိသည့်အတွက် အပူချိန်များသည်။ ပင်လယ်နှင့်ဝေးသော ဒေသဖြစ်သည့်အတွက် အပူချိန်ကွာခြားချက်များသည်။ ဧရာဝတီမြစ်အတွင်း သဲသောင်များတွေ့ရခြင်း၊ ပင်လယ်နှင့် ဝေးခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိခြင်းများကြောင့် မိုးနည်းသည့်ဒေသလည်းဖြစ်သည်။ အပူချိန်များပြီး မိုးနည်းသည့်အတွက် အပူပိုင်းခြောက်သွေ့ရာသီဥတု ရရှိမည်။

### သဘာဝပေါက်ပင်

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

### မြေဆီလွှာ

အပူချိန်များပြီး မိုးနည်းသည့်ဒေသဖြစ်သည့်အတွက် တောင်ကုန်းငယ်များပေါ်တွင် မြေနီသဲဝန်း၊ မြေဝါသဲဝန်း မြေဆီလွှာများနှင့် လွင်ပြင်ဒေသတွင် သဲဆန်သောမြေဆီလွှာနှင့် စနယ်မြေများ တွေ့နိုင်ပါသည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

### လူဦးရေ

မြေပုံပါဒေသသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ သရက်၊ အောင်လံမြို့ဝန်းကျင်ဒေသဖြစ်သည့် အတွက် မြို့နှင့်ကျေးရွာများ အများအပြားတွေ့ရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်ပေါ်တွင် တည်ရှိခြင်းများကြောင့် လူနေများပြီး လူနေသိပ်သည်းသောဒေသလည်း ဖြစ်သည်။

### လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

မကွေးတိုင်းဒေသကြီး သရက်နှင့်အောင်လံမြို့များ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုး အများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။ အခြားဘာသာဝင်များလည်း နေထိုင်ကြမည်။

### မြို့ရွာပျံ့နှံ့တည်ရှိမှု

ပုံတွင် သရက်မြို့ကို ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်တွေ့ရှိရပြီး အောင်လံမြို့ကို အရှေ့ဘက် ကမ်းပေါ်တွင် တွေ့ရသည်။ ဒေသအတွင်း ဧရာဝတီမြစ်ကိုအသုံးပြုပြီး ရေကြောင်းသွားလာမှုပြုလုပ်နိုင်ပြီး အောင်လံမြို့သည် ပြည်မှတောင်တွင်းကြီးသို့ ဆက်သွယ်ထားသော ကားလမ်း၊ရထားလမ်းပေါ်တွင် တည်ရှိသည်။

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှ

ထို့အပြင် ဒေသအတွင်း ကျေးရွာများနှင့်လည်း ကားလမ်း၊ ကျောက်ခင်းလမ်း၊ လှည်းလမ်းများနှင့် ဆက်သွယ်ထားသည်။

သရက်မြို့နှင့် ကိုးပင်၊ သီးကုန်း၊ မုန့်ဖလီ၊ ရေဖြူ၊ စကားလဲ (ကျောင်းစု)၊ စကားလဲ (ရေတွင်းစု) နှင့် ရွာထောင်စသည့်ရွာများသည် ရွာစု၊ ရွာပိုင်းအနေဖြင့်တွေ့ရပြီး စန်းအိုင်၊ ရဲဘော်ကျွန်းရွာများသည် ရွာတန်းရှည်ပုံသဏ္ဌာန်ရှိကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။

**စိုက်ပျိုးရေး**

အပူချိန်များပြီး မိုးနည်းသည့်ဒေသဖြစ်သည့်အတွက် လွင်ပြင်ပေါ်ရှိယာမြေများပေါ်တွင် နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဇရုတ်နှင့် ပြောင်းစသည့် ယာသီးနှံများစိုက်ပျိုးကြပြီး လယ်မြေများပေါ်တွင် ရေသွင်းစပါးစိုက်ပျိုးနိုင်သည်။ဧရာဝတီမြစ်အတွင်းရှိ ကျွန်းများနှင့် မြစ်ကမ်းဘေးများတွင် ကိုင်းကျွန်းသီးနှံများ စိုက်ပျိုးကြမည်။

**မွေးမြူရေး**

ဒေသစိုက်ပျိုးရေးအတွက် နွားကိုမွေးမြူကြပြီး စားသုံးရန် ကြက်၊ ဝက်၊ ဆိတ် တို့ကိုမွေးမြူမည်။

**ရေလုပ်ငန်း**

ဧရာဝတီမြစ်မှ ဒေသတွင်းစားသုံးရန် ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်မည်။

**သစ်တောထွက်ပစ္စည်းလုပ်ငန်း**

ဒေသတွင်းရှိ ရွက်ပြတ်တောများမှ ဒေသသုံးသစ်ထုတ်လုပ်ငန်းရှိမည်။

**စက်မှုလုပ်ငန်း**

သရက်မြို့တောင်ဘက်ရှိ နိုင်ငံပိုင်ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများထုတ်လုပ်သည်။ အောင်လံမြို့တောင်ဘက်တွင် အမှတ်(၉၆) နိုင်ငံပိုင်သစ်စက်ကို တွေ့ရှိရသည်။ ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ဆန်စက်၊ ဆီစက်၊ ဝါကြိတ်စက်များကို ဒေသအတွင်းတွေ့နိုင်သည်။ ကျေးရွာများတွင် ရက်ကန်းလုပ်ငန်းများရှိနိုင်သည်။

**လမ်းပန်းဆက်သွယ်ရေး**

အောင်လံမြို့သည် ပြည်မှ တောင်တွင်းကြီး၊ မကွေးမြို့များသို့ ဆက်သွယ်ထားသည့် ကားလမ်း၊ ရထားလမ်းများပေါ်တွင် တည်ရှိသည်။ သရက်မြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်တွင် တည်ရှိပြီး ပုသိမ်-မုံရွာကားလမ်းနှင့် ဆက်သွယ်ထားသည်။ ဧရာဝတီမြစ်ကြောင်းမှ လှေ၊ သင်္ဘောများဖြင့်လည်း သွားလာနိုင်သည်။ မြို့များနှင့် ကျေးရွာများကို ကျောက်ခင်းလမ်း၊ လှည်းလမ်းများဖြင့် ဆက်သွယ်သွားလာနိုင်ပါသည်။

**ကုန်သွယ်ရေး**

ဒေသထွက်ပိုလျှံသောစိုက်ပျိုးရေးထွက်ကုန်များ၊ ဘိလပ်မြေနှင့်သစ်များကို အခြားဒေသများသို့ တင်ပို့ကြပြီး ဒေသအတွက်လိုအပ်သည့် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါး၊ အဝတ်အထည်များကို ပြန်လည်တင်သွင်းသည်။

မြေပုံပါဒေသရဲ့ပထဝီဝင်ကို ဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်းများစွာ လိုအပ်တယ်။ ဒါကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ် ဖြေဆိုရန်လိုအပ်တယ်။ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့မှာကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

# ချင်းပြည်နယ်၏ ပထမဆုံးသော ဆင်အခြေပြုခရီးသွားလုပ်ငန်း ဆင်စခန်းဖွင့်လှစ်

**တီးတိန် ဖေဖော်ဝါရီ ၁၈**

ပြည်တွင်း ပြည်ပ ခရီးသွားများအပန်းဖြေနိုင်ရန်ရည်ရွယ်၍ သဘာဝအခြေပြုတောတောင်ဖြင့် ဆွဲဆောင်မည့်ချင်းပြည်နယ်၏ ပထမဆုံး ဆင်စခန်းဖြစ်သည့် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့သစ်နှင့် ပိန်းပိကျေးရွာကြား ဆီးယင်းကြိုးဝိုင်းအကွက်အမှတ် ၁၃၈ ရှိ ကနေဒီဆင်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းကို ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း ချင်းပြည်နယ် သစ်ထုတ်ရေး၌ာနမှ သိရသည်။

"အခု ဒီဆင်စခန်းမှာ ဆင်မသုံးကောင်နဲ့ ဆင်အထီး လေးကောင် စုစုပေါင်း ဆင်ခုနစ်ကောင်နဲ့ ဆင်အခြေပြုခရီးသွားလုပ်ငန်းကို ဆောင်ရွက်သွားမှာပါ။ ခရီးသွားပြည်သူတွေအနေနဲ့ ဆင်စီးကြမယ်ဆိုရင် နိုင်ငံခြားသားတစ်ဦးကို ဆင်စခန်းဝင်ကြေးနဲ့ ဆင်စီးခငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားပါတယ်။ ပြည်တွင်းခရီးသွားတစ်ဦးကို ဝင်ကြေးနဲ့ ဆင်စီးခ လူကြီးငွေကျပ် ၅၀၀၀ နဲ့ ကလေးငွေကျပ် ၃၀၀၀ သတ်မှတ်ထားပါတယ်။

"ဖွင့်ပွဲနေ့မှာတော့ အခမဲ့ဝင်ရောက်ခွင့်ပြုထားပါတယ်။ နောက်ရက်တွေမှာ သတ်မှတ်နှုန်းအတိုင်း ကောက်ခံသွားမှာဖြစ်ပါတယ်" ဟု ပြည်နယ်သစ်ထုတ်လုပ်ရေး၊ ခိုင်ကမ်းဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတာဝန်ခံ (သစ်အုပ်ကြီး) ဦးတိုးချစ်မှူးပိုင်က ပြောသည်။



ဖွင့်ပွဲနေ့က ဆင်ဘူဖေး အစာကျွေးနေစဉ်။

အဆိုပါဆင်စခန်းကို နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ၊ သဘာဝပတ်ဝန်းကျင်နှင့် တောတောင်ရေမြေကို ပိုပြီးချစ်မြတ်နိုးတတ်လာစေရန် ရည်ရွယ်ထားသည့်အတွက် တီးတိန် - သိုင်းငင်း- ပိန်းပိ- ခိုင်ကမ်းမြို့ လမ်းသစ်ကို အဆင့်မြှင့်တင်ထားရှိကြောင်း၊ လတ်တလောတွင် ကလေးမြို့နယ်နှင့် ချင်းတောင်ပေါ်မှ ခရီးသွားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အများဆုံး လာရောက်လည်ပတ်လျက်ရှိကြောင်း၊ ယခုဆင်စခန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ၁၅မိုင်ကွာဝေးပြီး ခိုင်ကမ်းမြို့မှ ခြောက်မိုင်ကွာဝေးကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော ဆင်မျိုးစိတ်ကို ချစ်ခင်မြတ်နိုး၍ ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ဖြစ်ပေါ်လာစေရန်၊ ဆင်ဝန်ထမ်းများအား ထိုက်သင့်သည့် အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်လာစေပြီး အိမ်မွေးဆင်ကောင်ရေ ကျဆင်းသွားခြင်းမှ ကာကွယ်ရန်၊ ဒေသ၏ ရိုးရာဓလေ့ရှင်းစွဲဂေဟစနစ်ကို မပျက်ယွင်းစေဘဲ ဒေသခံပြည်သူများအား အကျိုးစီးပွားဖြစ်ထွန်းစေမည့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန်၊ နိုင်ငံတော်၏ အစိမ်းရောင်စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခရီးသွားပြည်သူများ အနားယူနိုင်မည့် မိသားစုအပန်းဖြေစခန်း ပေါ်ထွန်းလာစေရန်၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသော ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းစခန်းများကို လေ့လာပြီး လိုက်လျောညီထွေရှိမည့် ထိန်းသိမ်းစောင့်ရှောက်ရေး နည်းလမ်းကောင်းများ တီထွင်ဆန်းသစ် ဖန်တီးနိုင်စေရန်တို့ကို ရည်ရွယ်၍ မြန်မာတစ်နိုင်ငံလုံးတွင် မြန်မာ့သစ်လုပ်ငန်းက ဆင်စခန်းများ ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ခိုင်ကမ်းဆင်ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းကို အခု ၂၀ မြောက်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# ဝက်သက်ရောဂါသတိပြုပါ(၃)

ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုး (Measles virus) ကြောင့် ဖြစ်ပွားသည်။ ဝက်သက်ရောဂါဖြစ်ပွားပါက ဝက်သက်ဗိုင်းရပ်စ်ကို သတ်နိုင်သော ပိုးသတ်ဆေးမရှိပါ။ ကာကွယ်ဆေးကြိုတင်ထိုးထားခြင်းသည်သာ အကောင်းဆုံး ကာကွယ်နည်း ဖြစ်သည်။

**ဘယ်သူတွေကိုကူးစက်နိုင်ပါသလဲ**

ကာကွယ်ဆေးမထိုးသူများအားလုံး (အသက်အရွယ်မရွေး၊ ကျား/မ မရွေး) ဝက်သက်ရောဂါကူးစက်နိုင်ပါသည်။

**ဘယ်လိုပြုစုကုသရမှာလဲ**

❍ အရည်များများတိုက်ပါ။
❍ ကောင်းစွာအနားယူပါ။
❍ ဗီတာမင်အေ ထပ်မံတိုက်ကျွေးပေးရပါမည်။
❍ အခြားသူများကို မကူးစက်အောင် သီးသန့်နေထိုင်ရပါမည်။
❍ ဆေးမြီးတိုများဖြင့် ကုသခြင်း မပြုပါနှင့်။
❍ နောက်ဆက်တွဲဆိုးကျိုးလက္ခဏာများပေါ်ပေါက်ပါက ဆေးရုံတွင် ထိရောက်စွာကုသရပါမည်။

**ဘယ်လိုကာကွယ်ရမလဲ**

✔ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပါ။ **(ပထမအကြိမ်-ကလေးအသက်(၉)လနှင့် ဒုတိယအကြိမ်-ကလေးအသက်(၁၈)လ)**
✔ ဝက်သက်ပေါက်နေသူနှင့် ထိတွေ့ခြင်းနှင့် လူစုလူဝေးထူထပ်သောနေရာများသို့ သွားလာခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
✔ လူနာနှင့်ထိတွေ့ပါက နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်အုပ်ပါ။
✔ လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

**ဝက်သက်ရောဂါကြိုတင်ရန် မိမိ၏ ကလေးငယ်ကို ကာကွယ်ဆေးထိုးနှံပါ။**
**ပထမအကြိမ်-အသက်(၉)လ**
**ဒုတိယအကြိမ်-အသက်(၁၈)လ**
**ဝက်သက်ရောဂါကာကွယ်ဆေး လုံးဝမထိုးရသေးသော အသက်(၅)နှစ်အောက် ကလေးများကို နီးစပ်ရာကျန်းမာရေး၌ာနတွင် သွားရောက်၍ ထိုးနှံပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ချင်းအမျိုးသားနေ့ပွဲတော်တွင် အသက် ၄၀ ကျော် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးမည်

**ဖလမ်း ဖေဖော်ဝါရီ ၁၈**

(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်ကျင်းပသည့် ဖလမ်းမြို့ဟရန်ထီးယို အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များတွင် လာရောက်လည်ပတ်သော အသက် ၄၀ ကျော် ပြည်သူများအား ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးမှူး ဦးရိုနိုတ်ခါးက ပြောသည်။

ကျန်းမာရေးစောင့်ရှောက်ရာတွင် ချင်းအမျိုးသားနေ့ ကျင်းပမည့် ၁၉ ရက်နှင့် ၂၀ ရက်တွင် လာရောက်လည်ပတ်သော အသက် ၄၀ ကျော် ပြည်သူများအား ရှေ့၁၀ နှစ်တွင် သွေးတိုးရောဂါ ဖြစ်နိုင်မှု ရှိ မရှိ အခြေအနေများကို အခမဲ့ စစ်ဆေးတွက်ချက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဂျွန်**

# ကျိုင်းလပ်မြို့၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်

**ကျိုင်းလပ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ယမန်နေ့က ရပ်ကွက်(၁)ရှိဝမ်လုံဘုန်းကြီးကျောင်း၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့က ကျိုင်းလပ်မြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့အတွက် ထမ်းစင်များ၊ ဆေးအိတ်များနှင့် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားများအား မတော်တဆထိခိုက်ဒဏ်ရာရသူများကို ကူညီဆောင်ရွက်ပေးနိုင်ရန် ရှေးဦးပြုစုခြင်းပညာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# နတ်မောက်မြို့နယ်အတွင်း မသန်စွမ်းသူများအား ထောက်ပံ့

**နတ်မောက် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ နတ်မောက်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်တို့က အမှာစကားပြောကြားခဲ့ပြီးနောက် ၎င်းတို့နှင့်အတူ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်သွယ်သွယ်အေးနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများရှိ မသန်စွမ်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၆၆၈ ဦးရှိပြီး မသန်စွမ်းသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**မော်တော်ယာဉ်နည်းပညာသုတေသနဌာန(ပြင်ဦးလွင်)**

## သင်တန်းသားများခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မဟာဗန္ဓုလလမ်းနှင့်မြို့ပတ်လမ်းထောင့်၊ ရပ်ကွက်ကြီး(၁)ရှိ မော်တော်ယာဉ်နည်းပညာသုတေသနဌာနတွင် အောက်ပါ ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများကို ၂၀၁၉ခုနှစ်၊ မတ်လ ၅ရက်တွင် အဌမအကြိမ် ဖွင့်လှစ်ပါမည်။

| စဉ် | သင်တန်းအမည် | လက်ခံမည့် သင်တန်း သား ဦးရေ | သင်တန်း ကာလ |
|---|---|---|---|
| ၁ | အိမ်သုံး Aircon တပ်ဆင်ခြင်းသင်တန်း | ၁၅ ဦး | လေးပတ် |
| ၂ | ကွန်ပျူတာအသုံးချ Introduction to Computer System and Basic Windows-7 Microsoft Word (2010)-Microsoft Excel (2010)-Microsoft PowerPoint (2010)-Using Internet and E-mail | ၂၀ ဦး | လေးပတ် |

၂။ လျှောက်ထားသူသည်-
(က) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲတင်ပြရမည်။
(က) လျှောက်လွှာမူရင်း တစ်စောင်
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)လျှောက်ထားဆဲဖြစ်ပါက မိဘနှစ်ဦးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။
(ဂ) လိုင်စင်ဓာတ်ပုံ သုံးပုံ။
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်မူရင်း (သို့မဟုတ်) မြို့နယ်ရဲစခန်းထောက်ခံစာမူရင်း။

၄။ ၂၅-၂-၂၀၁၉ရက်မှစ၍ မော်တော်ယာဉ်နည်းပညာသုတေသနဌာန၊ ပြင်ဦးလွင်မြို့တွင် လျှောက်လွှာများရယူ လျှောက်ထားနိုင်ပါသည်။
(က) **လျှောက်လွှာလက်ခံမည့်ရက်** - ၂၅-၂-၂၀၁၉ရက်မှ ၁-၃-၂၀၁၉ ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ
(ခ) **လျှောက်လွှာနောက်ဆုံး တင်ရမည့်ရက်** - ၁-၃-၂၀၁၉ ရက်
(ဂ) **လူတွေ့စစ်ဆေးမည့်ရက်** - ၄-၃-၂၀၁၉ ရက်

၅။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး နယ်ဝေး သင်တန်းသား/သူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

**မော်တော်ယာဉ်နည်းပညာသုတေသနဌာန**

---

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

(၁) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်၊ သစ်တောဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရမ်းဗြဲမြို့နယ်နှင့် မြေပုံမြို့နယ်တို့တွင် ဒီရေရောက်သစ်တောများ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်း(ဒိန်းမတ်) ရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း/ပစ္စည်းအမျိုးအမည် | အရေအတွက် | တည်နေရာ |
|---|---|---|---|
| ၁။ | တိုးချဲ့ပညာပေးရေးစခန်း ပေ(၆၄×၅၆×၃၄)နှစ်ထပ် (မုန်တိုင်းဒဏ်ခံအဆောက်အအုံ) | (၁)လုံး | ရမ်းဗြဲမြို့နယ် |
| ၂။ | တိုးချဲ့ပညာပေးရေးစခန်း ပေ(၆၄×၅၆×၃၄)နှစ်ထပ် (မုန်တိုင်းဒဏ်ခံအဆောက်အအုံ) | (၁)လုံး | မြေပုံမြို့နယ် |

(၂) အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၀-၂-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း စတင်ရောင်းချမည်ဖြစ်ပြီး ၁၅-၃-၂၀၁၉ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့်ရက်ထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါဖွင့်ရက်ကို တင်ဒါတင်သွင်းသူများထံဆက် သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

(၃) အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၃-၂၁၆၂၀၊ ၀၄၃- ၂၂၁၂၇ နှင့် စစ်တွေခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၄၃-၂၁၆၂၅ နှင့် ကျောက်ဖြူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၄၃-၄၆၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းလုပ်ငန်းကော်မတီ**
**ရခိုင်ပြည်နယ်၊ သစ်တောဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆)၊ နေပြည်တော်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် ကယားပြည်နယ်၏ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်အတွင်း ဆောင်ရွက်မည့် တံတားသုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်းနှင့် 0.8mØ,1mØ Bored Pile Gif တူးခြင်းလုပ်ငန်းတို့အတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက်ဝယ်ယူလိုပါ၍ တင်ဒါတင်သွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၉ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၃-၂၀၁၉ ရက်၊ ၁၆း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၃-၂၀၁၉ ရက်၊ ၁၀း၀၀ နာရီ
၄။ **တင်ဒါ/တင်သွင်းစိစစ် ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြရုံး) လမ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့

တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူး(မြို့ပြရုံး) လမ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ) ၀၈၃-၂၁၄၉၄၊ ၀၉-၇၈၁၃၈၆၁၉၅

**တင်ဒါကော်မတီ**
**တံတားအထူးဖွဲ့(၆)**

---

**အမည်ပြောင်း**

ဦးလှဝင်း ၇/ပမန(နိုင်)၀၃၀၉၉၄၏ သမီး မသော်သော်အောင် ၇/ပမန(နိုင်)၁၉၅၈၈၄ အား မသော်သော်သူဟု ပြောင်းလဲခေါ်ပါရန်။

**မသော်သော်သူ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၈ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) အဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကတ္တရာခင်းခြင်းလုပ်ငန်းလေးခု၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းတစ်ခုနှင့် ရေပုပ်စုပ်ယာဉ်တစ်စီး ဝယ်ယူခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၃-၃-၂၀၁၉
**တင်ဒါပိတ်မည့်ရက်** - ၇-၃-၂၀၁၉ ရက်၊ ညနေ ၄ နာရီ
**တင်ဒါရွေးချယ်မည့် ရက်/နေရာ** - ၈-၃-၂၀၁၉ ရက်၊ နံနက် ၁၀ နာရီ ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ကျောက်တံခါးမြို့**
**ဖုန်း-၀၅၄-၂၈၆၀၀၂၆**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ရေးစီမံကိန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း- Tender No-FARM/TTB/ W/19/01)**

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့၏ ရန်ပုံငွေအထောက်အပံ့တို့ဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ရေး (Fostering Agricultrual Revitalization in Myanmar -FARM) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ FARM စီမံကိန်း၏ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ငါးမြို့နယ် (လယ်ဝေး၊ ဥတ္တရသီရိ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် ဇေယျာသီရိ)အတွင်းတွင် အောက်ဖော်ပြပါ စိုက်ပျိုးစီးပွားအသိပေးစင်တာ ဗဟိုရုံးချုပ်စခန်းတစ်လုံးတည်ဆောက်ခြင်းနှင့် စိုက်ပျိုးစီးပွားအသိပညာပေးစင်တာရုံး ၁၉လုံးတည်ဆောက်ခြင်း ဆက်စပ်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်ခြင်းအတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ စိုက်ပျိုးစီးပွားအသိပညာပေးဗဟိုဌာနစခန်း(၆၈ပေ×၃၆ပေ) (၁၉)လုံး H.Beam ဖြင့် ဆောက်လုပ်ခြင်း (ရေ၊မီး၊မိလ္လာအပါအဝင်)

၄။ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာဗဟိုရုံးချုပ်စခန်း (၁)လုံး (၆၃ ပေ×ပေ ၃၀) RC တစ်ထပ်ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာအပါအဝင်)
(က) Ground Tank(1600 Gals)ဆောက်လုပ်ခြင်း (၁)လုံး
(ခ) Steel Structure Water Trestle (800 Gals) ဆောက်လုပ်ခြင်း (၁)စုံ
(ဂ) RC တိုင်ဖြင့်(အုတ်+သံပန်း) ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါးအပါအဝင်) (၁)စုံ
(ဃ) အဝင်လမ်းခင်းခြင်း (၁)စုံ

၅။ **တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၁၉-၂-၂၀၁၉ရက်(ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်အချိန်** - ၁၅-၃-၂၀၁၉ရက်(ညနေ ၄နာရီ)
**တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - ၁၉-၃-၂၀၁၉ရက်(နံနက် ၁၀နာရီ)

၆။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါလိပ်စာအတိုင်း နေ့စဉ် ရုံးချိန်အတွင်း အခမဲ့လာရောက်ရယူလျှောက်ထားနိုင်ပါသည်။

**တင်ဒါကော်မတီ**
**(FARM Project)ရုံးအမှတ်(၄၃)၊ တိုးချဲ့နှစ်ထပ်ဆောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၄၇၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃/ပေါင်းလောင်း-၃)၊ မြေကွက်အမှတ် (၁၄၉၆)၊ ဧရိယာ ၀.၁၁၃၀၅၅ဧကရှိ ဒေါ်သီတာထွေးအမည်ပေါက် ပါမစ်မြေအား ဦးစည်သူစိုး (ဘ)ဦးစိုးမြင့်အေး ၉/မပမ(နိုင်)၀၁၈၅၂၃မှ ပျဉ်းမနားမြို့ မြေနေရာချထားရေးကော်မတီ ပေါင်းလောင်း(၃) မြေကွက်တန်ဖိုးငွေသွင်းပြေစာမိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် (မူရင်း)များတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၅)၊ ဖောင်းတော၊ အမှတ် ၉၄တွင် နေထိုင်သည့် ဒေါ်ဥမ္မာမြင့် ၁၂/မဘန(နိုင်)၀၀၉၈၄၇ ပိုင်ဆိုင်သည့်ကွင်း၊ အကွက်အမှတ် (၆၆၅၊ဖောင်းတော) ဦးပိုင်အမှတ် (N - ၉၄)၊ မြေယာအမှတ် (၄၃၉)၊ ဧရိယာ(၃ဒသမ၅၅)ဧက ပိုင်ဆိုင်ခွင့်(ဂရန်မြေ)သည် ၃-၃-၂၀၁၉ရက်တွင် (၁၀)နှစ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပါသဖြင့် ဂရန်သက်တမ်းတိုးအား ခရိုင်အထွေထွေ အုပ်ချုပ်ရေးရုံးသို့ ၂၃-၁-၂၀၁၉ရက်တွင် လျှောက်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာ ပြင်ဦးလွင်ခရိုင်/မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာမြင့်**
**အမှတ်-၉၄၊ ရပ်ကွက်ကြီး(၁၅)၊ အနီးစခန်း၊ ဖောင်းတော၊ ပြင်ဦးလွင်မြို့နယ်၊ ဖုန်း-၀၉-၆၉၇၂၈၅၉၁၃**

---

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ မြေကွက်အမှတ် ၅၃၁ ဟု ခေါ်တွင်သည့် မြေကွက်အနက်မှ မြေအကျယ်အဝန်း ပေ ၂၀× ပေ ၆၀ မြေကွက်ကို ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ ကန့်ကွက်နိုင်ပါသည်။

**ဦးတင်အောင်ကြည်**
**(B.Sc, H.G.P, R.L)**
**အထက်တန်းရှေ့နေ (စဉ်-၁၁၀၈၆)**
**၉၅၄၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၁၅၃၃၄၂၉**

---

## ဖိတ်ကြားအပ်ပါသည်

မင်္ဂလာဗျူဟာအသင်းချုပ်၏ ဒါနဥပပါရမီ သွေးလှူဒါန်းပွဲများကို (၂)လ တစ်ကြိမ် ကျင်းပလျက်ရှိရာ (၁၅၉)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို အသင်းချုပ်၌ ၂၄-၂-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ စေတနာသွေးလှူရှင်များကို ဖိတ်ကြားအပ်ပါသည်။

**မင်္ဂလာဗျူဟာအသင်းချုပ်**

---

## မွေးနေ့ဆုမွန်လွှာ

၁၉-၂-၂၀၁၉ ရက် (၁၃၈၀ပြည့်နှစ် တပို့တွဲလပြည့်နေ့)တွင် ကျရောက်သော ဒေါ်အေးမြတ်မြတ်လေး၏ မွေးနေ့ရက်မြတ်မင်္ဂလာတွင် နှစ်ပေါင်း(၁၀၀) ကျန်းမာ၊ ချမ်းသာ၊ ဘေးရန်ကွာ၍ မိဘနှင့် ညီမလေး၊ မောင်လေးများအား စောင့်ရှောက်နိုင်ပါစေလို့ ဆုမွန်လွှာပါးအပ်ပါသည်။

**ဖေဖေ** - **ဦးကိုလေး**
**မေမေ** - **ဒေါ်ယဉ်လေး**
**ညီမ** - **မသဇင်မြတ်မြတ်လေး**
**ညီမငယ်** - **မဝင်းမြတ်မြတ်လေး**
**မောင်လေး** - **ကိုထင်အောင်လင်း**

---

**မာလာတင်**

## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ။ လူဦးရေကန့်သတ်သည်။
၄-၃-၂၀၁၉ရက် စမည်။ အမှတ် ၂၉၇၊ အခန်း-၆
စုံစမ်းချိန်-နံနက် ၉ နာရီမှ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ညနေ ၃ နာရီအတွင်း ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅

---

## ကန့်ကွက်နိုင်ပါကြောင်း

စိန်ကလပ် စပါယ်ရှယ်ဆေးပေါ့လိပ်အား မှတ်ပုံတင်သွင်းလိုပါ၍ ကန့်ကွက်လိုပါက ရက်ပေါင်း (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းထွဋ် ၇/ပခန(နိုင်)၂၆၇၇၅၂**
**အမှတ် ၆၂၅၊ ကျောက်ဖူးကုန်း(၂)လမ်း၊ ပဲခူးမြို့**
**ဖုန်း-၀၉-၇၉၀၉၀၄၉၀၇**

---

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်၊ ဒေါ်နွယ်နီ ပိုင်ဆိုင်သော ဝိုင်းအမှတ်(၂၀၈)၊ မြေအကျယ် ပေ(၅၀×၆၀) မြေပေါ်ရှိ နေအိမ်ဟောင်းအား ဖျက်ပြီး အသစ်ဆောက်လုပ်သွားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ရက် ၃၀ အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နွယ်နီ ၉/ကဆန(နိုင်)၀၄၃၇၃၇**
**ဖုန်း-၀၉-၇၉၄၅၃၄၆၉၈**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သမိန်ဗရမ်းလမ်း(လောပိတလမ်း)၊ မြေကွက်အမှတ်(၂၆၂)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးအောင်မြင့် ၁၂/ဒဂန(နိုင်)၀၀၃၆၀၁ ထံမှ ဦးပြည့်သိမ်း ၁၂/ကမတ(နိုင်)၀၆၀၆၂၃ မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်သိမ်း ၁၂/ကမတ(နိုင်)၀၆၀၆၂၃**
**ဖုန်း-၀၉-၉၇၁၉၈၂၄၂၇**

---

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ ရဲဘော်ထွေးလမ်း၊ အမှတ် ၈/၄၉ နေ ဦးဘိုနီ-ဒေါ်စိုးစိုးတို့၏ သမီးကြီး မနွယ်နီစိုး ၉/ပမန(နိုင်)၂၇၁၁၄၁ သည် ၁၃-၂-၂၀၁၉ရက်တွင် မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးဘိုနီ ၉/ပမန(နိုင်)၂၇၁၁၄၇**

---

## အနူးညွတ်တောင်းပန်ခြင်း

ကျွန်တော် ကိုသွင်ခန့်ဇော် ၉/ဝတန(နိုင်)၁၆၀၅၀၉ အမှတ်(၁၆)၊ ကျောက်စိမ်းရတနာအိမ်ရာ၊ မန္တလေးမြို့နေသူက ကိုရန်ပိုင်ဝင်း ၁၂/မဘန(နိုင်)၁၃၁၇၀၁ မော်ဘီမြို့၊ ဈေးကွက်သစ် (၁)လမ်းနေသူအား ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုခဲ့မှုအတွက် အနူးညွတ်တောင်းပန်အပ်ပါသည်။

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6843 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အမည်ပြောင်း

ဦးဆော်ဘောမ် ၁/မညန(နိုင်)၀၇၈၇၆၇၏ သမီး မဘောမ်မျော်အား မစုရတီအောင်ဟု ပြောင်းလဲခေါ်ပါရန်။

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့ အထက အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်မြင့်မြင့်စန်း ၅/ခဥန(နိုင်)၀၀၀၆၇၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်စိန်(ခ)ဒေါ်မြင့်မြင့်စန်း**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့ အထက အထက်တန်းပြဆရာမ ဒေါ်မာမာချို(ခ)ဒေါ်ခင်မာချို ၅/ခဥန(နိုင်)၀၀၀၆၇၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မာမာချို(ခ)ဒေါ်ခင်မာချို**

---

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/7690၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

---

## မိဘအမည်မှန်

တောင်သာမြို့၊ တောင်ဆည်ကုန်းကျေးရွာနေ မောင်နိုင်နိုင်သူ၏ မိဘအမည်မှန်မှာ ဦးခင်မောင်ထွေး-ဒေါ်ခါကြည် ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွေး-ဒေါ်ခါကြည်**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နွားထိုးကြီးမြို့နယ်၊ မင်းရွာ အထက၊ တက္ကသိုလ်ဝင်တန်းမှ မမြသန္တာဦး(ခ)မြသဥ္ဇာဦး ၉/နထက(နိုင်)၂၁၆၆၆၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မမြသန္တာဦး(ခ)မြသဥ္ဇာဦး**

---

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6A/6494 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

---

## ဖခင်အမည်မှန်

ရန်ကုန်အဝေးသင်တက္ကသိုလ်(ဒဂုံ) တတိယနှစ် ဒဿနိကဗေဒ အထူးပြုမှ မသိမ့်သံသာဆု၏ ဖခင်အမည်မှန်မှာ ဦးအုန်းခင် ၁၂/ဥကတ(နိုင်)၁၁၉၀၁၀ ဖြစ်ပါကြောင်း။

**ဦးအုန်းခင်**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/7716 Nissan AD VY 12 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်ဇော် ၁၂/ဒလန(နိုင်)၀၇၁၈၅၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/4186 Mitsubishi Mini Cab U6IT Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစောဘော်သား ၁၃/မမတ (နိုင်) ၀၅၀၇၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ တင်ဦး

### (၁၈)နှစ်ပြည့် ကောင်းမှုဆုတောင်း

ကျေးဇူးရှင်ဖေဖေကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ (၁၈)နှစ်ပြည့်မြောက်သည့် ၁၉. ၂. ၂၀၁၉ ရက်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းခြင်း၊ နေ့စဉ် လစဉ် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ခြင်း စသည်တို့၏ အဖို့ဘာဂကို ရရှိသည်ဖြစ်၍ မြင့်မြတ်ရာဘုံဘဝတွင် ရောက်ရှိနေမည့် ဖေဖေကြီးအနေဖြင့် မြတ်နိဗ္ဗာန် သို့တိုင်အောင် အဆင့်ဆင့် တက်လှမ်းရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အမျှပေးဝေအပ်ပါသည်။

ဇနီး - ဒေါ်ခင်သန်းနွဲ့
သားသမီးများ - ဦးမောင်မောင်ကျော်+ဒေါ်ချိုလဲ့ဦး
- ဖြူဖြူဦး
- ဒေါက်တာမြတ်နိုး+ယဉ်မာဦး
- ဇော်ထွန်းဦး+ခင်သီတာ
- နေထွန်းဦး
မြေးများ - ဟိန်းထက်
- ယဉ်မြတ်နိုး၊ ဖူးငုံကျော်
- သန့်သီဟန်ဇော် (ဖိုးသီလ)

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

မမျှော်လင့်ဘဲ

တို့ညီအစ်ကို၊ မောင်နှမတွေထဲက ဦးစွာထွက်ခွာသွားသော ညီလေး(၂)နှစ်ပြည့်သွားပေမယ့် ယနေ့တိုင်သတိရလျက်ပါ။ ပြုသမျှကုသိုလ်ကိုရောက်ရာ ဘဝမြင့်မြတ်သော ဘုံဘဝကနေ သာဓုခေါ်ပါနော်။

အမျှ…အမျှ…အမျှ…

အစ်ကိုကြီး - ဦးသိန်းထွန်း-ဒေါ်ခင်လှကြည်
(မိုးသောက်ပန်း ကွမ်းသီးရောင်းဝယ်ရေး)မုံရွာမြို့

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

မမျှော်လင့်ဘဲ

တို့ညီအစ်ကို၊ မောင်နှမတွေထဲက ဦးစွာထွက်ခွာသွားသော ညီလေး(၂)နှစ်ပြည့်သွားပေမယ့် ယနေ့တိုင် သတိရလျက်ပါ။ ပြုသမျှကုသိုလ်ကိုရောက်ရာ ဘဝမြင့်မြတ်သော ဘုံဘဝကနေ သာဓုခေါ်ပါနော်။

အစ်မ - ဦးအုန်းညွန့်-ဒေါ်ခင်သန်းရီ
(ဇင်ဝေ-စက်သုံးဆီရောင်းဝယ်ရေး)ရွှေဘိုမြို့
အစ်ကို - ဦးဌေးဝင်း-ဒေါ်မြင့်မြင့်လွင်
(ချောင်းမနားရွာ)

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

ကိုကိုရေ ညီမလေးတို့မိသားစုကို ခွဲသွားတာ (၂)နှစ်ပြည့်ပြီနော်
တစ်နေ့မှ မမေ့ပါဘူး၊
ကိုကိုအားရည်စူးပြီး လစဉ်လတိုင်း တတ်နိုင်သမျှ
ကုသိုလ်ကောင်းမှုများ ပြုလုပ်ပါတယ်
ယနေ့ ကိုကို (၂)နှစ်ပြည့်မှာ သံဃာတော်များအတွက် ဝတ္ထုငွေသိန်း ၂၀၊
ချောင်းမနားရွာ၊ ဒိုင်းလယ်ကျောင်း၊ ဓမ္မာရုံအတွက် (၃)သိန်းကို
ကျေးဇူးရှင် ချစ်ခင်ပွန်းကိုကိုအား ရည်စူးလှူဒါန်းပါတယ်။
ဤကုသိုလ်ကို ရောက်ရာဘုံဘဝကနေ သာဓုခေါ်ပါနော်
ရက်တွေကြာညောင်း နှစ်လပြောင်းလဲ ဘယ်ခါမေ့ဘူး
ရင်မှာစူးနစ် အသစ်ဖြစ်သည်
ပြုပြုသမျှ လှူဒါနကို
အိမ်ဦးသက်လျာ ရပါစေကြောင်း
တောင်းဆုခြွေသည်

**ကိုကိုရေ အမျှ…အမျှ…အမျှ**

မိခင် - ဒေါ်ရွှေခဲ
ချစ်ဇနီး - ဒေါ်တင်လေးခိုင်(အလပြ)-မင်းခေါင်ရွာ
သားကြီး - မောင်အောင်ခန့်ကြွယ် (Grade-7) ပါရမီ
သားငယ် - မောင်ကောင်းခန့်ကြွယ် (Grade-1)
ဂရင်းအိုက်စ် စံအိမ်မိသားစု၊ မုံရွာ

## ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့၊ ကွင်းနောက်ရပ်ကွက်၊ ကွင်းအမှတ် ၃၂၆၊ ဦးပိုင် (၉၇က)၊ ဧရိယာ(၀ဒသမ၁၅)ဧကေ ဦးအောင်လေး ၇/ကတခ(နိုင်) ၀၀၁၇၈၂အမည်ပေါက်မြေကွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးသော ၂၀/၁၉၉၅/၃ (ခ) ဝန်ခံချက်လက်မှတ်မူရင်းပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

## (၁၈)နှစ်မြောက်သတိရခြင်းနှင့် ကောင်းမှုကုသိုလ်ဒါန

## သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းမောင်

### (ဝန်ကြီးချုပ်ရုံးဝန်ကြီး)

ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၉-၂-၂၀၁၉ရက်တွင် (၁၈)နှစ်ပြည့်ပြီးဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ (၁၈)နှစ်ပြည့်မြောက်သော ယနေ့ ၁၉-၂-၂၀၁၉ရက်တွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဇီဝိတဒါနသံဃဆေးရုံနှင့် ရဟန်းသံဃာတော် အရှင်သူမြတ်တို့အား လှူဒါန်းအပ်သော ကောင်းမှုကုသိုလ်နှင့် တစ်နှစ်ပတ်လုံး လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့အား ကျေးဇူးရှင်ဖခင်ကြီး ရောက်ရာဘဝဘုံဌာနမှ သာဓု…သာဓု…သာဓု ခေါ်နိုင်ပါစေ…။

ဇနီး - သီရိသုဓမ္မသီဂိဒေါ်ရွှေသက်
သား၊ သမီးများနှင့်
မြေးများ - ဒေါက်တာမင်းသန်းထွဋ်-မသင်းရတီဆု၊
ဒေါက်တာစိုးမင်းထွဋ်၊
စည်သူထွဋ်-မနန်းစန္ဒီလင်းထွန်း
- ပြည့်စုံထွဋ်၊ ပြည့်စုံမောင်၊
အောင်လွန်းခေါင်
- ခန့်ညားလွင်၊ ရဲရင့်လွင်
- ရဲချစ်လွန်း၊ ဘုန်းမြတ်သူ
- သစ်လွင်စိုး၊ ဝေယံလွန်းမောင်၊
သမီးငယ် ရွှန်းလဲ့သီရိ
- ဝေဖြိုးထက်၊ ကျော်ဇင်ထက်
မြစ် - ရွှေမှုံမှုံဘရဏီထွဋ်၊ သားသားလေး

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

မမတို့မိသားစုထဲကနေ ခွဲခွာသွားခဲ့သော ဒီနေ့ ဖေဖော်ဝါရီ ၁၉ရက်မှာ (၂)နှစ်ပြည့်ပြီနော်၊ အခုအချိန်ထိ မယုံသေးဘူး၊ မင်းချစ်တဲ့မိသားစုကို မမတို့ မောင်နှမတွေ အတတ်နိုင်ဆုံး စောင့်ရှောက်မယ်နော်၊ မင်းရောက်ရာဘဝကနေ စိတ်ချနေပါနော်၊ အစ်ကို့ကို မမတို့ပြုလုပ်တဲ့ကုသိုလ်ကို ရောက်ရာဘဝကနေ သာဓုခေါ်ပါနော်။

အစ်မ - ဦးတင်ဝင်းညွန့်-ဒေါ်ခင်စမ်းဝင်း
(ရာဇာဝင်းကွမ်းသီးရောင်းဝယ်ရေး)
အစ်ကို - ဦးဝေလွင်-ဒေါ်ကြည်ဝင်း
သား - ဝေဖြိုးလွင် (3rd Law)
(သစ္စာမြေသြဇာရောင်းဝယ်ရေး)၊ မုံရွာ

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**မြေတိုင်းအပတ်စဉ် (၄၆)**

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

မိသားစုနှင့် မောင်နှမသားချင်း ဆွေမျိုးများအား ခွဲခွာသွားတာ (၂)နှစ်ပြည့်ပြီဖြစ်ပေမယ့် ဦးမျိုးအား သတိရအောက်မေ့လျက်ပါ။ ပြုသမျှကုသိုလ်ကောင်းမှုများအတွက် ဦးမျိုးလည်း ရောက်ရာဘုံဘဝကနေ သာဓုခေါ်နိုင်ပါစေ။

ညီ - ဦးတင်စိုး-ဒေါ်မိမိခိုင်
တူ - မောင်အောင်ကျော်စိုး B.A (Geo)
မောင်အောင်ကိုလတ် B.E (IT)
တူမ - မသွယ်သွယ်နိုင် B.E (Arch)

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

ကိုလေးမျိုးရေ
(၂)နှစ်ဆိုတဲ့အချိန်လေးက တစ်ခဏလေးပါ
ညီအစ်ကို၊ မောင်နှမတွေအပေါ်
သံယောဇဉ်ကြီးတဲ့အစ်ကို မထင်မှတ်ဘဲ
စောစွာထွက်သွားတဲ့အတွက် ယနေ့တိုင်
ဝမ်းနည်းသတိရလျက်ပါ ရောက်ရာဘုံဘဝမှာ
အေးချမ်းပါစေ ဆုတောင်းလျက်…

ညီ - ဦးမင်းညို-ဒေါ်မို့မို့သွယ်
ညီမ - မချိုချိုနု (ချင်းတွင်းသားကွမ်းသီးရောင်းဝယ်ရေး)ရွှေဘိုမြို့

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

ဦးလေး(ဦးအောင်မျိုးသန့်) မိသားစု ဆွေမျိုးတွေနဲ့ ခွဲခွာသွားတာ ၁၉-၂-၂၀၁၉ရက်ဆို(၂)နှစ်ပြည့်သွားပြီနော်။ ယနေ့တိုင် မိသားစုနှင့် ထပ်တူ သတိရဆဲပါ။ ပြုသမျှကုသိုလ်ကို ဦးလေးရောက်ရာဘုံဘဝကနေ သာဓုခေါ်ပါနော်။

တူလေး-ကိုမင်းခိုင်သိန်း-မအိအိသွယ်
သမီး-မခိုင်ကြည်စင်၊ မမှူးကြယ်စင်သွယ်
(မိုးဆမ်းပန်း)ကွမ်းသီးရောင်းဝယ်ရေး၊ မုံရွာ

**အမည်ပြောင်း**

ဦးမိုးဇော်ကို ၁၂/သဃက(နိုင်)၀၂၅၃၆၇၏သမီး မဆုမြတ်နှင်း ၁၂/သဃက(နိုင်) ၁၈၈၇၄၃အား မထွဋ်အိမ်ခြွေဟု ပြောင်းလဲခေါ်ပါရန်။

မထွဋ်အိမ်ခြွေ

### (၁၈)နှစ်ပြည့်လွမ်းဆွတ်သတိရတမ်းတခြင်း

## ဗိုလ်ချုပ် သရေစည်သူ သူရ သီဟသူရ စစ်မောင်

ကျေးဇူးရှင် ဖခင်ကြီး မိသားစုနဲ့ ခွဲခွာသွားတာ ယနေ့ ၁၉-၂-၂၀၁၉ရက်ဆိုရင် (၁၈)နှစ်ပြည့်ခဲ့ပါပြီ၊ ဖေကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့တမ်းတ သတိရရင်း ၁၉-၂-၂၀၁၉ ရက်တွင် အိန္ဒိယနိုင်ငံ၊ ဗီဟာ ပြည်နယ်၊ ဗုဒ္ဓဂယာမှာ “ဗောဓိရာဇာကျောင်း”ရေစက်ချလှူဒါန်းခြင်းအပါအဝင် နှစ်စဉ်မပြတ်ပြုလုပ်လှူဒါန်းခဲ့တဲ့ ကောင်းမှု ကုသိုလ် အစုစုတို့ကို အမျှပေးဝေပါတယ်။ ဖေကြီး မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖေကြီးရေ…အမျှ…အမျှ…အမျှ…**

**ချစ်ဇနီး ဒေါ်ခင်ဖြူဝင်းနှင့်သားသမီးမြေးများ**

**ဦးကျော်စိုး(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး)-ဒေါ်သီရိဝင်း**

**ဦးတေဇမောင်(Managing Director)(DRAGON 74 TRADING CO.,LTD)-ဒေါ်ယဉ်မွန်ဌေး**

**ဦးမျိုးမင်းအောင်-ဒေါ်မေသူမောင်(မေသူမောင် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း)**

**ဦးရဲထွဋ်-ဒေါက်တာကြည်ဖြူမောင်**

**မောင်စစ်ဘုန်းထွဋ်၊ မောင်သန့်သုတ၊ မကြည်စင်သန့်၊ မဘုန်းထွဋ်မေ၊ မောင်လင်းသစ်တေဇ၊ မဖူးမြတ်မေ**

## (၁၈)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်)

### လေ-၁၈၆၂

## D.S.A(23) ရဟတ်ယာဉ်မှူး

ချစ်လှစွာသောအစ်ကိုကြီး မိသားစုနှင့် ရုတ်တရက်ခွဲခွာသွားသည်မှာ ယနေ့ ၁၉-၂-၂၀၁၉ ရက်ဆိုလျှင် (၁၈)နှစ်ပြည့်မြောက်သွားပြီဖြစ်သော်လည်း မိသားစု ညီအစ်ကိုမောင်နှမများအနေဖြင့် တစ်နေ့တစ်ရက်မှ မေ့မရပါ။အစ်ကိုကြီး ဗိုလ်မှူးစိုးနိုင်အတွက် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရ နေဆဲပါ။ နေ့စဉ်သံဃာတော် အရှင်သူမြတ်များအား ကောင်းမှုကုသိုလ်များ ပြုလုပ်အပ်ပါသည်။ ယခုရောက်ရှိသော ဘုံဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင်ပြုပြုသမျှ ကောင်းမှုအစုစုတို့ကို သာဓုခေါ်ဆိုနိုင်ပါကြောင်း ဆုတောင်းမေတ္တာပို့သအမျှပေးဝေအပ်ပါသည်။

ချစ်ဇနီး - (ဒေါ်ခင်စပယ်လှတင်)
ချစ်သားသမီးများ - မဝင့်ဖြူကိုကိုမောင် (KBZ Bank)
ဗိုလ်မှူးဝင်းထက်အောင်(တပ်မတော်လေ)-မရွှန်းလဲ့ကိုကိုမောင်
မြေးငယ်လေး - မဆုသံစဉ်
ညီအစ်ကိုမောင်နှမများ - ဒေါ်ခင်မမနှင့်ညီအစ်ကိုမောင်နှမများ(နှင်းပုလဲမိသားစု)
တမာကုန်းရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ချစ်ညီ - ဦးမြင့်ထွန်း(ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး)-ဒေါ်မဥ္ဇူမြင့်
ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ဝတ္တကမြေ၊ ရေတွင်း၊ ရေကန်၊ တန်ဆောင်း၊ လမ်း၊ တံတား၊ ဒါယိကာမကြီး

## ဒေါ်အုန်းကြည်

### ငွေဥသြချည်စက်နှင့် ငွေဥသြစောင်စက်ပိုင်ရှင်

**(မုံရွာမြို့)**

**အသက်(၉၇)နှစ်**

မုံရွာမြို့၊ အလယ်ရပ်၊ မာဃလမ်း၊ ငွေဥသြတိုက်နေ (ဦးဖိုးသင်း-ဒေါ်လှတင်)တို့၏သမီး၊ (ဦးပြား)ငွေဥသြစောင်စက်၏ ဇနီး၊ (ဦးငြိမ်း)၊ (ဒေါ်အုန်းရီ)၊ ဒေါ်အုန်းညိုတို့၏အစ်မ၊ ဒေါ်ကြင်စိန်၊ (ဒေါက်တာမောင်မောင်)-ဒေါက်တာစဝ်မြကြည်၊ ဒေါက်တာမောင်မောင်လတ်(UK)-ဒေါ်အေးအေးခိုင်၊ ဒေါ်မြင့်မြင့်မော်၊ ဦးမောင်မောင်လေး-ဒေါ်ဥမ္မာခင်၊ ဦးတင်ဝင်း-ဒေါ်ကြည်ကြည်မာ(ခ)ဒေါ်ခင်မငြိမ်းတို့၏မိခင်၊ မြေး၁၄ယောက်၊ မြစ် ၁၃ယောက်၊ တီခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၂-၂၀၁၉ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ သုခလမ်း၊ အမှတ် ၁၈နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၁၉ရက် (သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

**အသက် (၅၄)နှစ်**

ကိုအောင်မျိုးသန့် ၁၉-၂-၂၀၁၇ရက်မှ ၁၉-၂-၂၀၁၉

ကိုလေးမျိုးရေ (၂)နှစ်ပြည့်သော်လည်း တစ်နေ့မှ မမေ့ပါဘူး မယ်ခိုင်လေးနဲ့ ထပ်တူ ထပ်မျှ ခံစားရပါတယ်။ မိသားစုအပေါ် အတိုင်းအတာတစ်ခုအထိ တာဝန်ကျေတဲ့ ကိုလေးမျိုး ရောက်ရာဘုံဘဝမှာ အေးချမ်းပါစေလို့ ဆုတောင်းလျက်။

ဦးသိန်းဆောင်-ဒေါ်စောမြ
သမီး-ဒေါ်တင်တင်ဝေ(အလပြ) ၊ မင်းခေါင်

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးအောင်မျိုးသန့်(၁၉-၂-၂၀၁၉)

**လယ်မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့**

မိသားစုနှင့်မောင်နှမသားချင်း ဆွေမျိုးများအားခွဲခွာသွားတာ (၂)နှစ်ပြည့်ပြီဖြစ်ပေမယ့် ဦးမျိုးအား သတိရအောက်မေ့လျက်ပါ။ ပြုသမျှကုသိုလ်ကောင်းမှုများအတွက် သာဓုခေါ်နိုင်ပါစေ။

**ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ဦး-ဇနီးဒေါ်ဖြိုးဝါဝါသန်း မိသားစု**

**ပျောက်ဆုံးကြောင်း**

ဦးအေးဝင်း ၁၂/သဃက(နိုင်)၀၂၆၂၁၁ ၏ PASSPORT NO, MA640530 စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၄၅၂၅၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀/မင်းရဲကျော်စွာ)၊ ဦးပိုင်အမှတ် (၆၈-ခ)၊ ဧရိယာ ၀ ဒသမ ၀၉၅ဧကရှိ ဦးကျော်ဌေးဝင်း - ဒေါ်သန်းသန်းမြင့် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ခင်ပွန်းဖြစ်သူ ဦးကျော်ဌေးဝင်း သေဆုံးသွားသဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းမြင့် (ဘ)ဦးမြင့်စန်း ၉/တကန(နိုင်) ၁၁၂၅၁၇ မှ ဦးကျော်ဌေးဝင်း-ဒေါ်သန်းသန်းမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်၊ ဦးကျော်ဌေးဝင်း သေစာရင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၈/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# နစ်မြုပ်ဆင်ပြောင်ရေယာဉ်မှ ကျန်ရှိဝန်ထမ်းများအား ရှာဖွေကယ်ဆယ်ရေး ဆက်လက်လုပ်ဆောင်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မာန်အောင်မီးပြတိုက်အနီး နစ်မြုပ်ခဲ့သည့် ဆင်ပြောင်ရေယာဉ်မှ ကျန်ရှိဝန်ထမ်းများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဌာနမှူး(မီးပြတိုက်) ဦးအေးလွင်ထံမှ သိရသည်။

"ကျွန်တော်တို့ ရှာလည်းရှာဖွေနေပါတယ်။ ကမ်းနားတစ်လျှောက်မှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေရော၊ သက်ဆိုင်ရာနယ်မြေခံ ရဲတပ်ဖွဲ့၊ တပ်မတော်(ရေ)အဖွဲ့တွေလည်း သတင်းထောက်လှမ်းပြီးတော့ ပိုက်စိပ်တိုက်ရှာနေပါတယ်။ ကျွန်တော်ကတော့ ရေငုပ်အဖွဲ့နဲ့ သင်္ဘောမြုပ်တဲ့နေရာမှာ ဘာကြောင့် မြုပ်ရတယ်ဆိုတာကို အဖြေရှာနေပါတယ်" ဟု ဦးအေးလွင်က

*စာမျက်နှာ ၄ ကော်လံ ၁* ✤



ဆင်ပြောင်ရေယာဉ် နစ်မြုပ်မှုဖြစ်ပွားခဲ့သည့် မာန်အောင်မီးပြတိုက်အနီး ရေပြင်နေရာ။

## ပထဝီဝင် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂၊ ၂၃၊ ၂၄၊ ၂၅ တွင် ဖော်ပြထားပါသည်။

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဖေဖော်ဝါရီ ၂၅ ရက် ပြန်လည်လေ့ကျင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလဆန်းတွင် ယှဉ်ပြိုင်ကစားရမည့် ၂၀၂၀ တိုကျိုအိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲမှ ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ပြီး တစ်ပတ်အနားပေးကာ လာမည့်တနင်္လာနေ့တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဦးဝင်းသူမိုးသည် အိန္ဒိယဖိတ်ခေါ် ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ကစားသမား ၂၀ ကို အခြေခံပြီး ကစားသမားလေးဦး အားဖြည့်ကာ ပဏာမကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် တစ်လကျော်ကျန်ရှိနေပြီး မတ်လတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပခဲ့သည့် Hero Gold Cup အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲတွင် အုပ်စုသုံးပွဲနှင့် ဗိုလ်လုပွဲတစ်ပွဲအပါအဝင် လေးပွဲစလုံးအနိုင်ရကာ ချန်ပီယံဆုရခဲ့ပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် အားအင်တစ်ခုဖြစ်စေခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲတွင် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ-** ဦးတင်မြင့်အောင်၊ **နည်းပြချုပ်-** ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ -** ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ-** ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား -** ဇာဇာမြင့်၊ မေဇင်နွယ်၊ မေသဇင်ထွန်း၊ **နောက်တန်း-** ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း-** ရူပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သန္တာဦး၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း -** ရီရီဦး၊ ဝင်းသီဂီထွန်း၊ လှယဉ်ဝင်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် မြန်မာနှင့် အင်ဒိုနီးရှား တစ်ဂိုးစီသရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၁၉ အာဆီယံ ယူ-၂၂ ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အမျိုးသားဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ ယူ-၂၂ အသင်းနှင့် အင်ဒိုနီးရှား ယူ-၂၂ အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဦးဆောင်ဂိုးရသော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်သောကြောင့် သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာ ယူ-၂၂ အသင်းသည် နည်းပြသစ် ပိုပေါ့ဗ်လက်ထက်တွင် ခြေစွမ်းမှာ အားရစရာမရှိသေးဘဲ လိုအပ်ချက်များရှိနေသေးရာ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် လက်ကျန်နှစ်ပွဲတွင် အပြောင်းအလဲများ ပြုလုပ်ရမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဘုန်းသစ္စာမင်း (ဂိုး)၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ ရဲရင့်အောင်၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- MFF

